

စိတ်ကူးချိုချိုအနုပညာ

ဇန်းမော်တင်အောင်

# ဝတ္ထုတိုပေါင်းချုပ်-၂



mgyoe.com



ဗန်းမော်တင်အောင်

# ဝတ္ထုတိုပေါင်းချုပ်-၂

bmt0006
3300.00 Ks

mgyoe.com

mgyoe.com

ဝတ္ထုတိုပေါင်းချုပ် -၂၊ ဝန်းမော်တင်အောင်
စီစဉ်သူ - မြတ်သက်၊
စာမျက်နှာ ၃၀၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတိုပေါင်းချုပ် - ၂

## ဗန်းမော်တင်အောင်

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

စာရေးဆရာ နိုင်ငံရေးသမား ဗန်းမော်တင်အောင်၏
ဝတ္ထုတိုပေါင်းချုပ်နှင့် မဂ္ဂဇင်းဝတ္ထုရှည်ပေါင်းချုပ်တို့ကို
၂၀၁၁ ခုနှစ်တွင် စိတ်ကူးချိုချိုမှ ထုတ်ဝေနိုင်ခဲ့ပြီး
နှစ်အတော်ကြာ ရပ်တန့်ခဲ့ရာမှ ယခုအခါ ဗန်းမော်တင်အောင်စာစုစာရင်းနှင့်
တိုက်ဆိုင်ရှာဖွေလျက် ဝတ္ထုတိုပေါင်းချုပ်နှင့်မဂ္ဂဇင်းဝတ္ထုရှည်ပေါင်းချုပ်များကို
အမှတ်စဉ်ဖြင့် ဆက်တိုက်ထွက်ရှိနိုင်တော့မည်ဖြစ်ပါသည်။
ယခုစာအုပ်မှာ ဝတ္ထုတိုပေါင်းချုပ် အမှတ် ၂ ဖြစ်ပါသည်။

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဆိုက်ကားသမားနှင့် မုဆိုးမသားအမိ ဤသုံးဦးတို့၏အကြောင်း | ၁ |
| ၂။ | နော်မူဂေး | ၁၃ |
| ၃။ | လူသုံးပစ္စည်း | ၂၂ |
| ၄။ | လိုက်ခဲ့ပါ့ မောင်တို့ရွာ | ၃၂ |
| ၅။ | မိုးမမြင် လေမမြင် | ၃၈ |
| ၆။ | လှတန်ဆောင်နှင့် ကဗျာဆရာ | ၅၈ |
| ၇။ | သက်မေ | ၈၉ |
| ၈။ | ဘဝ | ၁၀၁ |
| ၉။ | ထမင်းတစ်လုတ် | ၁၁၉ |
| ၁၀။ | အဖြူ | ၁၃၂ |
| ၁၁။ | မမထား | ၁၄၈ |
| ၁၂။ | ညိုဝါရွှေ | ၂၁၇ |
| ၁၃။ | မတုံ့ပြန်သော မေတ္တာ | ၂၃၄ |
| ၁၄။ | ဖာသည်မ မိသန်းကြည် | ၂၇၈ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဆိုက်ကားသမားနှင့် မုဆိုးမသားအမိ ဉာသုံးဦးတို့၏ အကြောင်း

[ ၁ ]

နွေခေါင်ခေါင် ပူရလောင်ရနှင့် အိုက်ရ၊ စပ်ရသည့်အထဲ ဖုန်ကထူ၍ ရေကလည်း ရှားလိုက်ချေသေး၏။ ထိုအထဲတွင် ခြင်ကလည်း ဖွဲနှင့်ဆုပ်၍ ပက်နေသည်နှင့် မခြား။ ကိုက်လှခဲလှသည့်အကြားမှပင် ခြင်ထောင်ကိုလည်း မရတတ်ချေ။ မည်ကဲ့သို့ပင်ရှိစေ အပယ်ခံ ဥက္ကလာပသည် ကုလားသေ ကုလားမော အိပ်စက်လျက်ရှိလေပြီ။ တခေါ်ခေါ်နှင့် ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြားမှုပင် ဟောက်လျက်ရှိလေပြီ။

အချိန်မှာ ညကိုးနာရီသာသာခန့် ဖြစ်၏။ တစ်နေ့လုံး ပူထားသဖြင့် လေသည် ငြိမ်လျက်ရှိ၏။

ရန်ကုန်မြို့တွင်း၌မူကား ညသည် လှပတုန်းပင်ဖြစ်၏။ နတုန်းပျိုတုန်းနှင့် အရွယ်ကောင်းတုန်းလည်း ဖြစ်၏။ သွားကြ၊ လာကြ၊ ပျော်ကြ၊ ပါးကြနှင့် စားကြ၊ သောက်ကြတုန်းလည်း ဖြစ်၏။ ည ၉ နာရီခွဲပွဲ ရုပ်ရှင်ကြည့်ရင်း အအေးခတ်ခံသူများ၊ လေဟာပြင် ညဈေးတန်းဘက်တွင် သရေစာ စားကြသူများ၊ အင်းလျားဘက်တွင် မော်တော်ကားနှင့် လေညင်းခံကြသူများနှင့် ကမ်းနားလမ်းဘက်ရှိ မြနန္ဒာတွင် အအေးသောက်ကြသူများ စည်ကားသိုက်မြိုက်လျက်ရှိတုန်း ဖြစ်၏။

mgyoe.com

mgyoe.com


သို့ရာတွင် ရန်ကုန်မြို့တော်၏ အရန်မြို့၊ သို့မဟုတ် နောက်ဆက်တွဲ ဥက္ကလာပမူကား ပူရအိုက်ရနှင့် ခြင်ကိုက်လှသည့် အကြားမှပင် ကုလားသေ ကုလားမောအိပ်လျက် ရှိလေသည်။ တခေါခေါနှင့် ဟောက်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိလေသည်။

[ ၂ ]

အချိန်မှာ ည ၉ နာရီသာသာခန့်ဖြစ်၏။ တစ်နေ့လုံး ပူထားသဖြင့် လေသည် ငြိမ်လျက်ရှိ၏။ မည်ကဲ့သို့ပင်ဖြစ်စေ ဥက္ကလာပ မြို့သူမြို့သားများသည် ယင်းသို့ စောစောစီးစီး အိပ်မောကျနိုင်ဖို့ လိုအပ်သည်။ အရေးလည်း ကြီးသည်။

သင်းတို့တစ်တွေသည် များသောအားဖြင့် တစ်နေ့လုပ်မှ တစ်နေ့စားကြရသူများ ဖြစ်သည်။ အလုပ်နှင့်လက် အပြတ်မခံနိုင်ကြသော မရှိဆင်းရဲသား အလုပ်ကြမ်းသမားများက များသည်။ ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားများ၊ စက်ရုံ အလုပ်ရုံ အလုပ်သမားများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ ဆိုက်ကားသမားများနှင့် နေ့စား အလုပ်ကြမ်းသမားများလည်း ဖြစ်ကြသည်။

သင်းတို့တစ်တွေသည် တစ်နေ့လုံးလုံး နေပူကြီးထဲတွင် ရှိသမျှသော အင်အားများကို ခြစ်ထုတ်၍ အလုပ်လုပ်ကြရသူများ ဖြစ်သည်။ နေကလည်းညှဉ်း၊ အားကလည်း ကုန်လျက်ရှိကြသူများ ဖြစ်သည်။ သင်းတို့တစ်တွေ၏ အသားအရေများသည် ခန်းခြောက်လျက် ကြွက်သားနှင့် အကြောအမျှင်များသည်လည်း ဖွတ်ဖွတ်ကြေလျက် ရှိသည်။

နေပူချစ်ချစ်ကြီးထဲတွင် အလုပ်ရှင်များအား ရောင်းချခဲ့ရသော အားအင်များကို ပြန်လည် ဖြည့်စွက်ပေးနိုင်ရန် လိုအပ်သော အာဟာရနှင့် ဆေးဝါးများကို သူတို့တစ်တွေသည် မတတ်နိုင်ကြချေ။ မသေရုံတစ်မည်မျှသော လုပ်ခကလေးများနှင့် မသေထမင်း၊ မသေဟင်းကလေးများလောက်ကိုသာ အလျဉ်မပြတ်အောင် စားသောက်နေကြရသည်။ အသက်ရှင်နေကြရသည်။

mgyoe.com

mgyoe.com


အသက်မွေးလောက်သော အာဟာရကိုမျှ သင်းတို့ကိုယ်ကိုမှ သင်းတို့ မကျွေးမွေးနိုင်ကြသောအခါ ဝဝလင်လင် အိပ်စက်ခြင်းပြုဖို့မှ တစ်ပါး ယင်းနောက်ပိတ် ခွေးများအတွက် အခြား ကိုးကွယ်ရာမရှိတော့ချေ။ နောက်တစ်နေ့တာ အသက်ရှင်ဖို့ အရေးအတွက် သူတို့ ဖြစ်သည့်နည်းနှင့် အိပ်စက်နိုင်ဖို့ လိုသည်။ ပူလှလောင်လှသည့်အထဲ ဖွဲနှင့်ဆုပ်၍ ပက်နေသည်နှင့်မခြား၊ ခြင်ကိုက်နေသည့်အကြားမှ ခြင်ထောင်မရှိဘဲနှင့်လည်း သင်းတို့တစ်တွေသည် ကုလားသေ၊ ကုလားမော အိပ်စက်လျက်ရှိကြသည်။ တခေါ်ခေါ်နှင့် ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြားမျှပင် ဟောက်လျက်ရှိကြသည်။

[ ၃ ]

အမှတ်(၂) မော်တော်ယာဉ်လိုင်း၏ ဂိတ်ဆုံးဖြစ်သော ဥက္ကလာ၏ အစွန်ပိုင်းရပ်ကွက်သည် ပူလောင်ခြင်း၊ အိုက်စပ်ခြင်းနှင့် ခြင်ကိုက်ခြင်းများအားလုံး ပေါင်းစည်းထားသော ည၏ အမှောင်ထုဝယ် နစ်မွန်းမိန်းမောနေဟန်ရှိသည်။ တဲပုတ်နှင့် အိမ်ငယ်များအားလုံးပင် မီးများငြိမ်းသတ်ကာ ငြိမ်သက်လျက်ရှိသည်။ သို့ရာတွင် ကွင်း၏အစပ်ဘက်တွင် ဖြစ်ကတတ်ဆန်းနှင့် လူနေ၍ဖြစ်ရုံမျှ ဆောက်လုပ်ထားရဟန်ရှိသော တဲငယ်တစ်ခု အတွင်း၌ကား မကြာခဏ တဟွပ်ဟွပ် ချောင်းဆိုးသံကို ကြားရသည်။ ချောင်းသံမှာ အအေးမိသော ချောင်းနှင့်မတူဘဲ မီးယပ်ချောင်းနှင့်တူသည်။

အသက်ရှူ မှားတော့မလောက် တဟွပ်ဟွပ်ချောင်းဆိုးလိုက်ရပြီးသောအခါတိုင်း မရင်သည် တစ်ခါတည်းပင် အသက်ထွက်ရမည်လောက် မောဲ၍မော၍ သွားလေသည်။ "ငါ့နှယ်နော်... တစ်ခါတည်း အသက်ပါသွားရင် ဘယ်လောက်ကောင်းလိုက်မလဲ"ဟုလည်း ညည်းညူလေသည်။

မရင်အဖို့ အသက်ရှင်နေရခြင်းသည်ပင် ကြီးမားလှသော ဝဋ်ဒုက္ခတစ်ခုကဲ့သို့ ဖြစ်လေသည်။ ဆေးရုံတက်ဖို့နှင့် ဆေးကုဖို့ကား ထားဘိဦး၊ မသေရုံ စားရဖို့အရေးနှင့် ဖြောင့်ဖြောင့်ကလေးအိပ်နိုင်ဖို့ အရေးများပင် ခပ်ကျပ်ကျပ် ဖြစ်နေသည်။

mgyoe.com

အနည်းငယ် အမောပြေသွားသလိုရှိသောအခါ မရင်သည် ၎င်း၏ဖျာဘေးတွင် အဆင်သင့်ထားရှိသော ကွမ်းရွက်နှင့် ဆားကို လှမ်းယူကာ ငုံလိုက်ရသည်။ မရင်၏ဆေးကား ဒါပဲ ဖြစ်လေသည်။

ကွမ်းနှင့် ဆားရည်များ လည်ချောင်းထဲသို့ ဆင်းသွားသဖြင့် အနည်းငယ်သက်သာ ခံသာသလိုရှိသည်။ ယင်းသို့ သက်သာခံသာတုန်း အချိန်ကလေး မရင်သည် ဆိုက်ကားအနင်းထွက်နေသော လင်လုပ်သူနှင့် သူ့ပထွေးနှင့် စကားများ ရန်ဖြစ်ပြီးနောက် အိမ်မှထွက်သွားသည်မှာ သုံးရက်မျှရှိပြီဖြစ်သော သားလုပ်သူကို လှမ်း၍မျှော်ရပြန်သည်။ သားနှင့် လင် သို့မဟုတ် သခင်နှင့် ဘုရားတို့ကို မျှော်ရတိုင်း မရင်သည် မောလာရပြန်သည်။ အဘယ်ကြောင့်ဆိုသော် ဤပထွေးနှင့် ၎င်း၏ မယားပါသားတို့သည် တစ်ယောက်နှင့်တစ်ယောက် မတည့်ကြသောကြောင့် ဖြစ်လေသည်။

မယားပါသားနှင့် ပထွေးတို့သည် တည့်ခဲလှသည်။ ထိုအကြောင်းကို မသိ၍သော် လည်းကောင်း၊ မစဉ်းစားမိဘဲသော်လည်းကောင်း မရင်သည် နောက်အိမ်ထောင် ပြုခဲ့ခြင်းတော့ကား မဟုတ်ချေ။ သိလျက် စဉ်းစားမိလျက်အကြားမှ မည်ကဲ့သို့မျှ မတတ်နိုင်၍ နောက်လင်ယူလိုက်ရခြင်း ဖြစ်လေသည်။

မရင်၏ ပထမ လင်ကြီးမှာ လက်သမားဖြစ်လေသည်။ လွတ်လပ်ရေး မရမီကလေးက အိမ်ထောင်ကျပြီးနောက် ဦးဝိစာရကွက်သစ်တွင် ကွက်နြေရရကလေး နေနိုင်ခဲ့ကြသည်။ ပထမ လင်ကြီးနှင့် မရင်သည် ဆယ်နှစ်ခန့်မျှ ပေါင်းသင်းရသည်။ သားတစ်ယောက် ရသည်။ ထိုသားကလေး ကိုးနှစ်သားခန့်တွင် လက်သမားဆရာသည် တိုက်အပေါ်ထပ်မှ လိမ့်ကျ၍ သေဆုံးသွားလေသည်။ မရင် မုဆိုးမဖြစ်ရသောအခါ အသက်သုံးဆယ်မျှပင် မရှိတတ်သေးချေ။

လက်သမားဆရာသည် မရင်တို့ သားအမိအတွက် ဘာပစ္စည်းမျှ ချန်မထားခဲ့ချေ။ ထို့ကြောင့် မုဆိုးမဖြစ်ရလျှင် ဖြစ်ရချင်း မရင်သည် ဆေးပေါ့လိပ် အလိပ်သင်ရသည်။ တော်တော်ကလေး ဟန်လာသော

mgyoe.com

mgyoe.com

အခါ ဆေးလိပ်ခုံတစ်ခု၌ အလုပ်ဆင်းရလေသည်။

ဆေးလိပ်လိပ်ရသောအလုပ်သည် အတော်အညောင်းခံရသော အလုပ်ဖြစ်လေသည်။ သို့ရာတွင် တစ်နေ့လျှင် သုံးလေးကျပ်ထက်တော့ ပို၍ မဝင်ချေ။

မုဆိုးမ မရင်သည် ၎င်း၏သားကလေးကို ကျောင်းဆက်၍ မထားနိုင်သဖြင့် သည်အတိုင်း ပစ်ထားရလေသည်။ လူကြီးမိဘနှင့် ဆရာသမားများက ကွပ်ညှပ်ထိန်းသိမ်း၍ ပညာသင်ပေးရမည့် အသက်အရွယ်တွင် သာအေးသည် အထိန်းအကွပ်မရှိဘဲ ပစ်အထားခံရသောအခါ လူဘော်လူကြော့ကလေး ဖြစ်လာသည်။ လူလေကလေး ဖြစ်လာသည်။ မိခင်လုပ်သူ အလုပ်ဆင်းနေခိုက် တစ်နေ့လုံး သွားချင်ရာသွား၊ လည်ချင်ရာလည်သည်။ တစ်ခါတစ်ရံ ညသန်းခေါင်သန်းလွဲမှပင် အိမ်သို့ပြန်သည်။

မရင်သည် ၎င်း၏သားကလေးကို ကိုးနှစ်သားအရွယ်လောက်မှ အစပြုကာ တစ်စထက်တစ်စ လက်လွှတ်လာရသည်။ ထို့ကြောင့် သာအေးသည် ပို၍ပို၍ ပျက်စီးလာသည်။ တစ်ခါတစ်ရံ မိခင်၏ အလစ်တွင် ခြေစောင့်လက်စောင့်ထားသော ငွေစကလေး ငါးကျပ်၊ တစ်ဆယ်ကိုပင် ခိုးယူကာ အိမ်သို့ သုံးလေးရက်မပြန်ဘဲ နေတတ်သည်။ ထိုအခါများ၌ မရင်သည် သားလုပ်သူအတွက် ပူပန်ကာ အိပ်စက်မပျော်နိုင်ဘဲ ဖြစ်ရပြန်သည်။ သာအေးသည် မုဆိုးမ မိခင်ကို မသနား၊ မညှာတာ၊ များစွာ ဒုက္ခပေးသော သူငယ်တစ်ယောက် ဖြစ်သည်။

[ ၄ ]

မဟာရန်ကုန် စီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် ဦးဝိစာရကွက်သစ်ကို ဖျက်သိမ်း ရှင်းလင်းကြသောအခါ မရင်သည် နေစရာမရှိဆိုသောစကားလို ဖြစ်ရလေသည်။ ထို့ကြောင့် မိမိတို့နှင့် တစ်စန်းစီငှား၍ နေထိုင်ကြသော ဆိုက်ကားနင်းစားသူ ဦးထွန်းခင်–ဒေါ်လှတို့ လင်မယားနှင့် ကပ်ရပ်ကာ ဥက္ကလာပသို့ ပါလာရသည်။

ဦးထွန်းခင်သည် ကိုယ်ပိုင်ဆိုက်ကားနင်းသူ ဖြစ်သည်။ သားသမီး

mgyoe.com

mgyoe.com

တစ်ယောက်မျှလည်း မထွန်းကားသောကြောင့် ချောင်ချောင်လည်လည် ရှိသည်။ ထို့ကြောင့် ဥက္ကလာပတွင်ရသော မြေကွက်တွင် တဲတစ်လုံး ဆောက်နိုင်လေသည်။

မရင်တို့ သားအမိသည် ဥက္ကလာပသို့ ဦးထွန်းခင်တို့ လင်မယားနှင့်ကပ်လျက် လိုက်ပါလာပြီးနောက် လေးငါးလခန့်အကြာတွင် ဒေါ်လှတင် ဆုံးလေသည်။ ဒေါ်လှတင်ကို သင်္ဂြိုဟ်ဖို့ရန်အတွက် ငွေပိုမရှိသဖြင့် ဦးထွန်းခင်သည် ၎င်း၏ ဆိုက်ကားကို ရောင်းချထုခွဲလိုက် ရလေသည်။ ကိုယ်ပိုင်ဆိုက်ကားဘဝမှ အငှားဆိုက်ကားနင်းသမား ဖြစ်လာရသည်။

ယင်းသို့ မုဆိုးဖိုနှင့် မုဆိုးမ ဖြစ်လာကြသော ဦးထွန်းခင်နှင့် မရင်တို့သည် တဲတစ်လုံးအတွင်း အတူနေထိုင်ကာ ကိုယ့်အလုပ်ကိုယ် လုပ်ကိုင်ကြသည်။ ဦးထွန်းခင်က ဆိုက်ကားနင်းသည်။ မရင်က ဆေးလိပ်ခုံအလုပ်ဆင်းသည်။ ကြားက လွတ်နေသော သာအေးကတော့မူ အရင်အတိုင်းပင် ဖြစ်သည်။

နှစ်အတန်ကြာမျှ အတူတကွ နေထိုင်လာကြသူချင်းဖြစ်၍ မရင်သည် မယားမရှိသော ဦးထွန်းခင်နှင့်အတူ နေထိုင်ရခြင်းကို ဘာမျှ အထွေအထူး မစဉ်းစားမိချေ။ ၎င်းအပြင် ဦးထွန်းခင်သည် အသက်ငါးဆယ်နီးပါးခန့်အရွယ်ဖြစ်၍ မရင်သည် ၎င်းထက် အသက် ၁၅ နှစ်သာသာမျှ ကြီးသော ထိုမုဆိုးဖိုကြီးကို ဦးလေးသားချင်းကဲ့သို့ သဘောထားလေသည်။ ထမင်းဟင်းများ ချက်ပြုတ်ကျွေးမွေးရုံမက ၎င်း၏အဝတ်အစားများကိုပင် လျှော်ဖွပ်ပေးခဲ့သည်။

ဖွဲတစ်ဆုပ်ကိုနိုင်သော ယောကျာ်းများသည် သားစိတ်၊ မယားစိတ် ရှိတတ်ကြသည်ဆိုသောစကားကို မရင်သည် အမှတ်မဲ့ သဘောထားခဲ့သည်။ ၎င်းအပြင် ဦးထွန်းခင်သည် ဆိုက်ကားနင်းစားနိုင်လောက်အောင် ကျန်းမာသန်စွမ်းသော လူကြီးတစ်ယောက်လည်း ဖြစ်သည်မဟုတ်သလော။

သာအေးသည် တစ်ညသောအခါ မရင် ဝှက်ထားသော ခြေစောင့်လက်စောင့် ငွေစကလေးများထဲမှ ငါးကျပ်တန်တစ်ရွက်ကို ခိုးယူကာ အိမ်မှ

mgyoe.com

mgyoe.com


ထွက်ပြေးသွားလေသည်။ သူသည် လေးငါးရက်ကြာမျှ နေအိမ်သို့ ပြန်မလာချေ။ ယင်းသို့ သာအေးကလည်းမရှိ၊ နှစ်ယောက်တည်း အိပ်စက်ခြင်းပြုရသော ညတစ်ညဌ် ဦးထွန်းခင်သည် ရဲဆေးတင်ရန် အရက်များသောက်စားလာပြီးနောက် မရင်၏ ခြင်ထောင်အတွင်းသို့ အတင်းအဓမ္မဝင်အိပ်စက်လေသည်။

မရင်က မသင့်လျော်သည့်အကြောင်းကို တိုးတိုးတိတ်တိတ်တောင်းပန်လေသည်။ သို့ရာတွင် မူးရူးနေသော ဦးထွန်းခင်သည် အကြမ်းဖက်လေတော့သည်။ "ငါ မနေနိုင်တော့လို့ပါ မယ်ရင်ရယ်" မူးမူးနှင့်ထိုကဲ့သို့ ပြောဆိုလေသည်။

[ ၅ ]

သာအေးနှင့်တကွ အိမ်နီးနားချင်းများ မရိပ်မိရအောင် မရင်နှင့်ဦးထွန်းခင်တို့သည် ထိုကဲ့သို့ အခြေမပျက် ပိပိရိရိနှင့် တစ်နှစ်ခန့်မျှ တိတ်တိတ်ပုန်း ဆက်ဆံနေထိုင်ခဲ့ကြသည်။ သို့ရာတွင် ထိုအမှုမျိုးသည် ကြာရှည်လေးမြင့် ဖုံးကွယ်ထား၍ ရနိုင်ကောင်းသောအမှုကား မဟုတ်ချေ။ တစ်စထက်တစ်စ ဘေးလူများ သိလာကြသည်။ ထို့ကြောင့် မထူးတော့ပြီဖြစ်၍ အတိအလင်း နေထိုင်ခြင်း ပြုလိုက်ကြသည်။

သာအေးသည် သိတတ်စပြုလာပြီဖြစ်သော အသက်အရွယ်သို့ ရောက်ရှိလာပြီဖြစ်သဖြင့် ဦးထွန်းခင်ကဲ့သို့ လူကြီးတစ်ယောက်အား သူ့အမေက လင်လုပ်နေခြင်းကို အနည်းငယ်မျှ သဘောမကျချေ။ ရှက်လေသည်။ သို့ရာတွင် အမေနှင့် ပထွေးတို့နှင့် ကင်း၍လည်း မနေနိုင်ပြန်ချေ။

သာအေးက ၎င်းအား သူ့အမေနှင့် အနည်းငယ်မျှ သဘောမတူခြင်းကို ဦးထွန်းခင် သိလေသည်။ ထို့ကြောင့် သာအေးကို ကျေနပ်အောင် အမျိုးမျိုး ချော့မော့နှစ်သိမ့်ကြည့်သည်။ ထိုသို့ နှစ်သိမ့်ချော့မော့ခြင်း ပြုလေလေ သာအေးသည် ပိုဆိုးလေလေဖြစ်သည်။ ရှက်သည်။

မရင်သည် နောက် လင်နှင့် သားတို့၏အကြားဝယ် စိတ်ပင်ပန်းဆင်းရဲရလေသည်။ လင်ကိုတစ်မျိုး၊ သားကိုတစ်မျိုး လှည့်ပတ်နှစ်သိမ့်

mgyoe.com

mgyoe.com

ရသည်။

"အမေကလည်း လင်ရှားလိုက်တာဗျာ"ဟု သာအေး၏ နှိမ်နင်းပြောဆိုခြင်းကို ခံရသည်။

"မယ်ရင် မင့်သားကလေးကို ကြည့်ပြောဦးနော်။ တော်တော် ကြာငါ လူသတ်မှု ဖြစ်နေလိမ့်မယ်"ဟု ဦးထွန်းခင်ကလည်း ခြိမ်းခြောက် ပြောဆိုလေသည်။

လင်နှင့်သား၊ သို့မဟုတ် ဘုရားနှင့်သခင် နှစ်ဦးတို့၏အကြားဝယ် မရင်သည် ကြီးစွာသော စိတ်ဆင်းရဲပင်ပန်းခြင်း ဖြစ်ခဲ့ရသည်။

[ ၆ ]

ဦးထွန်းခင်သည် အသက်ငါးဆယ်မျှ ရှိပြီဖြစ်သော်လည်း ကျန်းမာ သန်စွမ်းတုန်း ဖြစ်သည်။ မရင်ကလည်း ငယ်ရွယ်သူဖြစ်သည်။ ထို့ကြောင့် နှစ်နှစ်ခန့်အကြာတွင် ကိုယ်ဝန်ရှိလာသည်။ သို့ရာတွင် ဆေးလိပ်ခုံတွင် အညောင်းထိုင်ရသော မရင်၏ ကိုယ်ဝန်သည် မခိုင်ခဲ့ချေ။ ခုနစ်လနှင့် သားဖွားပြီးနောက် ကလေးလည်းဆုံး၊ လူကြီးမှာလည်း မီးယပ်ရောဂါ စွဲကပ်ကာ ဆေးလိပ်ခုံကိုဆင်းဖို့ နေနေသာသာ ထမင်းဟင်းကိုမျှပင် မချက်ပြုတ်နိုင်တော့ချေ။ လင်ကိုလည်း ယခင်ကလို မပြုစုနိုင်တော့ချေ။

မရင်သည် လင်လုပ်သူကို ယခင်ကလို မပြုစုနိုင်သောအခါ ဦးထွန်းခင်သည် သုန်သုန်မှုန်မှုန်နှင့် မကျေမနပ် ဖြစ်လာသည်။ အိမ်တွင်ပင် ထမင်းမစားတော့ချေ။ သူ့ဘာသာသူ ဆိုင်တွင် ဝယ်စားလေသည်။ မရင်တို့ သားအမိကိုလည်း တစ်နေ့ကို နှစ်ကျပ်ပေးသည့်အခါ ပေး၊ တစ်ကျပ်ခွဲ ပေးသည့်အခါ ပေးတော့သည်။

တစ်နေ့လျှင် တစ်ကျပ်ခွဲ၊ နှစ်ကျပ်ခန့်ငွေနှင့် မရင်သည် အဘယ်သို့ စားသောက်၍ ၎င်း၏ကိုယ်ကိုလည်း ဆေးကုနိုင်ပါ့မည်နည်း။ ကိုယ်တိုင်လည်း မချက်ပြုတ်နိုင်သဖြင့် သာအေး အိမ်တွင်ရှိသောနေ့များတွင် ဆိုင်ထမင်း၊ ဆိုင်ဟင်းများကို အဝယ်ခိုင်းရသည်။ သာအေး မရှိသောအခါများတွင် တဲနီးချင်းကလေးများကို အဝယ်ခိုင်းရသည်။

mgyoe.com

mgyoe.com


လွန်ခဲ့သော သုံးလေးရက်ခန့်က ယခင်ကလို တစ်အိပ်ရာတည်းတွင် အတူအိပ်စက်ခြင်း မပြုရတော့သဖြင့် မယားဖြစ်သူကိုပင် မကျေမနပ်နှင့် ရန်လုပ်နေသော ဦးထွန်းခင်သည် သာအေးကို ရန်လုပ်လေသည်။ သာအေးသည် သူ့ပထွေး အိမ်တွင်မရှိခိုက် သူ့အမေချန်ထားသော မနက်စာကို စားနေဆဲဖြစ်သည်။

"ဟေ့ကောင်ကလေး...မင်းက အချိန်တန်ရင် အခန့်သား ဝင်ဝင်ပြီး စားနေတယ်ပေါ့လေ"

ဦးထွန်းခင်သည် ဘူးသီးငါးပေါင်းကြော်နှင့် ထမင်းငုံ့၍ စားနေသော သာအေးကို အော်ငေါက်၍ မေးလိုက်သည်။

သာအေးသည် ထမင်းနင်၍သွားလေသည်။ ထို့ကြောင့် ဘာမျှပြန်မပြောဘဲ ရေတစ်ခွက်ကို လှမ်းယူ၍ သောက်နေသည်။

"ဟေ့...ကောင်ကလေး၊ ငါမေးနေတာ မကြားဘူးလား"

သာအေးသည် ဘာမျှ ပြန်မပြောချေ။ ထမင်းကိုလည်း ဆက်မစားတော့ချေ။

"ဒီအိမ်မှာ မင့်အမေလုပ်စာ မရှိဘူးဆိုတာ သိရဲ့လားကွ"

သာအေးသည် ဦးထွန်းခင်ကို စိမ်းစိမ်းဝါးဝါး ကြည့်ရှုလျက် ရှိရာမှ "ကျုပ်အမေကို ခင်ဗျား အိပ်နေလို့ ကျုပ် စားတာပေါ့ဗျ"ဟု ပြန်လည်ပြောလိုက်သည်။

"ဘာ...မင့်အမေ အိပ်ခတဲ့လား"

"ဟုတ်တယ်၊ ကျုပ်အမေ အိပ်ခရှိလို့ ကျုပ် စားတယ်။ ဘာပြုသလဲ"

"မင့်အမေ အိပ်ခရှိတယ်၊ မရှိဘူးဆိုတာ မင့်အမေများ တိုးတိုးတိတ်တိတ် မေးကြည့်စမ်းပါဦး သာအေးရယ်"

သာအေးသည် တဲအတွင်းမှ ထွက်ပြေးသွားလေသည်။ ထိုသူငယ်သည် အရှက်ကြီးသွားသဖြင့် အိမ်သို့ ပြန်မလာတော့ချေ။ သုံးလေးရက်မျှပင် ရှိသွားလေပြီ။

mgyoe.com

mgyoe.com


[ ၇ ]

မရင်သည် ညကိုးနာရီကျော်သွားပြီဖြစ်သဖြင့် ဆိုက်ကားဖြုတ်၍ အိမ်သို့ ပြန်လာမည့်လင်ကို မျှော်ရသလို၊ အိမ်သို့ ပြန်မလာသည်မှာ သုံးလေးရက်မျှ ရှိသွားပြီဖြစ်သော သာအေးအတွက်ပါ စိတ်ပူနေရသည်။ လင်ပြန်လာမှ ညစာအတွက် တစ်ခုခုကို မရင်သည် စားရမည်ဖြစ်သည်။ ထို့အတူ သာအေး ပြန်လာမှလည်း သားအတွက် စိတ်အေးရမည် ဖြစ်သည်။

အမှတ်(၂) မော်တော်ယာဉ်လိုင်း၏ ဂိတ်ဆုံးဖြစ်သော ဥက္ကလာပ၏အစွန်ပိုင်း ရပ်ကွက်သည် ပူလောင်ခြင်း၊ အိုက်စပ်ခြင်းနှင့် ခြင်ကိုက်ခြင်းများ အားလုံး ပေါင်းစည်းထားသော ည၏ အမှောင်ထုဝယ် နစ်မွန်းမိန်းမောနေသည်။ တဲပျက်နှင့် အိမ်ငယ်များအားလုံးပင် မီးများငြိမ်းသတ်ကာ ငြိမ်သက်လျက် ရှိကြသည်။ သို့ရာတွင် မရင်တစ်ယောက်သည် မီးယပ်ချောင်း တဟွပ်ဟွပ်ဆိုးရင်း လင်လုပ်သူနှင့် ၎င်း၏မယားပါသားတို့ကို စောင့်မျှော်လျက် ရှိလေသည်။

ယင်းသို့ မရင် စောင့်မျှော်နေခိုက် သာအေးသည် ငတ်မွတ် ဆာလောင်၍ အိမ်သို့ ပြန်အိပ်ရန် တဲနှင့် မလှမ်းမကမ်း တစ်နေရာမှ ချောင်းကာ အခြေအနေကို စောင့်ကြည့်နေသည်။ သူ၏ပထွေး ဦးထွန်းခင် တဲအတွင်း၌ ရှိမရှိကို သူသည် နားစွင့်လျက်ရှိသည်။ ပထွေးလုပ်သူ တဲအတွင်း၌ရှိနေလျှင် သူသည် ပြန်လည် ဆုတ်ခွာရန် ဖြစ်သည်။ မရှိလျှင်တော့ တဲအတွင်းသို့ ဝင်ကာ သူ့အမေ ချန်ထားတတ်သော ထမင်းဟင်းကို စားလျှင်လည်း စားရ၊ မစားရလျှင်လည်း ပိုက်ဆံ တစ်မတ်၊ ငါးမူးလောက်တောင်းကာ ပြန်ထွက်လာဖို့ ဖြစ်သည်။

သူ့အမေ ချောင်းဆိုးသံကိုသာ ကြားရပြီး စကားပြောသံဆိုသံများ မကြားရသဖြင့် သာအေးသည် အနည်းငယ် ရဲတင်းအားတက်လာပြီးလျှင် သူတို့တဲအနီးသို့ ခပ်သုတ်သုတ်လေးပြေး၍ ကပ်လိုက်သည်။ ယင်းသို့ အကပ်လိုက်တွင် ဦးထွန်းခင်၏ ဆိုက်ကားသည် ဖြုန်းခနဲ ရောက်ရှိလာလေသည်။

ဦးထွန်းခင်သည် ဆိုက်ကားကို ပြန်မအပ်သေးဘဲ ညပိုင်းပါ

mgyoe.com

mgyoe.com


ဆက်ဆင်းမည့်ပုံ ပေါ်သည်။ သူ၏လက်ထဲတွင်လည်း အထုပ်ကလေး တစ်ထုပ်ပါလာသည်။ သူ့မယား မရင်စားဖို့ စားစရာတစ်ခုခု ဝယ်လာ ဟန်တူသည်။

သာအေးသည် တဲနောက်ဖေးဘက်သို့ ပြေးကပ်လိုက်သည်။ ထို့နောက် ချုံစပ်တစ်ခုအနီးတွင် ပုနေလေသည်။

"မယ်ရင်...နင် အိပ်နေပြီလား" ဦးထွန်းခင်သည် တဲအတွင်းသို့ ဝင်လာရင်း မေးလိုက်သည်။

"မအိပ်သေးပါဘူး"

"ရော့...ငါ ခေါက်ဆွဲကြော် ဝယ်လာတယ်၊ ခပ်သုတ်သုတ်ကလေး စားလိုက်စမ်း" ခေါက်ဆွဲထုပ်ကို လှမ်းပေးရင်း ဦးထွန်းခင်သည် တစ်စုံ တစ်ရာ အရေးအခင်းရှိသလို ခပ်သုတ်သုတ်ကလေးပင် အစားခိုင်းလေ သည်။

ယနေ့မှ ဘာစိတ်ဘာလက်ပေါက်၍ မဝယ်စဖူး ဝယ်လာပေးသော ခေါက်ဆွဲထုပ်ကို လှမ်းယူရင်း မရင်က "ဖြည်းဖြည်းပဲ စားပါရစေ ကိုထွန်း ခင်ရယ်"ဟု အနည်းငယ်ပြုံး၍ ပြောဆိုလိုက်သည်။

"ကနေ့ညတော့ ငါ မနေနိုင်တော့လို့ပါ မယ်ရင်၊ ခပ်သုတ်သုတ် ကလေး စားလိုက်စမ်းပါ" ဦးထွန်းခင်သည် မှုမမှန်သော လေသံဖြင့် ပြောဆို လိုက်လေသည်။

"ရောဂါကြီးတစ်ဖက်နဲ့ ဖြစ်မတဲ့လား ကိုထွန်းခင်ရယ်၊ တော့် ဟာတော်လည်း စဉ်းစားစမ်းပါဦး"

"ငါ့ကို ဆရာမလုပ်ပါနဲ့ မယ်ရင်၊ ငါ အစားခိုင်းတာ ဘာပဲဖြစ်ဖြစ် စားစမ်း"

"တော်က ကျုပ်ကို ဒုက္ခပေးဦးမလို့လား" မရင်က အလန့်တကြား ပြန်ပြောလိုက်သည်။

"သိပ်လျှာမရှည်နေစမ်းနဲ့ မယ်ရင်၊ နင့်ကိုငါ ဒါလောက် အပင် ပန်းခံပြီး လုပ်ကိုင်ကျွေးမွေးနေတာဟာ ဒါနပြုနေတယ်များ အောက်မေ့ နေလို့လား"

mgyoe.com

mgyoe.com


"ရှင် ဘယ်လိုပြောလိုက်တာလဲ ကိုထွန်းခင်"

"ဘာလဲ မယ်ရင်၊ နင် ငါနဲ့ အတူမအိပ်ချင်လို့ နင့်ရောဂါကို အကြောင်းပြနေတာလား" ဦးထွန်းခင်၏အသံသည် ပေါက်ကွဲ၍ မာကျော ပြင်းထန်လာသည်။

မရင်သည် များစွာ ခံပြင်းလာဟန်ရှိလေသည်။ ထို့ကြောင့် "ရှင်ဟာ တိရစ္ဆာန်နဲ့ ဘာထူးသေးသလဲ"ဟု အော်ငေါက်၍ ပြောလိုက်သည်။

ဦးထွန်းခင်သည် မရင် လက်ဝယ်မှ ခေါက်ဆွဲထုပ်ကို ဆတ်ခနဲ ပြန်ယူလိုက်သည်။ မရင်သည် တရှုံ့ရှုံ့ ငိုလေသည်။

"နင့်ကို ကျွေးထားမွေးထားတဲ့ အကြားကမှ အကပ်မခံချင်ရင် အကပ်ခံတဲ့မိန်းမ တစ်ယောက်ယောက်ကို သွားပြီး ကျွေးရုံမွေးရုံပေါ့ ဟယ်" ဦးထွန်းခင်သည် ဒေါသနှင့် ပြောဆိုပြီးနောက် ခေါက်ဆွဲထုပ်ကလေးကို လက်မှဆွဲကာ တဲအပြင်သို့ ဆောင့်အောင့်၍ ထွက်သွားလေသည်။ တဲအပြင် သို့ ရောက်သောအခါ တောက်တစ်ချက်မျှ ခေါက်ရင်း "ကျွေးနိုင်မွေးနိုင်ရင် မိန်းမတွေ ပေါလွန်းလို့"ဟူ၍လည်း မရင် ကြားလောက်အောင် အော်ကြီး ဟစ်ကျယ် ပြောဆိုလိုက်သေးသည်။ သို့ရာတွင် ထိုညအဖို့ ကျွေးမွေးအိပ် စက်ခြင်းပြုနိုင်သော မိန်းမတစ်ယောက်ကို လိုက်၍ ရှာဖွေကျွေးမွေးခွင့်နှင့် အတူ အိပ်စက်ခွင့်များကို မရလိုက်တော့ချေ။ အဘယ်ကြောင့်ဆိုသော် ဆိုက်ကားပေါ်သို့ ဦးထွန်းခင် ပြန်အတက်တွင် လမ်းဘေးချုံစပ်အတွင်း၌ ပုန်းအောင်းချောင်းမြောင်းနေသော ၎င်း၏မယားပါသားကလေးက တစ် ပိဿာခန့်မျှရှိသော အုတ်ခဲကျိုးတစ်လုံးနှင့် ၎င်း၏ဦးခေါင်းကို တအား ထုပြီးနောက် မှောင်ကြီးထဲတွင် ပြေးလွှားပျောက်ကွယ်သွားသောကြောင့် ဖြစ်လေသတည်း။

●

mgyoe.com

mgyoe.com

# နော်မူဂေး

(ကရင်နှင့်ဗမာ ချစ်ခင်လေးမြတ်စွာ စည်းလုံးညီညွတ်ပါစေသတည်း။ စာရေးသူ)

[ ၁ ]

ပေါင်းလောင်း၏ ရေအလျဉ်သည် ချမ်းမြေ့ငြိမ်သက်စွာ စီးဆင်းနေလေသည်။ အမှတ်မထင်စီးဆင်းနေသော ရေအပြင်ပေါ်ဝယ် ဆည်းဆာချမ်း၏ ရွှေဝါရောင်တို့သည် ကျဆင်း၍နေကြသည်။ တစ်ဖက်ကမ်းသစ်အုပ်၊ ဝါးအုပ်များအကြားရှိ ကရင်ရွာကလေးမှာ လူသူမြို့ရွာနှင့်ကင်းဝေးကာ ဘာသိဘာသာ ငြိမ်သက်စွာ ရပ်နေလေသည်။ တစ်ချက်တစ်ချက်တွင် ပျင်းရိလေးကန်စွာ တွန်မြည်လိုက်သော ကြက်တွန်သံနှင့်ခွေးဟောင်သံတို့သာလျှင် ရွာကလေးဆီမှ မသဲမကွဲ ပြန့်လွင့်၍ ထွက်ပေါ်လာလေသည်။

ချောင်းကမ်းပါးရှိ မိုးမခပင်အောက်ဝယ် ခြေပစ်လက်ပစ်ထိုင်ရင်းကိုတင်ဦးသည် ငြိမ်သက်ခြင်းနှင့် မိတ်ဖွဲ့ရန် ကြိုးစားအားထုတ်နေလေသည်။ ငြိမ်သက်ခြင်းများသည် သူ၏ နောက်ကျိသောစိတ်ဓာတ်သို့ ကူးစက်၍ မလာနိုင်ကြသေးချေ။ မိနစ်ပေါင်း တစ်ရာငါးဆယ်ကျော်ခန့် ကြာမြင့်သည်တိုင်အောင် သူသည် စိတ်ရှည်စွာ ထိုင်လေသည်။ သူ၏စိတ်ဓာတ်မငြိမ်မသက် ဖြစ်နေသည်မှာ ကြာပြီ။

mgyoe.com

mgyoe.com


လေချိုအေးသည် ရဲတင်းစွာ ရမ်းကားစွာ ရမ်းကား ဆော့ကစားလာလေသည်။ သူနှင့်အတူ သာယာသော တေးသံကလေးကိုပါ ခေါ်ဆောင်၍လည်း ယူလာခဲ့လေသည်။ အစိုးရိမ် အကြောင့်ကြကင်းမဲ့သဖြင့် လွတ်လပ်ကြည်လင်သော နှလုံးမှ ရွှင်မြူးစွာ ထွက်ပေါ်လာသော တေးသံမှာ ကြားရသူအဖို့ သာယာချိုမြိန်စေတော့သည်။

ကိုတင်ဦးသည် ပြာလဲ့နေသော မိုးကောင်းကင်ကို ငေးမော၍ ကြည့်နေရာမှ လှုပ်ရှားစပြုလာလေ၏။ ချိုတေးသံသည် သူ၏ခြောက်သွေ့သောစိတ်၏ လဟာပြင်သို့ ကြည်လင်အေးမြသော စမ်းရေအလျဉ်ကို တသွင်သွင် စီးဆင်းစေလေသည်။ တေးသံမှာ မသဲမကွဲ ကြားရသော်လည်း မြန်မာ့တေး မဟုတ်မှန်း သိသာလေသည်။ ကိုတင်ဦးသည် ငေးစိုက်၍ တေးသံကို နားစွင့်ထောင်မိလေသည်။ တေးသံမှာ ကရဏာသံ ပါလေသည်။

သီဆိုလိုက်သောတေးမှာ ကရင်လူမျိုးတို့၏ ဟောင်းနွမ်းအိုးမင်းခဲ့ပြီဖြစ်သော အနာဂတ်ရာဇဝင်၌သာ အကြုံးဝင်လေသည်။ ကိုတင်ဦးသည် ကရင်တေးအိုကြီး၏ အဓိပ္ပာယ်ကိုမူ မသိချေ။ သို့ရာတွင် သူ့အဖို့ အင်မတန်နားထောင်၍ကောင်းနေလေသည်။ တေးသံသည် လွန်လေပြီးသော ကာလ၌ ကရင်လူမျိုးများ၏ ကြီးကျယ်ခဲ့သော အကြောင်းများလည်း ပါဝင်ပေလိမ့်မည်။ ကရင်လူမျိုးတို့၏ ဘိုးဘိုးအောင်ခေါ် "ထော့မဲသာ"နှင့် သူ၏ "ရွှေဘားစည်" အကြောင်းများလည်း အကြုံးဝင်ကောင်း ဝင်ပေလိမ့်မည်။ တေးသံမှာ အင်မတန်နားထောင်၍ကောင်းနေခြင်းကား အမှန်ဖြစ်လေသည်။

ကိုတင်ဦးသည် ခြေပစ်လက်ပစ် ထိုင်ရာမှ သွက်လက်စွာ ထလိုက်သည်။ သူသည် တရွေ့ရွေ့ လျှောက်၍သွားနေ၏။ အဘယ်သို့ သွားနေမှန်း သူသည် သိမည်မထင်။ သူ့စိတ်သည် သူ့ကိုယ်၌ကား မရှိ။ သူ့စိတ်သည် တစ်နေရာရာသို့ ရောက်နေသည်။ ရောက်နေရာမှ သူ့ကို ခေါ်လေသည်။ စိတ်၏ခေါ်ရာသို့ သူသည် တရွေ့ရွေ့ သွားရလေ၏။ ကိုတင်ဦး သတိရသောအခါ သူသည် ငါးမျှားနေသော မိန်းမပျိုကလေးတစ်ယောက်၏အနီးသို့ ရောက်နေမှန်း သိရလေသည်။ တေးသံသည် ရုတ်တရက် ရပ်သွားသည်။ မိန်းမပျိုကလေးလည်း ငါးမျှားတံကို လွှတ်ချကာ အနည်းငယ်ခန့်

mgyoe.com

mgyoe.com

ပြေးသွားပြီးနောက် ကိုတင်ဦးကို လှမ်း၍ ကြောက်ရွံ့သော လက္ခဏာဖြင့် ကြည့်နေလေသည်။

သမင်ငယ်၏ ကြည်လင်သော မျက်လုံးမျိုးဖြင့် ကိုတင်ဦးကို စိုးရိမ်စွာ ကြည့်နေသည်။ နက်နက်ပြာသော ထဘီနှင့် ဆွတ်ဆွတ်ဖြူသော အင်္ကျီတို့မှာ လတ်ဆတ်ဝင်းဝါသော အသားအရည်နှင့်သော် ကြော့ကြော့ ဝင်းနေသည်။ မည်းမှောင်သောဆံပင်ကို နောက်တွဲထုံး၍ ပတ်ထားသည်။ လွတ်လပ်စွာဖွင့်ထားသော ရင်သားများ၊ တောင့်တင်းသေးသွယ်သော ခါးနှင့် ဖွံ့ကားဖြောင့်စင်း၍ ဆင်းသွားသော တင်ပဆုံပေါင်တံတို့မှာ အနောက် နိုင်ငံသူများနှင့် နင်လားငါလား၊ ပခုံးချင်းယှဉ်နိုင်သော ကိုယ်လုံးကိုယ် ပေါက်ကို ဆောင်နေလေသည်။ အသက် ၁၇ နှစ်ခန့်ထက်ကျော်လွန်မည့် လက္ခဏာမရှိသေးချေ။ သို့ရာတွင် ကျန်းမာသောကြောင့် တောင့်တင်း စိုပြည်လေသည်။

"ခုနင်က ဆိုလိုက်တဲ့ သီချင်းကလေး ကြားရတယ်" ကိုတင်ဦး ၏အသံသည် တိမ်ဝင်၍သွားကာ "အင်မတန် နားထောင်လို့ ကောင်းတာပဲ" မိန်းမပျို၏မျက်နှာကို လှမ်း၍ကြည့်ရင်း ခပ်ဖြည်းဖြည်း ပြောလိုက်လေ သည်။

မိန်းမပျိုသည် ပြုံးလေ၏။ "ရှင် ဗမာထင်တယ်"

"ဟုတ်တယ်၊ ကျုပ် ဗမာပဲ။ ခင်ဗျားတော့ ကရင် ထင်တယ်"

"ရှင်တို့ ဗမာများဟာ တယ်ကြောက်ဖို့ ကောင်းတယ်"

"အလို...ဘာပြုလို့ပါလိမ့်"

"အပါးတို့၊ အမိုးတို့ ပြောတယ်၊ ပီရောဟာ ကြောက်ဖို့ ကောင်း တယ်တဲ့"

"သြော်...သြော်...အပါးနဲ့ အမိုးက ပြောသလား၊ ဘယ်လိုများ ပြောလို့လဲ"

"ဗမာဟာ ကရင်ကို အတယ်၊ နတယ်ဆိုပြီး လိမ်တတ်တယ်၊ ညာတတ်တယ်လို့ ပြောတယ်"

"ဗမာတိုင်းလည်း မဟုတ်ပါဘူး၊ လိမ်တဲ့လူလည်း ရှိတာပေါ့။

mgyoe.com

mgyoe.com
ကရင်ထဲမှာလည်း မရှိဘူးလား"

မိန်းမပျို ပြုံးလေ၏။ "ရှင်တို့ မြန်မာတွေတော့ သေအောင် ကြောက်ပါရဲ့"

ကိုတင်ဦးသည် အသက်ကို ခပ်လေးလေး ရှူလိုက်လေသည်။ တစ်ဖက်သတ် ကြောက်နေသော ကရင်မကလေးအား အဘယ်သို့ အဘယ်ပုံ နားရှင်းအောင် ပြောပြရမည်ကို မတွေးတတ်အောင် ဖြစ်နေလေသည်။

"ဗမာတွေထဲက ကရင်လူမျိုးကိုချစ်တဲ့ လူတွေ အများကြီး ရှိတယ်ဆိုတာ ယုံသလား"

"သိဘူးဝါး" ကရင်လို ပြောလေသည်။ ဗမာလို မပြောတတ်ဘူး ဟူ၍ အဓိပ္ပာယ်ရပေလိမ့်မည်။

"ဟင်း...ကရင်နဲ့ ဗမာ ဘယ်တော့မှ ချစ်ကြ၊ ခင်ကြလိမ့်မယ် မသိပါဘူး"

"ရှင် ဘာလို့ ကျွန်မ ငါးမျှားတဲ့နေရာကို လာခဲ့သလဲ၊ ကျွန်မ မောင်တွေ ရှင့်ကို ဒူးလေးနဲ့ပစ်မှာ မကြောက်ဘူးလား"

"ဒူးလေးနဲ့ ပစ်သလား၊ ဘာပြုလို့ ပစ်မှာလဲ"

"ရှင့်ကို ကြောက်လို့ပေါ့"

"အို...ကြောက်တာနဲ့ပဲ လူတစ်ဖက်သားကို ဒူးလေးနဲ့ ပစ်ရ ရောလား"

"ဒါကြောင့် ကျွန်မတို့ ကရင်တွေဟာ သေအောင်ကြောက်တတ် တာပေါ့"

ဟင်း...ကိုတင်ဦးသည် အသက်ကို ခပ်လေးလေး ရှူလိုက်မိ လေ၏။

"ရှင် မကြောက်ဘူးလား"

"ကျုပ်လား ဘာအပြစ်ရှိလို့ ဘယ်သူ့ကို ကြောက်ရမှာလဲ"

"ဒူးလေးကိုလေ"

"ခင်ဗျားတို့ ကရင်တွေက ကျုပ်ကို ဗမာဆိုပြီး ဒူးလေးနဲ့ပစ်ရင် ကျုပ်တို့ သေရဲပါတယ်"
mgyoe.com

m g y o e . c o m

"ရှင်ပြောတာ ပိုသွားပြီ"

"မပိုပါဘူး၊ ကျုပ်လည်း ကရင်အကြောင်းကို သိသလောက် သိပါတယ်"

"ဘာများ သိလို့လဲ"

"ကရင်ဟာ ဗမာကို ဒူးလေးနဲ့ ပစ်သတ်လောက်အောင် ရက်စက်တဲ့ လူမျိုးမှ မဟုတ်ဘဲ"

"ရှင် စကားပြော တယ်တတ်ပါလား"

"မဟုတ်ပါဘူး၊ ကျုပ် သိသလောက် ပြောရတာပါ"

"ဒါထက် ရှင့်နာမည် ဘယ့်နှယ့်ခေါ်သလဲ"

"ကျုပ်နာမည်လား တင်ဦးလို့ ခေါ်တယ်။ ခင်ဗျားနာမည်ကော ဘယ့်နှယ့်ခေါ်သလဲ"

"ကရင်လို...နော်မူဂေးလို့ ခေါ်တယ်"

"ဗမာလိုကော နာမည်ရှိသေးသလား"

"တအိုဘာ၊ အင်္ဂလိပ်လိုတော့ ရှိတယ်"

"ကက်သရင်းလား၊ မေဘယ်(လ်)လား"

"တစ်ခုမှ မဟုတ်ဘူး၊ ရှင်ပြောတာ"

"မေရီလား၊ နယ်လီလား၊ ရိုစီလား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာများလဲခင်ဗျာ"

"အဲလစ်(စ်) (Alice)"

"ဩော်...အဲလစ်(စ်)"

နော်မူဂေးသည် ခေါင်းညိတ်ပြလေသည်။

"အဲလစ်(စ်)က ခရစ်ယာန်ထင်တယ်"

"ဟုတ်ကဲ့... ရှင်တော့ ဗုဒ္ဓဘာသာပေါ့နော်"

"ဟုတ်တယ်၊ ကျုပ်ဟာ ဘိုးဘွားကစပြီး ဗုဒ္ဓဘာသာ အစစ်ကြီးပဲ"

"ကျွန်မလည်း ဘိုးဘွားကစပြီး ခရစ်ယာန်စစ်စစ်ကြီးပဲ"

ကိုတင်ဦးသည် ပြုံးလေ၏။ နော်မူဂေးလည်း ပြုံးသည်။

mgyoe.com

mgyoe.com


"ကျုပ် မှန်တာတစ်ခုကို ပြောပြချင်တယ်"

"ပြောပါ"

"ကျုပ် နော်မူဂေးကို မြင်မြင်ချင်း သဘောကျတယ်"

"ဘယ့်နှယ့်...ပြောတယ်"

"ကျုပ်...နော်မူဂေးကို ချစ်တယ်လို့ ပြောတာပါ"

"ပိရော...ရကသီလော၊ နော်မူဂေးသည် မျက်လုံး မျက်ဆံပြူးကာ ကရင်လို ပြောလေသည်။ ဗမာလို "ငါ ဗမာကို သေအောင်ကြောက်" ဟူ၍ အဓိပ္ပာယ်ရပေလိမ့်မည်။

"ကျုပ်ကို စိတ်ဆိုးသလား နော်မူဂေး"

"စိတ်မဆိုး ကြောက်တယ်"

နော်မူဂေးသည် နောက်သို့ဆုတ်ကာ ပြန်ပြေးတော့မည်ကဲ့သို့ ဟန်ပြင်နေလေသည်။

"ပြန်တော့မလို့လား နော်မူဂေး"

နော်မူဂေးသည် ခေါင်းညိတ်၍ ပြလေသည်။

"မနက်ဖြန် ကျုပ် ဒီမှာ လာစောင့်ရင်း နော်မူဂေးကို တွေ့ရပါ့ မလား"

"ရှင်လာရင်တော့ ကျွန်မ မလာရဲဘူး"

"ဒါပေမဲ့ ကျုပ်တော့ လာစောင့်နေမှာပဲ"

နော်မူဂေး ပြေးလွှားပျောက်ကွယ်၍ သွားသည်တိုင်အောင် ကိုတင်ဦးမှာ ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့လေသည်။ ဆည်းဆာရောင်များသည် တဖြည်းဖြည်း ပျောက်ကွယ်သွားကြသဖြင့် အမှောင်ဓာတ်တို့သည် ချင်းနင်း ဝင်ရောက်လာကြလေသည်။ လေးကန်သော ခြေလှမ်းများကို သယ်ယူရင်း တဖြည်းဖြည်း ထွက်ခွာခဲ့လေသည်။

* * *

သံတောင်မှ တောင်ငူဘက်သို့ လျင်မြန်စွာ ပြေးဆင်း၍လာသော ကားကလေးတစ်စီးသည် မိုးကောင်းတံတားကို ကျော်လွန်ခဲ့ပြီးနောက်

mgyoe.com

mgyoe.com
စစ်တောင်းချောင်းတံတားကြီးနားတွင် ရပ်၍သွားလေ၏။ ကိုတင်ဦးသည် စိတ်ပျက်သော အမူအရာဖြင့် ဘေးတံခါးကိုဖွင့်၍ ဆင်းလာကာ အင်ဂျင်ကိုဖွင့်၍ ကြည့်လေသည်။

"ဘာပြုလို့လဲ ကိုကို" ကိုတင်ဦးဇနီး မလှညွန့်သည် ဘေးတွင် ထိုင်နေရာမှ လှမ်း၍မေးလေသည်။

"ခွကျတာပဲ ညွန့်ရယ်၊ စပတ်တွေ ကောင်းကောင်းမလိုက်တော့ဘူး"

မလှညွန့်သည် ကားပေါ်မှဆင်းလာပြီးနောက် ကိုတင်ဦးဘေးတွင် လာရပ်ကာ "ဘယ့်နှယ် လုပ်ကြမယ်"

"ဟင်နရီဖို့(ဒ်)ကို တရားစွဲရုံပေါ့"

"အို...ကိုကိုကလည်း" မလှညွန့်သည် သူ့ချစ်သူကျောကို အသာအရာ ထုလေ၏။

"ဒီလိုနဲ့တော့ မပြီးဘူး ညွန့်ရေ...၊ ညွန့် လန်ချားနဲ့ အိမ်ပြန်ပြီး ဘသော်ကို ပြန်လွှတ်မှပဲ"

"ကောင်းသားပဲ၊ ဒါဖြင့် ညွန့် သွားမယ်နော်"

လန်ချားစီး၍ထွက်သွားသော သူ၏မယားကို မျက်စိတဆုံး ကြည့်ပြီးနောက် ကိုတင်ဦးသည် သက်ပြင်းကို ခပ်လေးလေး ရှူလိုက်လေသည်။

"ကိုတင်ဦး..." ခပ်လှမ်းလှမ်းမှ တစ်စုံတစ်ယောက်ခေါ်သံကို ကြားရသဖြင့် လှမ်းကြည့်လိုက်ရာ မထင်မှတ်ဘဲ နော်မူဂေးကို တွေ့မြင်ရသဖြင့် ကိုတင်ဦးမှာ အံ့အားသင့်၍ သွားလေသည်။

"ဩော်...နော်မူဂေးပါလား၊ ဘယ်က လာလဲ"

"တောင်ငူသွားမလို့၊ ရှင် သိပ်ညာတာပဲ။ မြန်မာပီပီ"

"ဘာများ ညာလို့လဲ နော်မူဂေးရယ်"

"မနက်ဖြန် လာမယ်ဆိုပြီး ညာသွားတာပေါ့"

"ဩော်...နော်မူဂေး လာစောင့်နေသေးလို့လား"

ရှက်စနိုးအမူအရာဖြင့် နော်မူဂေးသည် ခေါင်းညိတ်၍ ပြလေ၏။

"ဗမာကို ကြောက်တယ်ဆို၊ ဘာပြုလို့ လာစောင့်သေးသလဲ"
mgyoe.com

mgyoe.com


ကိုတင်ဦးသည် ပြုံး၍မေးလိုက်သည်။

"ဗမာကိုတော့ ကြောက်တာပဲ၊ ဒါပေမဲ့ ရှင်လို ဗမာကိုတော့ ကြောက်ဖို့ မလိုပါဘူး"

ကိုတင်ဦးသည် နော်မူဂေးကို ပြုံး၍သာ ကြည့်လေသည်။ နော်မူဂေးမှာလည်း မချင့်မရဲ ဖြစ်နေဟန်တူလေသည်။

"ရှင် ကျွန်မကို ချစ်တယ်ပြောပြီး ညာသွားတာကတော့ သိပ်မကောင်းဘူး"

"ချစ်တော့ ချစ်တယ်၊ ဒါပေမဲ့ နော်မူဂေးရယ် ကျုပ်က ပီရော၊ ခင်ဗျားက "ပတ်ကညော"

"ပီရောနဲ့ ပတ်ကညော မယူရဘူးလို့ဆိုတာ ဥပဒေမှာလည်း မရှိပါဘူး။ ကျွန်မ စဉ်းစားပြီးပြီ ကိုတင်ဦး၊ ဗမာနဲ့ ကရင် ရင်းရင်းနှီးနှီး ပေါင်းနိုင်မှ ဗမာပြည်ဟာ စည်ပင်သာယာနိုင်မှာပဲ"

"နော်မူဂေး"

"ရှင်"

"ကျုပ်ကို ချစ်နေပြီလား"

"ကျွန်မ ကရင်ပဲ၊ ရှင်တို့ဗမာလို မသွယ်ဝိုက်တတ်ဘူး။ ရှင့်ကို ချစ်ချင်သလိုလိုပဲ။ ဒါ ဘွင်းဘွင်းပြောတာ ကိုတင်ဦး"

"သြော်...သြော်"

"ရှင် ကျွန်မကို ပရိုပို့(စ်) (Proposed) လုပ်တယ်။ ကျွန်မကလည်း သဘောကျတယ်။ ဒီတော့ ရှင်နဲ့ ကျွန်မနဲ့ နှစ်ယောက်တည်း သဘောနဲ့ပဲ အင်ဂေး(ဂျ်) (Engage) လုပ်ထားသေးတာပေါ့။ ဒီအတောအတွင်း ကျွန်မအကြောင်း ရှင် စုံစမ်းကြည့်၊ ရှင့်အကြောင်းလည်း ကျွန်မ စုံစမ်းကြည့်ရမှာပေါ့"

"သြော်...သြော်"

"ဘာ...သြော်...သြော်နေတာလဲ ရှင့်"

ထိုအခိုက် လန်ချားတစ်စီး ဖြုန်းခနဲ ရောက်၍လာကာ မလှညွန့်သည် ဆင်း၍လာလေ၏။

mgyoe.com

mgyoe.com



"ဟင်…ညွှန့် မြန်လှချည်လား" ကိုတင်ဦးသည် အံ့အားသင့်သော အမူအရာဖြင့် မေးလေ၏။

"မြန်ဆို မောင်ဘသော်ကို လမ်းမှာတွေ့လို့ ခေါ်လာခဲ့ပြီ။ နောက်က လိုက်လာနေပြီ"

မလှညွှန့်သည် ပြုံးတိပြုံးကြောင်လုပ်နေသော ကိုတင်ဦးနှင့် အံ့အားသင့်နေသော နော်မူဂေးကို တစ်လှည့်စီကြည့်ကာ မျက်လုံးမျက်ဆံ ပြူးနေလေသည်။ ထိုအခိုက် ဘသော်လည်း ရောက်၍လာလေသည်။

"ပြန်မယ်နော် နော်မူဂေး" ကိုတင်ဦးသည် နော်မူဂေးကို နှုတ်ဆက်ပြီးနောက် မလှညွှန့်ကို လှမ်း၍ကြည့်လိုက်ရာ နှုတ်ခမ်းစူနေသည်ကို တွေ့ရလေ၏။

"ညွှန့်…ဒါ ကိုကို့သူငယ်ချင်း နော်မူဂေးလေ"

မလှညွှန့် နှုတ်ခမ်းစူတုန်း ဖြစ်သည်။

"သူက ရှင့်မိန်းမလား ကိုတင်ဦး" နော်မူဂေးက မေးလေသည်။ နော်မူဂေးအသံမှာ တုန်၍နေရှာသည်။ ကိုတင်ဦးသည် ကျောက်ရုပ်ဖြစ်နေသည်။

"ဟုတ်တယ်၊ ကျွန်မ ကိုတင်ဦး မိန်းမတော့။ လူကြီးမိဘချင်း ပေးစားတာတင် မကသေးဘူး။ မောင်နှမလည်း နှစ်ဝမ်းသာ ကွဲတယ်တော့" မလှညွှန့်သည် ကိုတင်ဦးလက်ကို ဆွဲဆောင့်၍ ပြောလေသည်။

ဘသော်သည် တော်ရာသို့ လှည့်၍ ပြုံးနေသည်။

"လာ…ပြန်မယ်…ဆရာကြီး၊ ရှီးမလိုလိုနဲ့…ဟင်း"

မလှညွှန့်သည် ကိုတင်ဦးကို အတင်းဆွဲဆောင့်၍ ခေါ်သွားလေသည်။ ကိုတင်ဦးသည် တရွတ်တရွတ် ပါသွားရာမှ နော်မူဂေးကို လှည့်၍ ကြည့်လေသည်။

နော်မူဂေးသည် စကားကလေး လေးငါးလုံးကို ရေရွတ်လိုက်လေသည်။ မျက်ရည်တွေလည်း ဝိုင်းလို့…

"သြော်…ပီရော…ပီရော…ပီရော"

●

mgyoe.com

mgyoe.com

# လူသုံးပစ္စည်း

[ ၁ ]

စောင့်ရတာ ကြာသောအခါ မောလာ၏။

မောလာသောအခါ၌ အဖြူက သူ့ကို စိတ်မရှည်နိုင်တော့။

"ကိုအောင်မြင့် တစ်ယောက်ကလည်းနော် လာနိုင်ခဲလိုက်တာ" ပြတင်းပေါက်မှ အဝေးတွင်မြင်ရသော လမ်းမကြီးဘက်ဆီသို့ ငေးမျှော်၍ ကြည့်ရင်း အဖြူက စိတ်ပျက်ပင်ပန်းသံဖြင့် ညည်းညူလိုက်ပေသည်။ ဟုတ်သားပဲ၊ ကိုအောင်မြင့်က ၈ နာရီထိုးတွင် ဆက်ဆက်လာပါ့မည်ဟု အထပ်ထပ် ကတိပေးခဲ့ပါလျက်နှင့် ယခု ၈ နာရီခွဲသွားပြီးသည့်နောက်၌ပင် ပေါ်မလာသေး။

အဖြူသိသော ကိုအောင်မြင့်မှာ စကားနည်း၏။ စကားနည်းသလောက် တည်ကြည်ထိန်းသိမ်း၏။ အင်မတန် ယောကျ်ားပီသ၍ အားကိုးအားထား ပြုသင့်လောက်သော ယောကျ်ားကောင်းတစ်ယောက် ဖြစ်၏။ အရိုးသားဆုံးသော ဝေါဟာရကိုသာ သုံးစွဲရပါမူ အရဖမ်းဖို့ ကောင်းသော လင်တစ်ယောက် ဖြစ်ပေသည်။

သူ့ကို အဖြူက အိမ်သို့ ထမင်းစားရင်း အလည်အပတ်လာရန် အကြိမ်ပေါင်းများစွာ ခေါ်ခဲ့ဖူး၏။ သူကတော့ အင်းမလုပ် အဲမလုပ်နှင့်။ ဘယ်လိုလူပါလိမ့်။ ခုခေတ်တွင် လွတ်လပ်ချောမောသော အပျိုမကလေး တစ်ယောက်က ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေဖြင့် ယောကျ်ားတစ်ယောက်

mgyoe.com

mgyee.com


ယောက်ကို အိမ်သို့လည်ပတ်ရန် ထမင်းစားဖိတ်ကြားပါက တစ်ရာလျှင် တစ်ယောက်လောက်သာ မသွားဘဲရှိခြင်က ရှိမည်။ ထိုရှိခြင်က ရှိမည် ဖြစ်သော လူတစ်ယောက်တွင် ကိုအောင်မြင့်လည်း ပါဝင်၏။

အဖြူနှင့် ကိုအောင်မြင့်မှာ ရုံးတစ်ရုံးတွင် အတူအလုပ်လုပ်ရသော စာရေးများ ဖြစ်ကြသည်။ လွန်ခဲ့သော တစ်နှစ်ကျော်လောက်မှစ၍ ကျောင်း မှထွက်ကာ ရုံးတွင် စာရေးဝင်လုပ်ရကတည်းက အဖြူသည် ကိုအောင် မြင့်နှင့် သိခဲ့ရ၏။ သူနှင့် စားပွဲချင်းကပ်၍ လုပ်ခဲ့ရ၏။ အဖြူထက် စာရေး ဘဝတွင် အရင်ဦးနှင့်သော ကိုအောင်မြင့်ကပင် အဖြူကို ပြသပေး၏။ သို့ နှင့် တစ်နှစ်ကျော်အတွင်း ဆန့်ကျင်ဘက် လိင်သတ္တဝါများ ဖြစ်ကြသော် လည်း တော်တော်ရင်းနှီးခဲ့ကြသည်။

အဖြူက အသက် ၂၀ အရွယ် ဖြစ်ပါ၏။ ကိုအောင်မြင့်က သူမ ထက် ငါးနှစ်ခန့် ကြီးပေမည်။ သို့ရာတွင် ကိုအောင်မြင့်က အဖြူကို ဆက်ဆံ ပုံမှာ ဘဘကြီးက တူမကလေးအား ဆက်ဆံသလို ဆက်ဆံခြင်းမျိုး ဖြစ်ပါ ၏။ အင်မတန် ပြုံးခဲရယ်ခဲ၏။ အကြောင်းမရှိဘဲနှင့်လည်း စကားမပြော၊ ဆုံးမစရာ၊ သွန်သင်စရာရှိက သွယ်ဝိုက်စွာ နားဝင်အောင် ပြောတတ်၏။ သည်လို အသက်ငယ်ငယ်နှင့် လူကြီးဆန်နေသော ကိုအောင်မြင့်ကို အဖြူက တစ်စထက်တစ်စ ခင်မင်လာ၏၊ ရင်းနှီးလာ၏။ တကယ်ဆိုတော့ ယနေ့ လူမှုဆက်ဆံရေးတွင် အားကိုးအားထားပြုနိုင်သော ယောကျ်ားများကိုသာ မိန်းမသားတို့က အဓိကထား၍ စဉ်းစားရွေးချယ်တတ်ကြရ၏။ ဟုတ်သား ပဲ၊ အားကိုးခြင်းမပြုနိုင်သော ယောကျ်ားကို အဘယ်သို့ ရွေးချယ်နိုင်ပါ မည်လဲ။ သူမ၏ နေရေးထိုင်ရေးကို စီမံပေးနိုင်သော ကုန်ဝယ်သူ ယောကျ်ား ကိုသာ အဓိကထား စဉ်းစားရပေမည်။

မိန်းမ၏အလုပ်မှာ အသက်မွေးဝမ်းကျောင်းရေးအတွက် ယောကျ်ား တစ်ယောက်ယောက်ကို လင်အဖြစ် ဖမ်းယူနိုင်ဖို့ ဖြစ်နေ၏။ သူမ၏ကဏ္ဍ ယနေ့ လူမှုဆက်ဆံရေးတွင် ယောကျ်ားတစ်ယောက်ယောက်၏ အိမ်ရှင်မ အဖြစ် အဝယ်ကုန်ဘဝမှလွဲ၍ အခြားကဏ္ဍ မရှိ။ သနားစရာ...

အဖြူက ကိုအောင်မြင့်ကို အားကိုးအားထား ပြုချင်၏။ ပြုလောက်

mgyee.com

mgyoe.com

စရာ ယောကျ်ားကောင်းတစ်ယောက်လည်းဖြစ်ပါ၏။ သို့ရာတွင် ကိုအောင်မြင့်က တည်လွန်းလှ၏။ အဖြူက သူ့ကို ရင်းရင်းနှီးနှီး ရောရောဝင်ဝင်နှင့် အရေးပေးသည်တိုင်အောင် သူက များစွာ လိုက်လိုက်လျောလျော မရှိလှ။ အဖြူက အိမ်သို့ အလည်အပတ်လာရင်း ထမင်းစားဖိတ်ခေါ်သော အကြိမ်ပေါင်း မှာလည်းများလှပါပြီ။ သူကတော့ ဖြည်းဖြည်းပေါ့ အဖြူရယ်... တဲ့။ ဘယ်လောက်များ မထိတရီနိုင်ပါသလဲ။

သည်လို တည်ကြည်ခံ့ညား၍ အားကိုးလောက်သော ယောကျ်ားတစ်ယောက်ကို အဖြူက ဖမ်းရတော့မည်။ သူက ဘယ်လိုပင် မထိတရီလုပ်နေလုပ်နေ နဖူးတွေ့ဒူးတွေ့ကျတော့ သူက သံချောင်းမို့ ခံနိုင်မှာတဲ့လား။ သူ့ကို အိမ်သို့ ထမင်းစားရအောင် မရအရခေါ်ပေမည်။ ယောကျ်ားဆိုသော သတ္တဝါကောင်များသည် မိန်းမသားများက အဝိုက်တွင် ချောင်ထဲသို့ ရိုက်သွင်း၍ မျက်ရည်ကလေး ကလည်ကလည်နှင့် လုပ်လိုက်လျှင် ကျသွားတတ်သည်ပင် မဟုတ်လား။

အဖြူက သည်နည်းအိုကြီးအတိုင်း ထောင်၍ သည်နိသံရည်းအတိုင်း လိုက်ရမည်။ ဖမ်းရမည်။ မိုးကြယ်မို့လား။

သည်ကနေ့ ရုံးတွင် သူ့ကို အဖြူကပင် စရပြန်၏။ သူကသာ အေးစက်စက်နှင့်...

အဖြူက မိဘမရှိတော့သဖြင့် အဒေါ်တစ်ယောက်နှင့် နေရ၏။ ထိုအဒေါ်ကလည်း သူမ မမြင်ဖူးသေးဘဲ အဖြူက ပြောဖန်များ၍ ကြားနေရသော တူမောင် မောင်အောင်မြင့်ကို အလွန်တရာ တွေ့လိုကြောင်း၊ အိမ်သို့ ထမင်းစားရအောင် မပါအပါ ခေါ်လာဖို့အကြောင်းများပါ အဖြူက ဆွယ်တော့၏။

သူက အနေရခက်သလို ကျုံ့ကျုံ့ကလေး နားထောင်နေ၏။ ဘာမျှလည်း ပြန်မပြော။

ယနေ့ ညစာစားရန်အတွက် အိမ်မှ ဒေါ်လေးက ချက်ပြုတ်ထားမည်ဖြစ်သဖြင့် မရအရခေါ်လာဖို့ မှာလိုက်သည့်အကြောင်းများနှင့် ဆွယ်ပြန်၏။

mgyoe.com

mgyoe.com


"ရုံးဆင်းရင် အဖြူနဲ့ တစ်ခါတည်းလိုက်ခဲ့မယ်ပဲ မဟုတ်လား။ ဟင်...ကိုအောင်မြင့်"

သူက မငြင်းသာ၊ မဆန်သာ ပြုံးနေ၏။ အဖြူက မချင့်မရဲဖြစ်လာကာ နှုတ်ခမ်းကို စူလိုက်၏။

"ဘယ့်နှယ်လဲ လိုက်မှာလား ကိုအောင်မြင့်" ဒေါ်ပွသောဂိုက်နှင့် ခြောက်လိုက်ရပြန်၏။

"ကိုင်း...ကိုင်း... ဒါလောက်တောင် ခေါ်နေမှတော့ လာရတာပေါ့လေ။ ဒါပေမဲ့ ကိုအောင်မြင့် ကနေ့ညနေရုံးဆင်းရင် ဘူတာရုံမှာ ကြိုရမယ့်လူ ရှိသေးလို့ ည ၈ နာရီလောက်မှပဲ လာခဲ့ပါရစေနော်"

အဖြူက ဝမ်းသာသွား၏။ သို့ရာတွင် စိတ်မချနိုင်သေး။

"လမ်းပြောထားတာနဲ့ လာတတ်ပါ့မလား၊ အို...စိတ်ချရအောင် အဖြူ မြေပုံကလေးပါ ဆွဲပေးခဲ့မယ်ဟုပြောကာ မြေပုံကလေးပါ ဆွဲပေးခဲ့၏။

ရုံးဆင်း၍ အိမ်သို့ပြန်ရောက်သောအခါ တံခါးဝတွင် ဆီးကြိုနေသော အဒေါ်ဖြစ်သူအား အောင်သေအောင်သား စားရတော့မည့် အကြောင်းဖြင့် ခင်ဖြူက ပြုံးလိုက်၏။

"ဘယ့်နှယ်လဲ အဖြူ၊ ညည်းလူက လာမှာတဲ့လား" အဒေါ်ကလည်း ခေတ်ဆန်စွာ မေး၏။

"အသင့်သာ ပြင်ထားတော့ ဒေါ်လေးရေ၊ ည ၈ နာရီလာမယ်တဲ့။ ဒီအခါမှ ဒေါ်လေးတူမ စွံတော့မှာပဲ" အဖြူက ဝမ်းသာအားရ အဒေါ်ကိုဖက်ကာ ပြောနိုင်ပေတော့သည်။

"ညည်းသာ စွံအောင်လုပ်ပါအေရယ်၊ ကျုပ်ဖြင့် ချက်လိုက်ရတာ"

တူအရီးနှစ်ယောက် ဝမ်းသာအားရပြောကာ ဖက်ရင်း အိမ်ပေါ်သို့ တက်လာခဲ့ပြီးနောက် ပြင်ရဆင်ရ၊ ရေမိုးချိုး၊ အဝတ်အစားလဲကာ မှန်ရသရနှင့် အချိန်မှာ ကုန်သွားခဲ့၏။

၇ နာရီသာသာလောက်တွင် အဖြူက အားလုံး အသင့်ပြင်ပြီးပင် ဖြစ်ပေသည်။

mgyoe.com

mgyoe.com

ထမင်းပွဲက ခင်းကျင်းစီမံထားလိုက်သည်မှာလဲ စုံလို့။ ငါးသလောက် ဥ၊ ဘဲပေါင်း၊ ကတ်သလိပ်၊ ကင်ပွန်းရွက်ဟင်းချို၊ တို့စရာ၊ ငါးပိကြော်၊ အို…စုံနေပါ၏။

ဒါတွင်မကသေး…

အမောက်၊ နှုတ်ခမ်းနီ၊ လက်သည်းနီနှင့် နိုင်လွန်ရေမွှေး။

အဖြူက ကျေနပ်စွာ ပြုံး၏။ ငှက်ခါးသည် နားတော့မည်၊ သိစေရတော့မည်။

ပြတင်းပေါက်က ၇ နာရီသာသာလောက်မှ ထွက်မျှော်မိသဖြင့် ဒေါ်လေးကပင် သူ့တူမကို ဖြစ်…ဖြစ်လွန်းတယ်ဟု ပြောကာ လှောင်သေး၏။ အဖြူကတော့ ဖြစ်ရပေမည်။ လှောင်ချင်သူ လှောင်ပါ့စေ။

နာရီသည် တဖြည်းဖြည်းကုန်၍ ၈ နာရီထိုးလာ၏။ အဖြူကလည်း ရင်ထဲတွင် တဒိတ်ဒိတ်နှင့် ဖြစ်လာ၏။ သူလာရင် ဘယ်လိုက ဘယ်လို ကျွေးမွေးပြုစုကာ အဘယ်ပုံ ချောင်သွင်း၍ အဘယ်နည်း ဖမ်းရပါ့။

သနားစရာကောင်းနေသော မိမိ၏ဘဝကို အဖြူရယ် မသိရှာ။ စာရေးမကလေးဘဝနှင့် တူအရိုးနှစ်ယောက် ချို့ချို့ငဲ့ငဲ့ မျက်နှာငယ်ငယ် ဖြစ်နေရသောဘဝမှ အားကိုးအားထားစရာကို ရှာရကြံရသော သူငယ်မ…

၈ နာရီထိုး၍ သူ မလာသောအခါ အဖြူက ဂနာမငြိမ်နိုင်အောင် ဖြစ်လာ၏။ ၈ နာရီ ဆက်ဆက်လာပါမည်ဟု ကတိပေးပြီးခါမှ ဘာများ ဖြစ်နေရသလဲ။ မြေပုံကိုလည်း ဆွဲပေးခဲ့သေး၏။ ထို့ကြောင့် လာမည်ဆိုက လာလောက်ပါပြီ။ သို့ရာတွင် ငှက်ခါးက မနားသေး။ ဘယ်ဆီများ ပျံနေသေးသလဲ။

"ဘယ့်နှယ် မရွှေဖြူ ကျုပ် ချက်ရပြုတ်ရတာများ လက်မီးပူကျိုးနပ်ပါဦးမလား။ ညည်းလူက ၈ နာရီ လာမယ်ဆို၊ ခု ၈ နာရီ ခွဲတော့မယ်။ ဟုတ်မှလည်း လုပ်ပါအေရယ်" ဟော…လူက နကို အနေရခက်နေသည့်အထဲ လှောင်သူက လှောင်ရက်ပါပေရဲ့။ ခက်ကပြီ၊ ခုမှပင် ခက်ကပြီ၊ မရွှေဖြူ ဘာလုပ်ရပ။

ပြတင်းပေါက်မှ အဝေးတွင် မြင်ရသော လမ်းမကြီးဘက်ဆီသို့

mgyoe.com

mgyoe.com

ငေးမျှော်၍ကြည့်ရင်း "ကိုအောင်မြင့် တစ်ယောက်ကလည်းနော် လာနိုင်ခဲလိုက်တာ"ဟု စောင့်မျှော်ရတာ ကြာသောအခါ မောလာသဖြင့် စိတ်မရှည်နိုင်သကဲ့သို့ ညည်းညူလိုက်၏။

ကိုအောင်မြင့်ကတော့ မလာသေး။ ငှက်ခါးက ဘယ်ဆီမှာပျံနေသေးပါဘိကွယ်။

[ ၂ ]

၉ နာရီ...

ပြတင်းပေါက်မှ မျှော်လျက်ပင်။ သို့ရာတွင် ငှက်ခါးက ပျံဆဲ...

အဒေါ်လုပ်သူကပင် ပက်လက်ကုလားထိုင်ထက်မှာ အညောင်းဆန့်ရင်း တသမ်းသမ်း တဝေဝေနှင့် ငိုက်မျှဉ်းစပြုနေရာမှ သတိရလာသလို "ဘယ့်နှယ်လဲ ရွှေဖြူ၊ ညည်းလူ လာပါဦးမလား"ဟု လှမ်း၍ မေးလိုက်သည်ကိုပင် အဖြူက မဖြေချင်တော့။ အနေက ကျုံ့လာ၏။ သူက လာပါဦးမလား ဟင်...

ကိုအောင်မြင့်က တော်တော် စကားနည်း၍ တည်၏။ လာမည်ဆိုသော ကတိကိုတော့ ဖျက်မည့်သူတစ်ယောက်မဟုတ်။ သို့ရာတွင် ၈ နာရီလာမည်ဆိုပြီး ယခု ၉ နာရီပင် ထိုးနေပါပကော။ သူက လာပါဦးမလား။

၉ နာရီ...

အဖြူကတော့ မိန်းမသားဖြစ်ရကား မျှော်လျက်ပင်...

အဒေါ်ဖြစ်နေသူကား ငိုက်နေရာမှ ငြိမ်သွား၏။ တစ်နေ့လုံး ချက်ပြုတ်လုပ်ကိုင်ခဲ့ရသဖြင့် ပင်ပန်းနေပုံရ၏။ ဟော...အိပ်ခါပင် မကြာသေးတခေါ်ခေါ်နှင့် ဟောက်၍များ နေလိုက်သေး၏။

အဖြူက ဟောက်ကာ အိပ်ပျော်နေသော သူ့ရဲ့ဒေါ်လေးကို တစ်ချက်မျှ မလှုံ့သလို လှမ်းကြည့်ကာ ပြတင်းပေါက်မှ မျှော်ရပြန်ပါ၏။ ရှည်တတ်လျှင် ဆိုရိုးစကားလို လည်ပင်းတစ်တောင် ရှိရော့မည်။

စားပွဲတင်နာရီက တစ်ချက်ချက် မြည်နေ၏။ ၉ နာရီနှင့် ၁၅

mgyoe.com

mgyoe.com
မိနစ်။

"ဒီအချိန်ထိအောင်များ လာနိုင်ခဲလိုက်တာနော်။ အဖြူကြာ စိတ်ပျက်နေရာမှ ညည်းညူနေပြန်၏။ သို့ရာတွင် မမျှော်ဘဲကလည်း မနေနိုင်၊ ဟင်း...ပျံလေတဲ့ငှက်ခါးရယ်...နားပါတော့လားကွယ်။

ညသည် တဖြည်းဖြည်း အိုမင်းစပြုနေ၏။ အချိန်သည် လူကို မစောင့်၊ လူက လူကိုသာ စောင့်၏။

၉ နာရီခွဲ...

လမ်းမကြီးပေါ်မှ အသွားအလာပင် ကျဲ၍ကျဲ၍ သွားနေပြီဖြစ်ပါ၏။

အဖြူကြာ ငိုချင်လာပါ၏။ ၈ နာရီ လာမည်ဟုဆိုပြီး ၉ နာရီ ပင်ခွဲသွားပါပကော။

"ရှင်...ဘယ့်နှယ်လုပ်လိုက်တာလဲ ကိုအောင်မြင့်ရယ်" သူငယ်မရဲ့ စိတ်ကူးနှင့် ယဉ်လာခဲ့သော ထမင်းစားပွဲ ထောင်ချောက်လို့ အမဲက ဝင်မလာသဖြင့် အဖြူကြာ ငိုသံကလေးနှင့် ညည်းညူပြန်၏။

ဒေါ်လေးဖြစ်သူက ခေါခေါနှင့် အိပ်မောကျလျက်ပင်။

စားပွဲတင်နာရီက တစ်ချက်ချက်နှင့် မြည်နေ၏။ ၉ နာရီခွဲ ပြီး၍ ၁၅ မိနစ်၊ ဩော်... ၁၀ နာရီထိုးဖို့ ၁၅ မိနစ်သာ လိုတော့၏။ ကားတွေကလည်း ၁၀ နာရီထိုးလျှင် သိမ်းတော့မည်။ အို... သူက လာတော့မှာမဟုတ်ပါဘူး။ ဟီး...

အဖြူကြာ ရှက်ကြောက်ဝမ်းနည်းနှင့် ကျိတ်၍ ငိုချလိုက်၏။ ကလေးရှက်တော့ ငို...

ထမင်းစားပွဲကြီးက စားမည့်သူကို စောင့်နေ၏။ ထိုထမင်း စားပွဲကို ချက်ပြုတ်ပြင်ဆင်လာရသော ဒေါ်လေးကလည်း စားမည့်သူကို စောင့်ရင်း ပင်ပန်းသဖြင့် တခေါခေါနှင့်ဟောက်ကာ အိပ်မောကျနေပါ ပကော...

မရွှေဖြူကြာ ငိုချင်၏။

ငှက်ခါးက နားပါဦးမလား...

mgyoe.com

mgyoe.com

[ ၃ ]

၁၀ နာရီ...

အဖြူက ငိုရင်း ငိုက်မျဉ်းနေ၏။

လှေကားမှ တက်လာသော သူမဘေးတွင် ကြည့်နေသော လူတစ်ယောက်ကိုပင် မသိလိုက်...

ထိုသူက ပြင်ထားသော ထမင်းပွဲကို ခေါင်းညိတ်ကာ ကြည့်နေ၏။ နောက် ပက်လက်ကုလားထိုင်ထက်မှာ ဒေါ်လေးကို ကြည့်၏။ နောက်ဆုံး ကုလားထိုင်ထက်ဝယ် ကျုံ့ကျုံ့ကလေးထိုင်ကာ အိပ်ပျော်နေသော အဖြူ့ကို အတန်ကြာ ငုံ့ကြည့်နေသည်။

အတန်ကြာ တိတ်ဆိတ်နေသည်။

သည်အချိန်မှာ အဖြူက လန့်၍နိုးလာ၏။ သို့ရာတွင် သူမဘေးတွင် ရပ်နေသော လူတစ်ယောက်ကိုပင် မမြင်နိုင်သေးဘဲ ပြတင်းပေါက်မှ လှမ်း၍ လမ်းမဘက်ဆီသို့ မျှော်ကြည့်ပြန်ပါ၏။

ထိုသူက အဖြူဖြစ်ပျက်ပုံကို ကရုဏာသက်စွာကြည့်ရင်း သူ၏ ဦးခေါင်းကို ညိတ်နေသည်။

"ကိုအောင်မြင့် တစ်ယောက်ကလည်းနော် ဒီအချိန်ကျမှ လာတော့မှာ မဟုတ်ပါဘူး" အဖြူက ငိုသံလေးနှင့် ညည်းညူကာ ပြန်၍လှည့်အလာ သူမဘေးတွင် ရပ်နေသောလူကို ရုတ်တရက် တွေ့လိုက်ရသဖြင့် လန့်သလိုဖြစ်သွားရာမှ "ကိုအောင်မြင့်...ကိုအောင်မြင့်"ဟု အားရဝမ်းသာခေါ်ကာ ကိုအောင်မြင့်၏လက်များကို ဖမ်း၍ဆုပ်ကိုင်ထားလိုက်သည်။

ကိုအောင်မြင့်က ဣန္ဒြေရရပင် ပြုံး၍ အဖြူကို သူငယ်မလို ကြည့်နေ၏။ ဦးခေါင်းကိုလည်း တညိတ်ညိတ် လုပ်နေ၏။

"ဒီအချိန်အထိတောင် ကိုအောင်မြင့်ကို စောင့်နေသေးသလား အဖြူရယ်" သူက ပကတိ အေးချမ်းစွာ တစ်လုံးချင်း မေးနေ၏။

"အို...လာမယ်ဆိုထားတဲ့နောက် မိုးလင်းအောင်ပဲ စောင့်ရ... စောင့်ရ၊ အဖြူကတော့ စောင့်မှာပေါ့" အဖြူက သွက်လက်စွာ ပြောလိုက်၏။

"အားနာစရာကြီး...အဖြူရယ်၊ ကိုအောင်မြင့်က ဝမ်းလည်းနည်း

mgyoe.com

mgyoe.com


ပါတယ်" သူက ဒါပဲ ပြော၏။

"အို...ဘာ...အားနာရမှာလဲ"

"အဖြူက စောင့်နေမယ်ဆိုတာ သိလို့ ကားမရဘဲ ဆိုက်ကားကို မရအရ ငှားပြီး လာပြောရတာ"

"အပြန် မိုးချုပ်လို့ ကားမရရင် ဒီမှာပဲ အိပ်သွားတာပေါ့။ ဘာ ဖြစ်သေးလဲ"

"မပြန်လို့ ဘယ်ဖြစ်ပါမလဲ အဖြူ"

"အို...ဘယ်သူက ကဲ့ရဲ့ကော ဘာဖြစ်ရဦးမှာလဲ၊ သူများက ညား နေတယ်ပြောရင် ညားလိုက်ရုံပေါ့" အဖြူက လွှတ်၍ တင်ပစ်လိုက်၏။

ကိုအောင်မြင့်က တွန့်သွား၏။

"ညားပစ်လိုက်လို့မဖြစ်သေးဘူး အဖြူ" သူ့အသံက ပျော့လှသည်။

"ရှင်...ယောကျာ်း မဟုတ်လား ကိုအောင်မြင့်ရယ်၊ မိန်းကလေး ဖြစ်တဲ့ အဖြူကိုများ" အဖြူက ရှေ့မဆက်နိုင်တော့ဘဲ ရှိုက်၍... ရှိုက်၍ ငိုချလိုက်သည်။

ကိုအောင်မြင့်က သက်ပြင်းကို ခပ်လေးလေးချလိုက်၏။

"ကိုအောင်မြင့် ပြန်မယ်နော် အဖြူ၊ ဆိုက်ကားလည်း စောင့်ခိုင်း ထားရတယ်"

"ဒါလောက် အပင်ပန်းခံ ချက်ပြုတ်ထားတဲ့ လူတွေကိုမှ အား မနာတော့ဘူးလား ကိုအောင်မြင့်ရယ်၊ စောင့်နေတဲ့ ဆိုက်ကားသမားကို ပြန်လွှတ်လိုက်ပါ။ ဒီမှာ မအိပ်ချင်လို့ ပြန်မယ်ဆိုရင် ဆိုက်ကားရှာလို့ ရပါ သေးတယ်"

"မဖြစ်သေးဘူး အဖြူ၊ ကိုအောင်မြင့် ခု တိတ်တိတ်ကလေး လစ် လာပြီး အဖြူတို့ စောင့်နေမှာကို သိလို့ လာပြောရတာ။ ကြာရင်မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ ကိုအောင်မြင့်"

"ကနေ့ညနေ ရထားမှာ ကိုအောင်မြင့်အမေ လာမယ်ဆိုလို့ သွား ကြိုရတာ။ အမေက သူတစ်ယောက်တည်း မဟုတ်ဘဲနဲ့ ကိုအောင်မြင့်နဲ့ သူတို့ လူကြီးချင်း ပေးစားဖို့စီစဉ်ထားတဲ့ မိန်းကလေးရော၊ သူ့မိဘတွေရော

mgyoe.com

mgyoe.com
အိမ်ကိုပါ ပါလာကြလို့ သူတို့ကို ခဏလှည့်ထားပြီး ဒီကိုလစ်လာခဲ့ရတာ"

"ဘုရားရေ...ရှင်နဲ့ ပေးစားဖို့ မိန်းမတဲ့"

"ဟုတ်တယ် အဖြူ၊ တောကပါပဲ၊ အမေ့ကို စိတ်မချမ်းသာအောင် မလုပ်ချင်လို့ သူ့သဘောအတိုင်းစီမံတာကို အသာကလေး ကြည့်နေလိုက်တာပဲ"

"ကိုအောင်မြင့်"

"အဖြူ"

"တော်...ဘာကောင်းသလဲ ဟင်၊ ဘာကောင်းသလဲ" ဟု ငိုကြီးချက်မနှင့် အဖြူက ပြောကာ ကိုအောင်မြင့်၏ ရင်အုံကို သူမ၏ လက်သီးကလေးများဖြင့် ထုနေသည်ကို ကိုအောင်မြင့်က အောင့်သက်သက်နှင့် ခံနေပြီးနောက် အဖြူက အထုရပ်သွားသောအခါ "သွားမယ်နော်...အဖြူ" ဟု ပကတိ ကြွေ့ရရ နှုတ်ဆက်၍ တစ်လှမ်းချင်း လေးလံစွာ ဆင်းသွားသည်ကို အဖြူက နောက်မှ အငေးသားကြည့်ရင်း ဝမ်းနည်းပက်လက် ကျန်ရစ်ခဲ့ရပါပကောလား။

●

mgyoe.com

mgyoe.com

၊

# လိုက်ခဲ့ပါ့ မောင်တို့ရွာ

[ ၁ ]

နေညိုစောင်းရိပ်နေသော မြကန်သာဝယ် ဖြစ်ပါ၏။ နေဝင်လုနီးပေပြီ။

ကန်ပေါင်ရိုး ပတ်ပတ်လည်ရှိ စိမ်းစိုသော တောတန်းသည် ရေပြင်ဝယ် မြညိုရိပ်ကို ထင်ဟပ်လျက် ရှိနေစေ၏။ မြကန်သာ၏ ပတ်ဝန်းကျင်ဝယ် အေးမြခြင်းနှင့် တိတ်ဆိတ်ခြင်းတို့သည်သာလျှင် ရှိပါ၏။ သို့ရာတွင် အတော်အတန်ဝေးသော ရန်ကုန်–ပြည် ကားလမ်းမှ တစ်ချက်တစ်ချက်တွင် ဝေါခနဲ...ဝေါခနဲ ဖြတ်၍သန်း၍ ပြေးသွားသော ကားသံကိုကား တစ်ချက်တစ်ချက်တွင် လေသင့်သောအခါ သဲ့သဲ့လောက်တော့ ကြားရ၏။ အသံဗလံဆို၍ ဒါပဲရှိသည်။

မြညိုရိပ်သန်းနေသော ရေပြင်ကျယ်သည် ငြိမ်သက်လျက်ရှိပါ၏။ သို့ရာတွင် ခင်မေ့ရင်အုံကတော့ လှိုင်းကို တအိအိ ထနေသည်။ နိမ့်တုံတုံ မြင့်တုံတုံ၊ ဟုတ်ကဲ့...ခင်မေသည် ရေပြင်ဘေးရှိ စိမ်းစိုသော မြက်ခင်းပေါ်ဝယ်ကလေး သူငယ်မလို ခြေပစ်လက်ပစ်ထိုင်ရင်း ရှိုက်ကာ ငင်ကာ ငိုနေခြင်းကြောင့် ဖြစ်ပါ၏။ ထို့ကြောင့် ခင်မေ့ရင်အုံက လှိုင်းတအိအိထနေခြင်း ဖြစ်လေသည်။ နိမ့်တုံ...မြင့်တုံ။

ရေပြင်ကမူ ငြိမ်သက်လျက် ရှိပါ၏။

mgyoe.com

mgyoe.com


ကိုချစ်ခိုင်သည် ငြိမ်သက်နေသော ရေပြင်ကျယ်ကို လေးနက်သော သမာဓိ တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေဖြင့် လှမ်းကြည့်နေလေသည်။ သူ၏ဘေးဝယ် ကလေးမလို ခြေပစ်လက်ပစ်ထိုင်ရင်း ရှိုက်ကာငင်ကာ ငိုနေသော မိန်းမပျိုကိုပင် များစွာ သဘောထားမိပုံ မရသကဲ့သို့ သူ၏ အမူအရာသည် အေးချမ်းပေါ့ပါးလှသည်။ မခန့်လေးစား သဘောထား အမူအရာမျိုးတော့ကားမဟုတ်၊ ကရုဏာသန်းသော အရိပ်သည်လည်း သူ့မျက်လုံးများတွင်တော့ ရှိပေသည်။

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်၌ ခင်မေ၏ ရှိုက်သံသည် ကျယ်လောင်သည်ဟု ထင်ရ၏။ ခင်မေက ခုထက်ထိပင် မကျေမချမ်း ဖြစ်နေရ လောက်အောင် ဘယ်လို အစိုင်အခဲမျိုးကိုများ မျိုသိပ်ချုပ်တည်း လာခဲ့ရ၍ လဲ။ ဘယ်လောက်များ ထုထည်နှင့် အဆောက်အအုံက ကြီးမားနေ၍ပါလဲ။

ခင်မေ့ရင်အုံကတော့ လှိုင်းလို တအိအိ ထနေတုန်းပင် ဖြစ်ပါ၏။ သို့ရာတွင် ခင်မေ့ရှေ့က ရေပြင်သည်တော့ ငြိမ်သက်နေပေသည်။ ပတ်ဝန်းကျင်မှာ အေးချမ်းနေသလို ခင်မေရဲ့ ကိုချစ်ခိုင်ကလည်း အေးချမ်းနေပေ သည်။ ခင်မေတစ်ယောက်ကသာ ဟုတ်ကဲ့... ငိုနေခြင်း ဖြစ်လေသည်။ သို့ရာတွင် နေက ဝင်လုနီးနေပေပြီ။

[ ၂ ]

ခင်မေ့အဖို့တော့ သူမ၏ ကျဉ်းမြောင်းလှသော အဘိဓမ္မာအမြင်၌ ဟုတ်ကောင်းလည်း ဟုတ်နေပေမည်။ ကလေးသူငယ်မ၏ စမ်းတဝါးဝါး နှင့် ဝိုးတဝါးလောက်သာ သိသောမြင်သော လူ့ဘောင်အတွင်းမှအသိကို တကယ့်အသိ ဟူ၍ ထင်မြင်က ထင်နေပေမည်။ ခင်မေက သူမသိသော အသိဖြင့် သူမ၏ မြင်ကွင်းကွက်ကွက်ကလေးကို ကြည့်ကာမြင်ကာမျှနှင့် စကြဝဠာကြီးနှင့် သဘာဝကြီး တစ်ခုလုံးကိုပင် သိနေမြင်နေသည်ဟု အထင် ရောက်ချင်လည်း ရောက်နေရှာပေမည်။ သည်အတိုင်းသာဆိုရင်တော့ ခင်မေသည် အလွန်တရာ သနားဖွယ်ရာကောင်းသော ကလေးသူငယ်မ ကလေးတစ်ယောက်သာ ဖြစ်ရှာပေတော့မည်။

mgyoe.com

mgyoe.com

ကိုချစ်ခိုင်က သည်လိုပဲ ခင်မေ့ကို မြင်၏။ သဘောထား၏။ ထို့ကြောင့် ခင်မေ၏ ကလေးသူငယ်မလို ငိုယိုနေခြင်းအား တုံဏှိဘာဝေ ဆိတ်ဆိတ်ပင် ကြည့်နေခြင်းဖြစ်၏။ သူသည် ခင်မေ့ကို ချော့မော့၍ နားသွင်းခဲ့ပေါင်းကား ကြာမြင့် များပြားခဲ့ပေပြီ။ သို့ရာတွင် ခင်မေသည် သူမ၏ ကလေးသူငယ်မ ကမ္ဘာကို အလွန်တရာ တပ်မက်စွဲလမ်းပုံရ၏။ ထိုကပ် ကမ္ဘာမှ မထွက်ချင်။ ခင်တွယ်လှ၏။

ကိုချစ်ခိုင်က ခင်မေ့ကို အဘယ်သို့မျှ ချော့မော့ဖျောင်းဖျ၍ ခေါ်မရ၊ ပြုမရသော ကလေးသူငယ်မတစ်ယောက်လို မြင်နေရသကဲ့သို့ ခင်မေ့အဖို့၌ ကိုချစ်ခိုင်သည်လည်း အဓိပ္ပာယ်မရှိသော အိပ်မက်ကို ငိုက်မျဉ်းမြင်မက်ရင်း ထိုအိပ်မက်ထဲ၌ လျှောက်သွားနေသူမျှသာလျှင် ဖြစ်ပေသည်။

တစ်ယောက်နှင့်တစ်ယောက် တွေ့ကြုံသိကျွမ်း၍ ချစ်ခင်ရင်းနှီးခဲ့ကြသည်မှာလည်း သုံးနှစ်ပင်ကျော်ခဲ့ပြီ ဖြစ်ပါ၏။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် အတူတကွ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရေးမှာကား စဉ်းစား၍ မရကြသေး၊ မဖြစ်ကြသေး၊ တော်တော်ကလေး လှမ်းဝေးနေ၏။

ခင်မေ တွေ့၍သိသော ချစ်သူ ကိုချစ်ခိုင်သည် ဥပဒေတန်း ကျောင်းသားကြီး ကိုချစ်ခိုင် ဖြစ်လေသည်။ ဥပဒေတန်း အောင်မြင်ပြီးသောအခါ ကိုချစ်ခိုင်သည် အစိုးရအလုပ် တစ်ခုခုကို ဝင်ရောက်လုပ်ကိုင်၍ သားမယားနှင့် ကြီးပွားအောင် ကြံဆောင်လုပ်ကိုင်မည့် လင်ယောကျ်ားတစ်ဦးတစ်ယောက်အနေနှင့် ခင်မေက မျှော်မှန်းခဲ့သည်။ ကိုးစားထင်မှတ်ခဲ့သည်။ ထိုတွေ့စဉ်ကာလ ခင်မေသည် တက္ကသိုလ်ရောက်ခါစ ဥပစာတန်းကျောင်းသူကလေး ဖြစ်ပါ၏။

သို့ရာတွင် ခင်မေရဲ့ မျှော်မှန်းကိုးစားချက်နှင့် ကိုချစ်ခိုင်က လုပ်ကိုင်နေပုံမှာ တစ်စထက်တစ်စ ဆန့်ကျင်ဘက် ဖြစ်လာလေသည်။ ကိုချစ်ခိုင်က တက္ကသိုလ်နယ်မြေမှ မထွက်မီပင် ဒီမိုကရေစီ ပညာရေးကို ကျောင်းသားထုက တိုက်ခိုက်တောင်းဆိုရမည်ဟု သမဂ္ဂစင်မြင့်ပေါ်မှ ကြွေးကြော်၏။ တက္ကသိုလ်ပညာရေးကို ပြည်သူ့ပညာရေး လုပ်ပစ်ရမည်ဟု အော်၏။ သူက

mgyoe.com

mgyoe.com


ကျောင်းသားခေါင်းဆောင် တစ်ယောက်အဖြစ်မှ အပြင်ဘက်သို့ လျှောက်သွားသောအခါ၌ ဖဆပလ အစိုးရကို ပြည်သူလူထုက ဖြုတ်ချ၍ ပြည်သူ့ဒီမိုကရေစီ အစိုးရကို တည်ထောင်ရမည်ဟု အော်သည်နှင့်အမျှ လုပ်၍လည်းနေတော့၏။ သူသည် အစိုးရရာထူးနှင့်ကား ဝေးလေပြီ။ ဒလနှင့် ဒေါပုံ အလုပ်သမားများအကြားသို့ ရောက်နေ၏။ ဓနိတောနှင့် တညင် အလုပ်သမားများနှင့် ဆွေမျိုးဉာတိလို သွားရောက်နေထိုင်၏။

ခင်မေက သူ့ကို တွေ့ဖို့ရန် ကြိုးစားရ၏။ တွေ့ဖို့ရန်မှာလည်း တော်တော် ဖမ်းရခက်လှသည်။ သူသည် လမ်းဘေး ငါးမုန့် အဝစားဆိုင်များတွင် ကုန်း၍လွေးနေသောအချိန်၌ ခင်မေက သူ့ကို တွေ့ရ၏။

"စားပါဦးလား ခင်မေ၊ ကိုယ်တော့ ဆာတာနဲ့ ကြိတ်ရတော့တာပဲ"

"သြော်...သနားစရာပဲ" ခင်မေက ဒါပဲပြောကာ လှည့်၍ထွက်သွားလေသည်။ သည်လို ထွက်သွားသော ခင်မေကို သူက လိုက်၍လည်း မချော့၊ တောင်းပန်ခြင်းလည်း မပြု။ သည်လိုနှင့် နေခဲ့ရသည်မှာ သုံးနှစ်ပင် ကျော်ခဲ့ရပါပကော။

တစ်ခါတစ်ရံ ကိုချစ်ခိုင်က ခင်မေကို သူနှင့်အတူ ဆင်းရဲအတူ၊ ချမ်းသာအမျှ ပေါင်းသင်းနေထိုင်ရန် ပြောတတ်၏။ သူသည် ကွန်မြူနစ်ဝါဒကို သက်ဝင်ယုံကြည်သဖြင့် အနာဂတ် လူ့ဘောင်သစ်ကို တည်ဆောက်မည့် ကမ္ဘာ့ပစ္စည်းမဲ့ အရေးတော်ပုံ၏ ဘက်တော်သားဖြစ်သောကြောင့် အရင်းရှင် မြေရှင်စနစ် လွှမ်းမိုးနေသေးသော အခိုက်အတန့်တွင် ဆင်းရဲစွာ ဝတ်ပြတ်နေရခြင်းထက် လွန်ကဲသောဒုက္ခများကိုလည်း တွေ့ရ ကြုံရဦးမည်ဖြစ်ကြောင်းကို အကျိုးအကြောင်းနှင့် ရှင်းလင်းပြောပြသောအခါ၌ ခင်မေက တစ်ဖက်သို့ လှည့်နေတတ်၏။ သည်လိုနှင့် သုံးနှစ်ပင် ကျော်ခဲ့ရပေသည်။

## [ ၃ ]

ယခုတစ်ကြိမ် ခင်မေက အကြိမ်ကြိမ် ကြိုးစား၍ ချိန်းယူမှာထားကာ မြကန်သာ၌ တွေ့ဆုံခြင်းမှာ နောက်ဆုံးသော တွေ့ခြင်းပင် ဖြစ်လေမည်လားဟု ခင်မေကတော့ စောစောကပင် တွေးမိလေသည်။

mgyoe.com

mgyoe.com

ခင်မေသည် ယခုအခါ တက္ကသိုလ်သက် တော်တော်ရင့်ကျက်နေပြီဖြစ်သော ဝိဇ္ဇာတန်း နောက်ဆုံးနှစ် ကျောင်းသူကြီးတစ်ယောက်ကားဖြစ်ခဲ့လေပြီ။ ယခင် ကိုချစ်ခိုင်နှင့် တွေ့ခါစကလို အရေမပါးလှတော့။ အသည်းလည်း မငယ်လှတော့၊ သို့ရာတွင် အလွန်တရာ သဘောထားကြီးမြတ်၍ ယောကျ်ားပီသလှသော ကိုချစ်ခိုင်ကိုတော့ကား ရင်ထဲ နှလုံးထဲက ချစ်ခင်တပ်မက်သည်။ သည်လို လူတစ်ယောက်နှင့်တော့ မလွဲမဖယ်ချင်၊ ထို့ကြောင့် လက်ရှိ ခင်မေ့အတွက် အဓိပ္ပာယ်မရှိသော အလုပ်ကို စွန့်လွှတ်၍ အစိုးရအလုပ်တစ်ခုကို အမြန်ဆုံး ရှာကြံ၍ အတူတကွ နေထိုင်ဖို့ စီမံရန် ခင်မေက ငိုယိုပြောဆိုနေခြင်းအား ကိုချစ်ခိုင်က မည်သို့မျှ ပြန်မပြောဘဲ ငေးစိုက်နားထောင်နေခြင်း ဖြစ်လေသည်။

ခင်မေက သူမ၏ ကလေးသူငယ်မ၏အမြင်၌ တွေ့ရသော ကမ္ဘာသို့ ချစ်သူ ကိုချစ်ခိုင်အား ဆွဲခေါ်ယူနေခြင်း ဖြစ်သည်။ ဒါကိုလည်း ကိုချစ်ခိုင်က သည်းညည်းခံ၍ နားထောင်ရပေ၏။ ဒီမိုကရေစီအခွင့်အရေးပင် မဟုတ်ပါလား။ မျှတစွာ ကြားနာရမည်။ ကိုယ်ပိုင်ရွေးချယ်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်လည်း ရှိရပေမည်။

"ကဲ…ငိုနေလို့ မပြီးသေးဘူး ခင်မေ၊ ခုလည်း ကိုချစ်ခိုင်ကို အစိုးရက ဖမ်းဖို့ ဝရမ်းထုတ်ထားလိုက်ပြီ။ အဲဒါ မင်း ကိုချစ်ခိုင်ကို ချစ်နိုင်မယ်၊ လက်ခံနိုင်မယ်ဆိုရင် ကိုချစ်ခိုင်နောက်ကို တစ်ခါတည်း လိုက်ခဲ့ဖို့ပဲ ရှိတယ်။ ကိုချစ်ခိုင်ကတော့ မင်းကို လိုက်ဖို့တော့ သိပ် မတောင်းပန်ချင်လှဘူး။ ပြောရုံလောက်ပဲ ပြောချင်တယ်။ ဘာပြုလို့လဲဆိုတော့ မင်း ကိုချစ်ခိုင်ကိုချစ်လို့ လိုက်မယ်ဆိုရင် မင်း တပ်မက်တဲ့ ကမ္ဘာကို မေ့ရလိမ့်မယ်"

ငြိမ်သက်သော ရေပြင်ကိုကြည့်ရင်း ကိုချစ်ခိုင်က တည်ငြိမ်စွာ တစ်လုံးချင်း စည်၍ပြောပြလိုက်၏။

ရုတ်တရက် ခင်မေက အငိုရပ်သွားလေသည်။

"ဘာ…ရှင့်နောက်ကို လိုက်ရမယ်၊ ဟုတ်လား"

"လိုက်ရမယ် မပြောပါဘူး၊ လိုက်မယ်ဆိုရင်လို့ ပြောတာပါ"

"ရှင်ဟာ ဘာမှအဓိပ္ပာယ်မရှိတဲ့ အလုပ်ကိုလုပ်လို့ ခုလို ဒုက္ခ

mgyoe.com

mgyoe.com


တွေ့ရတာပဲ။ စောစောကတည်းက ကျွန်မ အပြောသားပဲ။ ရှင့် အလုပ်တွေကို ရပ်လိုက်ပါလို့ဆိုတာ။ ဒါကို ရှင်ကမှ ဂရုမစိုက်ဘဲကိုး"

"ဒါလောက်ပြောရရင်လည်း တော်ရောပေါ့ ခင်မေ၊ ကဲ...နောက် မင်း ကိုချစ်ခိုင်နဲ့ ဘယ်တော့မှ ပြန်တွေ့ရမယ်လို့တော့ သေသေချာချာ မပြောနိုင်ဘူး။ ကိုချစ်ခိုင်ကတော့ ကိုချစ်ခိုင်နဲ့ တော်တဲ့နေရာ အရပ်ကို သွားရလိမ့်မယ်။ မင်းကိုတော့ လိုက်မယ်ဆိုရင် တစ်ခါတည်း ခေါ်သွားချင်လိုက်ပါရဲ့ကွယ်...

ခင်မေက ငိုင်နေ၏။ တစ်ဖက်သို့လည်း လှည့်ထား၏။ ဘာရယ်တော့မျှ မပြော။

"မင်းကို ကိုချစ်ခိုင် ဘယ်လောက် ချစ်သလဲ ခင်မေ၊ မင်းကလည်း ကိုချစ်ခိုင်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုချစ်ခိုင် သိပါတယ်ကွယ်။ တို့များ တစ်ယောက်ကိုတစ်ယော ၅ သုံးနှစ်ကျော်ကျော် ချစ်ခဲ့ကြပြီးမှ ခင်မေရယ် မင်း လိုက်ခဲ့ပါတော့လားကွယ်။ ဟိုမှာ မင်း အသစ်အသစ်တွေကို အံ့သြလောက်အောင် ပျော်အောင်ထားပါ့မယ်ကွယ်"

ခင်မေက တစ်ဖက်သို့ လှည့်နေရာမှ နားနှစ်ဖက်ကို ရုတ်တရက်ပိတ်လိုက်ပြီးနောက် ယခုအချိန်၌ တောင်းပန်နေသော ကိုချစ်ခိုင်လို လူတစ်ယောက်ကိုပင် အဖက်လုပ် လှည့်ကြည့်ဖော်မှပင် မရတော့ဘဲ မလှမ်းမကမ်း ခပ်စောစောက ရင် ာားခဲ့သော ကားဆီသို့ ထွက်သွားလေသည်။

"ခင်မေ"

ခင်မေက လှည့်မကြည့်တော့။

"ခင်မေရေ...ဟေး...ခင်မေ"

ခင်မေက လှည့်၍မှပင် မကြည့်တော့...

ကိုချစ်ခိုင်က ဦးခေါင်းကို ငိုက်စိုက်ချလိုက်သည်။ သူသည် ခင်မေကို ခေါ်၍မရတော့ ငြိမ်သက်နေသော ရေပြင်ကို လှမ်း၍ကြည့်ကာ သူသည် စောစောက လှုပ်ရှားခြင်းကို ပြန်လည် ငြိမ်သက်ရေးရရှိရန် ကြိုးစားနေပုံရ၏။

နေညိုစောင်းရိပ်သော မြကန်သာဝယ် ဖြစ်ပါ၏။ သို့ရာတွင် နေကားဝင်သွားခဲ့လေပြီ။

mgyoe.com

mgyoe.com

# မိုးမမြင် လေမမြင်

[ ၁ ]

နံနက် ကိုးနာရီသာသာ၊ ဆယ်နာရီခန့်ဖြစ်၍ ပူနွေးသော နေရောင်ခြည် သည် ဖွင့်၍ထားသော ခေါင်းရင်း ပြတင်းပေါက်တံခါးပေါက် ခပ်တည်း တည်းဖြစ်နေသော အခန်းအတွင်း၌ တစ်စထက်တစ်စ ယှက်ဖြာဝင်ရောက် လာသည်။ နေရောင်ခြည်ကြောင့် အခန်းအတွင်း၌ တဖြည်းဖြည်း ပူနွေးစ ပြုလာသည်။ လင်း၍လည်းလာသည်။

ရန်ကုန်ဆေးရုံကြီး၏ အထူးခန်းမကြီး တစ်ခန်းအတွင်း၌ ဖြစ် လေသည်။ ထိုအထူးခန်းအတွင်း၌ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ သို့ရာ တွင် အခန်းအတွင်း၌ကား လူနှစ်ယောက်တော့ရှိသည်။ လူတစ်ယောက်မှာ ခုတင်ထက်တွင် မှိန်းနေသော အမျိုးသမီး လူမမာဖြစ်၍ ကျန်လူတစ်ယောက် မှာ ထိုလူနာအား လာရောက်ကြည့်ရှု နှစ်သိမ့်နေဟန်ရှိသော အပြင်လူဖြစ် သည်။

ခုတင်ထက်၌ မှိန်းနေသော အမျိုးသမီး လူမမာအား အသက် အစိတ်လောက် ခန့်မှန်းရလိမ့်မည်။ ခုတင်၏ခေါင်းရင်းဘေး၌ ရပ်လျက် မှိန်းနေသော လူမမာအား စိုးရိမ်ပူပန်စွာ ငေးစိုက်ကြည့်ရှုနေသော အပြင် လူကိုကား အသက်သုံးဆယ်သာသာလောက် ခန့်မှန်းရလိမ့်ဖြစ်သည်။

mgyoe.com

mgyoe.com


လူမမာနှင့် အပြင်လူသည် လင်နှင့်မယား ဖြစ်ကြသည်။ သို့ရာတွင် ထိုလင်မယား၌ သားသမီးများ ထွန်းကားသေးဟန် မတူပေ။ ကလေးတစ်ယောက်မျှ ပါမလာသောကြောင့် ထိုသို့ ခန့်မှန်းရခြင်း ဖြစ်သည်။ ထို့အတူ ထိုလင်မယား၌ ရန်ကုန်မြို့တွင် ရင်းရင်းချာချာ ဆွေမျိုးဉာတကာများလည်း ရှိဟန်မတူ။ ဘေးလူတစ်ယောက်မျှ ပါမလာသောကြောင့် ထိုသို့ ခန့်မှန်းရခြင်း ဖြစ်သည်။

ခုတင်ထက်တွင် မလှုပ်မယှက်နှင့် ငြိမ်သက်စွာ မှိန်းနေသော မယားလုပ်သူ၏ မျက်နှာကလေးကို ကြာမြင့်စွာ ငေးစိုက်၍ ကြည့်ရှု၍နေရာမှ လင်ဖြစ်သူသည် သက်ပြင်းကို ခပ်လေးလေး ချလိုက်သည်။ လွန်ခဲ့သော နှစ်နှစ်သာသာခန့်လောက်က တစ်ဦးနှင့်တစ်ဦး တွေ့ဆုံ၍ ကျွမ်းခဲ့ကြရာမှ ရင်းနှီးလက်ထပ်ခဲ့ကြသော မိမိတို့ဇနီးမောင်နှံ၏ အတိတ်ဇာတ်ကြောင်းကို ထိုသူသည် ပြန်လည် မြင်ယောင်လျက်ရှိသည်။

"ခင့်ကို မောင် လက်ထပ်ပါရစေတော့လား ခင်ရယ်" ဟု တောင်းပန်ခဲ့စဉ်က ခင် ရှက်သွေးမွှန်နေခဲ့ပုံ ကလေးများကို မောင်သည် ပြန်လည် မြင်ယောင်လာသည်။

နောက်ဆုံး၌ "မောင့် သဘောပဲလေ"ဟု ခင်က ခေါင်းကလေး ငုံ့၍ ပြောခဲ့သည်။

သို့နှင့် သူတို့နှစ်ဦးနှစ်ဖက်စလုံး၌ ဆွေမျိုးသားချင်းများလည်း မရှိကြသဖြင့် တရားရုံးတော်တစ်ခု၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ အကြင်လင်မယား ပဋိညာဉ်စာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ပဋိညာဉ်စာချုပ်၌ လက်မှတ်ရေးထိုး ပြီးစီးသွားသောအခါ မောင်က ကြိုတင်၍ ပြုလုပ်ထားခဲ့သော မြလက်စွပ်ကလေးတစ်ကွင်းကို ခင့်အား ကိုယ်တိုင် ဝတ်ဆင်ပေးခဲ့သည်။

ယခုအခါတွင် သူတို့ဇနီးမောင်နှံ၏ အိမ်ထောင်ရေးသက်တမ်းသည် နှစ်နှစ်ကျော်လွန်ခဲ့လေပြီ။ ထိုနှစ်နှစ်အတွင်း အိမ်ထောင်သည်တို့ဘာဝ ပျော်ရွှင်စရာ အမျိုးမျိုးနှင့် နောက်ကျိစရာ အမျိုးမျိုးတို့ကိုလည်း ကျော်လွှားဖြတ်သန်းလာခဲ့ပြီးလေပြီ။

mgyoe.com

mgyoe.com


တစ်ခါတစ်ရံ တစ်ဦးနှင့်တစ်ဦး စိတ်အခန့်မသင့်သောအခါ "ခင်တော့ မောင်နဲ့ လက်ထပ်မိတာ မှားတာပါပဲလေ"ဟု ခင်သည် ဝမ်းနည်းစကား ပြောဆိုတတ်၏။ ထိုစကားကို ခင်သည် လေးလေးပင်ပင် ပြောဆိုခြင်းပင် ဖြစ်သလော၊ မောင်သည် မဆုံးဖြတ် မဝေခွဲနိုင်ခဲ့ပေ။ သို့ရာတွင် တစ်ဦးနှင့်တစ်ဦး စကားအခန့်မသင့်ကြသောအခါတိုင်း ခင်သည် ထိုကဲ့သို့သာ ပြောဆိုတတ်လျက် ထိုဝေါဟာရကိုသာလျှင် စွဲစွဲမြဲမြဲ သုံးစွဲခဲ့သည်။

မောင်သည် ထိုအကြောင်းကို ပြန်လည် စဉ်းစားလျက်ရှိရာမှ ခင်၏နွမ်းနယ်သော လက်ဖဝါးကလေးကို ကြင်နာယုယစွာ ကိုင်တွယ် လိုက်သည်။ ၎င်းနောက် ခင်၏ လက်ဖဝါးကလေးကို ခပ်ဖြည်းဖြည်း ညှစ်ထားလိုက်သည်။

"ဘာမှ မစိုးရိမ်ပါနဲ့ ခင်ရယ်၊ မောင်တစ်ယောက်လုံး ခင့်ဘေးမှာ ရှိပါတယ်ကွယ်"ဟု ဝမ်းထဲမှ ခပ်တိုးတိုး ပြောဆိုလိုက်သည်။

မှိန်းနေသော လူမမာသည် ချစ်လင်ဝမ်းထဲ၌ ပြောဆိုခြင်းပြုလိုက်သော စကားကို ကြားလည်းကြား၍ နားလည်းလည်လိုက်ဘိသကဲ့သို့ မျက်လုံးကို ဖြည်းညင်းစွာ ပွင့်လာပြီးလျှင် အနည်းငယ် ပြုံးလိုက်သည်။ ပြီးနောက် ခေါင်းရင်းဘက်တွင် ပူပန်သောမျက်နှာနှင့် ငေးစိုက်ကြည့်နေသူအား လှမ်းမော့၍ ကြည့်လိုက်သည်။

မောင်၏ရင်ထဲ၌ အေးခနဲ ဖြစ်၍သွားသည်။ သို့ရာတွင် ကြိုးစား၍ ခင့်အား ပြုံးပြလိုက်သည်။ သည့်နောက် ခင်သည် မျက်လုံးကို ပြန်၍ မှေးထားလိုက်သည်။ နှုတ်ခမ်းနှစ်ခုသည်လည်း တစ်စုံတစ်ရာကို ပြောဆိုနေသလိုလို၊ သို့မဟုတ် ဆီမန်း မန်းနေသလိုလို လှုပ်လှုပ်ရှားရှားလုပ်နေသည်။

"မောင်နဲ့ လက်ထပ်ခဲ့တာ မမှားပါဘူးကွယ်၊ မောင်က ခင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ခင် နားမလည်သေးလို့ပါ။ တစ်နေ့တော့ ခင် နားလည်လာပါလိမ့်မယ်ကွယ်"ဟု မောင်သည် ပြောဆိုလိုက်ချင်လှ၏။ ၎င်း၏မေတ္တာ အနန္တကိုလည်း ထိုမိန်းမ နားလည်အောင်ဖွဲ့နွဲ့၍ ရှင်းလင်း ပြောပြလိုလှ၏။ သို့ရာတွင် နှုတ်မှတော့ ထွက်မလာ။ လည်ချောင်းထဲ

mgyoe.com

mgyee.com

တွင်ပင် ပျောက်လွင့်သွားလေသလောလား မပြောတတ်ပေ။

မောင်သည် ရင်ထဲ၌ ပူလောင်လာပြန်၏။ မောင်သည် နား မလည်နိုင်သော ထိုမိန်းမအား အဘယ်နည်း အဘယ်ပုံ ပြောပြရပါမည်နည်း။ သို့ရာတွင် အချိန်သည် များများမရှိတော့ပေ။ အနည်းငယ်မျှသာ ကျန်၏။ ထိုအနည်းငယ်သော အချိန်အတွင်း အင်အားဆုတ်ယုတ်နေသော မယားလုပ်သူအား မောင်၏မေတ္တာ အသချေကို အဘယ်သို့ ပြောရအံ့နည်း။ လင်မယားချင်း စိတ်အခန့်မသင့်သော အခါတိုင်းလိုလို "ခင်တော့ လင်ယူမှားခဲ့ပြီ"ဟု ပြစ်တင်ပြောဆိုလေ့ရှိသော ချစ်ဇနီးအား သူ၏ မေတ္တာတော်ကြီးမားခြင်းအကြောင်းကို သူသည် တစ်ကြိမ်တစ်ခါကမျှ ပြောပြရန် စိတ်ကူးမပေါ်ခဲ့ပေ။ တစ်နေ့သောအခါ သူ့အလိုလို နားလည်လာလိမ့်မည်ဟုသာ အောက်မေ့ကာ ခပ်အေးအေး ခပ်မှန်မှန် နေခဲ့သည်။

သို့ရာတွင် ထိုတစ်နေ့သောအခါသည် ရောက်မလာမီပင် ခင့်အား အူတွင် အတက်ပေါက်သောရောဂါဖြင့် အရေးတကြီး ဆေးရုံသို့ တင်ခဲ့ရသည်။ ခင့်ရောဂါသည် လွန်စွာ စိုးရိမ်စရာရှိသည်ဟု ဆရာဝန်ကြီးများက ပြောဆိုကြ၏။ အမြန်ဆုံး ခွဲစိတ်ကုသရမည်ဟု အကြံပေး၏။ ပိုက်ဆံလည်း တော်တော်ကုန်ကျလိမ့်မည်ဟု တွက်ချက်ပြကြသည်။

မောင်သည် တစ်ခွန်းတည်းသော စကားကိုသာ ပြောဆိုလိုက်သည်။

"ဒီလောကမှာ ကျွန်တော့်မိန်းမအသက်နှင့် ကျန်းမာဖို့ထက် ကျွန်တော့်အတွက် ဒီ့ပြင် ဘာမှ အရေးမကြီးပါဘူး ခင်ဗျာ။ ငွေ ဘယ်လောက်ပဲ ကုန်ကုန် ကုန်ပါစေ၊ ကျွန်တော့်မိန်းမအသက် ပြန်ရရင် တော်ပါပြီ"

မောင့်အတွက် ခင့်ထက် အရေးကြီးသောအရာသည် ဤကမ္ဘာပေါ်၌ မရှိပေ။ ခင်သည် ဤကမ္ဘာ၌ မောင်၏ ရပ်တည်ရာဖြစ်သည်။ ခင်မရှိသောကာလ၌ ဤကမ္ဘာတွင် မောင်၏ ရပ်တည်ရာသည် မရှိနိုင်တော့ပေ။

သို့ရာတွင် ခင်ကတော့မူ မောင်၏မေတ္တာ အသချေကို မသိရှာခဲ့ပေ။ စိတ်အခန့်မသင့်သော အခါတိုင်း "ခင်တော့ လင်ယူမှားခဲ့ပြီ" ဟုသာ

mgyee.com

mgyoe.com


လွယ်လင့်တကူ ပြောဆိုပစ်လိုက်စတတ်သည်။

ယခုအခါတွင် အချိန်သည် များများစားစား မကျန်တော့ပေ။ ခင်၏အသက်ကို သေမင်းလက်ဝယ်မှ သမားတော်ကြီးများက လုယက်ယူငင်ရမည့်အချိန်သည် နာရီပိုင်းမှ မိနစ်ပိုင်းသို့ ရွေ့လျားလာခဲ့လေပြီ။ ထိုမိနစ်အနည်းငယ်အတွင်း မျက်လုံးကိုပင် မဖွင့်နိုင်ရှာသော ချစ်ဇနီးလူမမာအား သူသည် အဘယ့်သို့ ပြောဆိုဦးမည်နည်း။ သမားတော်ကြီးများသည် ခင့်အတွက် တတ်စွမ်းနိုင်သမျှ အားထုတ်ရင်း မပြောကောင်းပြောကောင်း ဟန်မကျခဲ့သော် ခင်သည် တစ်ဖက်သတ် အထင်လွဲမှားသောစိတ်ဖြင့် မောင့်ကမ္ဘာမှ ထွက်ခွာသွားတော့မည် မဟုတ်သလော၊ ထိုအဖြစ်ကို မောင်သည် မည်သည့်နည်းနှင့်မျှ အဖြစ်မခံနိုင်ပေ။

မောင်သည် ကျန်ရှိနေသေးသော အချိန်အနည်းငယ်အတွင်း၌ ခင်၏ တစ်ဖက်သတ် အထင်လွဲမှားနေမှုကို မည်ကဲ့သို့ ရှင်းလင်းပြောဆိုရမည်နည်း။ မောင်သည် သူ၏လက်ပတ်နာရီကို အသာလှမ်း၍ ကြည့်လေသည်။ ဆယ်နာရီထိုးပြီး၍ ဆယ်မိနစ်ပင် လွန်သွားခဲ့ပေပြီ။ ဆယ်နာရီနှင့် ဆယ့်ငါးမိနစ်အချိန်တွင် ခင့်အား ခွဲစိတ်ကုသသော ခန်းမကြီးအတွင်းသို့ ဆေးရုံကြီးမှ သက်ဆိုင်ရာ အလုပ်သမားများသည် လာရောက်ယူဆောင်သွားကြပေတော့မည်။ ငါးမိနစ်မျှသော အချိန်သာ ကျန်၏။ ထိုအချိန်ကာလအတွင်း သူသည် သူ့စကားကို ကောင်းစွာပင် ကြားနိုင်ဟန်မရှိသော ဇနီးလူမမာအား ဘာတွေများ ပြောဆိုနိုင်ဦးမည်နည်း။

"ဘုရား...သိကြားမလို့ ခင်တစ်ယောက် အသက်မသေပါစေနဲ့ ခင်ဗျာ"ဟု သူသည် ကြောက်လန့်တကြားနှင့် ကယောင်ကတမ်း ဆုမွန်တောင်းလိုက်မိသည်။ သူ့အတွက် နတ်ဘုရားတို့သာလျှင် ခိုလှုံအားထားရန် ရှိတော့၏။

နောက်ဆုံး၌ သူသည် ခင့်နဖူးပြင်ကလေးကို ကုန်း၍ မွှေးမွှေးပေးနေမိသည်။ သူသည် ဒါပဲ ပြောနိုင်၏။ ဒါပဲ ပြောတတ်၏။

ခင်၏ လေးလံသော မျက်လုံးများ တဖြည်းဖြည်း ပြန်ပွင့်လာသည်။ ပြီးတော့ ခင့်မျက်နှာကလေး၌လည်း ပြုံးယောင်သန်းလာသည်။

mgyoe.com

mgyoe.com


သို့ရာတွင် ခင်၏အပြုံးသည် အလွန် အားနည်းလျက်ရှိသည်။

"ဘာမှ မစိုးရိမ်ပါနဲ့နော်၊ ခင် မောင်အနားမှာ စောင့်နေပါ့မယ် ကွယ်"ဟု ခင်၏နားအနီးသို့ကပ်၍ ခင် ကြားနိုင်လောက်အောင် ပြောဆို လိုက်သည်။

ခင်သည် မောင်၏စကားကို ကြားသည် မကြားသည် နားလည် သည်၊ သို့မဟုတ် နားမလည်သည်ကိုကား အသေအချာ မပြောနိုင်ပေ။ သို့ရာတွင် ဦးခေါင်းကိုကား ညိတ်ရုံမျှသာ ညိတ်ပြလေသည်။

ထိုအခိုက်မှာပင် အသက်ငယ်ရွယ်သော သူနာပြုဆရာမကလေး တစ်ဦးသည် ဆေးရုံအလုပ်သမားနှစ်ဦးနှင့်အတူ အခန်းအတွင်းသို့ ဝင်၍ လာသည်။ ထိုဆေးရုံ အမှုထမ်းများနှင့်အတူ လူမမာတင်သော လှည်း ကလေးလည်း ပါလာ၏။

မောင်သည် တုံဏှိဘာဝေ ကြည့်နေ၏။ သတိပြန်ရလာသောအခါ ခင်အား လူနာတင်လှည်းကလေးပေါ်တွင်တင်ကာ ယူဆောင်၍ သွားကြ လေပြီ။

"ခင်ရေ…ခင်" မောင်သည် လန့်ဖျပ်၍ အော်ခေါ်ရင်း ခင့်နောက် သို့ ပြေးလိုက်သွားသည်။

[ ၂ ]

ခွဲစိတ်ကုသသော အခန်းတံခါးဝ၌ ဆရာဝန်ကြီးနှင့် လက်ထောက် ဆရာဝန်၊ ဆရာဝန်မများအပြင် သူနာပြုဆရာမများကို တွေ့ရလေသည်။ ခင့်ကိုမူကား အခန်းအတွင်းသို့ သွင်းလိုက်ကြလေပြီ။

"ခင့်ကို ခွဲစိတ်ကုသရတာ ဘယ်လောက်များ ကြာပါ့မလဲ ဆရာ ရယ်"ဟု မောင်သည် ဆရာဝန်ကြီးအား ထိတ်လန့်ပူပန်စွာ မေးလိုက်မိ သည်။

"ဒါမျိုးဆိုတာ တိတိကျကျ ပြောလို့မရဘူး မိတ်ဆွေ"ဟု ဆရာ ဝန်ကြီးက သမားကောင်းပီပီ ညင်ညင်သာသာနှင့် သိမ်သိမ်မွေ့မွေ့ ပြော ဆိုခြင်း ပြုသည်။

mgyoe.com

mgyoe.com


"ခင့်ကို ခွဲစိတ်ကုသရမယ့်အလုပ်က တော်တော်များ ခက်ခဲနေမလား ဆရာရယ်"

"ဒါကိုလည်း တိတိကျကျ ပြောလို့မရဘူး မိတ်ဆွေ"

"ခင်များ သိပ်ခံနေရဦးမှာလား ဆရာရယ်"

"ခက်တယ်ဗျာ၊ ဒါကိုလည်း တိတိကျကျ ပြောလို့မရဘူး မိတ်ဆွေ"

မိမိ အရေးတကြီး သိရှိလို၍ အသက်ပင် မရှူနိုင်ဘဲ မေးမြန်းနေသော မေးခွန်းများအား ဆရာဝန်ကြီး ဖြေကြားနေပုံနှင့် ပတ်သက်၍ မောင်သည် အားမလို အားမရ ဖြစ်နေသည်။ "တိတိကျကျ မရဘူး" ဆိုသော ဝေါဟာရကို သူသည် မချင့်မရဲ ဖြစ်မိသည်။ ထို့ကြောင့် နောက်ဆုံး မေးခွန်းတစ်ခုကို သူသည် ထပ်၍ မေးလိုက်မိပြန်သည်။

"ခင့်အသက် မသေနိုင်ပါဘူးနော် ဆရာ"

ဆရာဝန်ကြီးက ပြုံးလေသည်။

"ဒါကိုလည်း တိတိကျကျ ပြောလို့ မဖြစ်သေးဘူး မိတ်ဆွေ" ဟုသာ ပြန်ပြောပြီးနောက် အခြား ဆေးရုံအမှုထမ်းများကို အချက်ပြကာ ခွဲစိတ်ကုသခြင်း ပြုရသောအခန်းအတွင်းသို့ လှည့်ဝင်သွားသည်။

ဆရာဝန်ကြီးနှင့်တကွ အခြားဆေးရုံ အမှုထမ်းအားလုံး ခွဲစိတ်ကုသသော အခန်းအတွင်းသို့ ဝင်ရောက်သွားကြပြီးနောက် သူနာပြုဆရာမကလေးတစ်ဦးက အခန်းတံခါးကို လာ၍ပိတ်လိုက်သည်။ ဆရာမကလေးသည် အခန်းတံခါးကို ရုတ်တရက် ဆွဲမပိတ်လိုက်သေးမီ မောင့်အား စာနာသော မျက်လုံးများဖြင့် လှမ်း၍ ကြည့်သွားသေး၏။

ခွဲစိတ်ကုသခြင်းပြုသော အခန်းတံခါးကို ပိတ်လိုက်သောအခါ မောင်သည် ပိတ်သွားပြီဖြစ်သော တံခါးကို ပြန်၍ ကျောခိုင်းလိုက်၏။ ထိုနောက် ဦးခေါင်းငိုက်စိုက်ချကာ ထိုခွဲစိတ်ကုသသော၊ အခန်းနှင့် မနီးမဝေးတွင်ရှိသော ဝရန်တာဘက်သို့ ဖြည်းညင်းစွာ ရောက်လာခဲ့မိ၏။

ဝရန်တာလက်ရမ်းကို မှီ၍ရပ်ရင်း မောင်သည် နံနက်ခင်း နေရောင်ခြည်အောက်ဝယ် ဝင်းပလျက်ရှိသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လှမ်း၍ ရှုကြည့်နေသည်။ ထိုသို့ကြည့်ရင်း သူ့မိန်းမနှင့်

mgyoe.com

mgyoe.com


ပတ်သက်၍ ဘာတစ်ခုမျှ "တိတိကျကျ မပြောနိုင်ဘူး" ဆိုသော ဆရာဝန်ကြီး၏ စကားများကို ပြန်လည် ကြားယောင်နေမိသည်။

သို့ရာတွင် အခြား ဘာပဲဖြစ်ဖြစ် သူသည် ခင့်ရောဂါအတွက် အစွမ်းကုန်နှင့် အကောင်းဆုံး ကုသပေးခဲ့ပြီဆိုသော အချက်အတွက် နှစ်သက်မှုတော့ ရှိသည်။ ထိုအချက်ဖြင့် သူသည် ဖြေသင့်သလောက်တော့ ဖြေနိုင်သည်။

သူ စိတ်မကောင်း ဖြစ်နေရသောအချက်မှာ ခင့်အပေါ်၌ သူက အဘယ်မျှ မေတ္တာထားသည်ဆိုသော အချက်ကို ခင်က နားလည်ခြင်းနှင့် လက်ခံခြင်းမပြုသော ကိစ္စပင်ဖြစ်သည်။ "ခင်တော့ မောင်နဲ့ လက်ထပ်ခဲ့မိတာ မှားတာပဲ"ဆိုသော ခင်၏ စကားကလေးများကို သူသည် ပြန်လည်ကြားယောင်၍ လာပြန်သည်။ သူသည် တကယ်ပင် မှားခဲ့သလော သို့မဟုတ် ခင်ကပင် မှားသလော။

မောင်သည် သူ လုပ်ကိုင်ထားသော ကိစ္စများအတွက် သေသေချာချာနှင့် ရှေ့နောက်ကို အခါခါ စဉ်းစားပြီးမှ လုပ်ကိုင်တတ်သူဖြစ်သဖြင့် သူ၏ အလုပ်အကိုင်နှင့် ပတ်သက်၍ စိတ်ချယုံကြည်ထားပြီးသူ ဖြစ်လေသည်။ သို့ရာတွင် ခင့်ကိုလည်း မှားသည်ဟု သူသည် ခင် နာကျင်သွားအောင် ပုံမချလိုပေ။ ခင်၌ နာကျင်ခြင်းဖြစ်မည့် အရေးကို သူ အလွန်စိုးရိမ်၏။ ထို့ကြောင့် ခင့်အပေါ်၌ ဘယ်တော့မျှ သူသည် အနိုင်မယူပေ။

ယခုအခါတွင် ခင့်အား သမားတော်ကြီးများသည် ခွဲစိတ်ကုသ၍ နေကြလေပြီ။ ထိုခွဲစိတ်ကုသခြင်းမှ ခင်သည် အသက်ပြန်ရှင်ချင်မှလည်း ရှင်ပေမည်၊ ဆရာဝန်ကြီးကိုယ်တိုင်က တိတိကျကျ မပြောနိုင်ဘူး" ဟု ဆိုထားခဲ့ပြီ မဟုတ်လော၊ အကယ်၍ ခင် အသက်ပြန်မရှင်လာနိုင်ခဲ့လျှင် သူ၏အပေါ်၌ အထင်လွဲနေခဲ့သော ကိစ္စကြီးကို ခင်သည် ၎င်းကိုယ်ခန္ဓာ ကြီးနှင့်အတူ သင်္ချိုင်းကုန်းသို့ တစ်ပါတည်း ယူဆောင်သွားတော့မည် မဟုတ်သလော။ သူသည် အဘယ်သို့မျှ ဖြေရှင်းခြင်းလည်း မပြုလိုက်ရ၍ ဖြေရှင်းခြင်းလည်း ပြုနိုင်တော့မည်မဟုတ်သော ကိစ္စကြီးအတွက် အဘယ်သို့ စိတ်ကောင်းနိုင်ပါဦးမည်နည်း။ သူ့အတွက် ယူကြုံးမရ ဖြစ်

mgyoe.com

mgyoe.com

ကျန်ရစ်ဖို့သာ ရှိ၏။ တစ်သက်လုံး စိတ်ကောင်းနိုင်စရာလည်း မရှိတော့ပေ။ သေရွာသို့ပါမည့် အမာရွတ်ကဲ့သို့သာ ရှိချေသည်။

ဝရန်တာ လက်ရမ်းကိုမှီ၍ ရပ်နေရင်းက ဦးခေါင်းထဲတွင် နောက်ကျိုကျိုဖြစ်လာသောကြောင့် မျက်လုံးများကို မှိတ်ထားလိုက်ရသည်။ ရင်ထဲ၌လည်း တလှပ်လှပ် ဖြစ်နေသည်။

"ဘုရား...သိကြားမလို့ ခင် မသေပါစေနဲ့ဦး" ဟု တောင်းဆိုနေကြဆုကို သူသည် ယောင်ရမ်း၍ တောင်းလိုက်မိသည်။

ခင် မသေဖို့ သူ့အတွက် အရေးအကြီးဆုံး ဖြစ်နေသည်။ ကမ္ဘာကြီးတစ်ခုလုံးထက် အရေးကြီးသည်၊ သူ့အပေါ်၌ ခင်၏ အထင်လွဲမှားသွားခြင်းကို သင်္ချိုင်းကုန်းသို့ သူသည် အရောက်မခံနိုင်ပေ။ ထိုအမာရွတ်ကိုလည်း သူ၏ ခန္ဓာကိုယ်နှင့်အတူ သင်္ချိုင်းကုန်းသို့ သူသည်လည်း ယူဆောင်၍ မသွားချင်ပေ။

ခင် အသက်မသေဘဲ ပြန်ရှင်လာပါမှ သူသည် ခင်၏ အထင်မှားလျက်ရှိနေခြင်းကို ပြန်လည် ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ခင်၏အသက် ပြန်ရှင်ရေးသည် ကမ္ဘာပျက်မည့်အရေးထက် သူ့အတွက် အရေးကြီးလေသည်။

ဤခွဲစိတ်ကုသခြင်းမှ အသက်မသေဘဲ ပြန်ရှင်လာလျှင် သူသည် ချစ်ဇနီး ခင့်ကို အစွမ်းကုန် အလိုလိုက်ရန်လည်း သန္နိဋ္ဌာန်ချလိုက်သည်။ ပစ္စုပ္ပန်အရေးထက် အနာဂတ်အရေးကို မျှော်တွေးလွန်းအားကြီးသော မောင်နှင့် အနာဂတ်အရေးထက် ပစ္စုပ္ပန်အရေးကိုသာ အရေးထားလွန်းအားကြီးသော ခင်တို့လင်မယားသည် နှစ်နှစ်သာသာမျှသာ အိမ်ထောင်ရေးသက်တမ်းအတွင်း စိတ်သဘောမတိုက်ဆိုင်မှုများ မကြာခဏ ဖြစ်ပွားလာခဲ့ရလေသည်။ အကယ်၍ ခင်သာ ပြန်ကျန်းမာလာခဲ့လျှင် ခင့်အလိုတိုင်း ရှိစေတော့မည်ဟုလည်း ဆုံးဖြတ်လိုက်သည်။

ရှေ့တွင် ဘာပဲဖြစ်ဖြစ် ခင်၏ စိတ်ချမ်းသာ ပျော်ရွှင်မှုတစ်ခုတည်းကိုသာ ရှေးရှုတော့ရန် သူသည် ရွေးချယ်လိုက်သည်။ နှစ်နှစ်ကျော်ကျော် အိမ်ထောင်ရေး သက်စာမ်းအတွင်း ခင်၏ စိတ်ပျော်ရွှင် ချမ်းသာမှု

mgyoe.com

mgyoe.com

များအား ချုပ်ခြယ်ခဲ့မိသော သူ၏ ကျူးလွန်ချက်များကို မောင်သည် ပြန်လည် စဉ်းစားရင်း နောင်တရလျက် ရှိသည်။

[ ၃ ]

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံသိကျွမ်းစ အချိန်များနှင့် သမီးရည်းစားဘဝ အချိန်များသည် ခင့်အတွက်ရော၊ မောင့်အတွက်ပါ အလွန်ပျော်ရွှင် ချမ်းမြေ့ခဲ့သော အချိန်ကာလများ ဖြစ်ကြသည်။ ထိုကာလက မိုးမပြင် လေမပြင် ပျော်ရွှင်ခဲ့ကြသည်။

နှစ်ယောက်အတူ ရုပ်ရှင်ကြည့်လေ့ ရှိသည်။ မကြာခဏလည်း ကြည့်ကြသည်။ ကြည့်သောအခါလည်း အထူးတန်းက ကြည့်လေ့ရှိသည်။ ရုပ်ရှင်ကြည့်၍ ပြီးသောအခါ ပျော်ပွဲစားရုံတစ်ခုခုသို့ ဝင်လာခဲ့ကြပြီးလျှင် နှစ်ယောက်သား မျက်နှာချင်းဆိုင်၍ စားကြသောက်ကြသည်။

မိန်းမ အသုံးအဆောင်ပစ္စည်း အဆန်းအသစ်တစ်ခုခုပေါ်လာလျှင် မောင်သည် ချက်ချင်း ဝယ်ယူလာပြီးလျှင် ခင့်အား လက်ဆောင်ပေးလေ့ ရှိသည်။ ဘရိုကိတ်ထဘီ နိုင်လွန်စ၊ မိန်းမကိုင် လက်ဆွဲအိတ်၊ လက်စွပ်၊ ရေမွှေး၊ ပေါင်ဒါဘူး စသော ပစ္စည်းများကို အခြားရွယ်တူ မိန်းကလေးများ မကိုင်ရမီ ခင့်ကို မောင်က ဂရုတစိုက် ဝယ်ခြမ်းပေးပြီး ဖြစ်လေသည်။

ဤကဲ့သို့ အလိုက်သိ၍ အလိုလည်းလိုက်သော မောင့်အား ခင် သည် များစွာ သဘောကျခဲ့သည်။ ချစ်လည်း ချစ်ခဲ့သည်။ မောင်နှင့်သာ လက်ထပ်ရလျှင် အလွန်တရာ ပျော်ရွှင်လိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့် ခဲ့သည်။ မောင်က ဘယ်တော့များမှ လက်ထပ်ဖို့ ပြောဆိုပါမည်လဲဟု တမျှော်တည်း မျှော်ခဲ့ရသည်။

နောက်ဆုံး၌ ခင် မျှော်လင့်နေခဲ့သောကိစ္စကို မောင်က ပြောဆို လေသည်။ အသိမိတ်ဆွေအဖြစ်နှင့် လည်းကောင်း၊ ရည်းစားအဖြစ်နှင့် လည်းကောင်း အလွန် စိတ်တိုင်းကျလာခဲ့သော မောင့်အား ခင်က တစ်ခါ တည်း လက်ခံလိုက်သည်။ မောင်က လက်ထပ်ခွင့်တောင်းသော နေ့ရက် သည် ခင့်အတွက် အပျော်ဆုံးနေ့တစ်နေ့ ဖြစ်ခဲ့သည်။

mgyoe.com

mgyoe.com


သို့နှင့် ခင်သည် မောင်နှင့် လက်ထပ်ခဲ့သည်။

မောင်နှင့် လက်ထပ်ကြပြီးနောက် တစ်လခန့်တွင် ခင့်အဖို့ ဘာမျှ မထူးခြားသေး။ နောက်လည်း တစ်လကျော်လွန်၍ နှစ်လခန့် အိမ်ထောင်သက်တမ်း ရလာလျှင်ပင် မောင့်အပေါ်၌ စိတ်ပျက်စရာများကို တစ်ခုပြီး တစ်ခု တွေ့လာရသည်။ အိမ်ထောင်သက်တမ်း ခြောက်လခန့် ကြာသော အခါတွင်ကား ခင်သည် မိမိလက်ထပ်ခဲ့သော မောင်သည် ယခင် သမီးရည်းစားဘဝတုန်းက မောင်မှပင် ဟုတ်ပါသေးလောဟူ၍ သံသယဖြစ်လာတော့သည်။ တိုတောင်းလှသော အချိန်ကာလအတောအတွင်း မမှတ်မိနိုင်တော့လှအောင် ပြောင်းလွဲခြင်းမက ပြောင်းလွဲသွားခဲ့သော မောင့်အား နားမလည်နိုင်အောင် ဖြစ်လာရသည်။

သမီးရည်းစားဘဝတုန်းက တစ်ပတ်လျှင် ရုပ်ရှင်နှစ်ခါလောက် အတူကြည့်ခဲ့ကြသော်လည်း လင်မယားဘဝ နောက်ပိုင်းတွင် တစ်လနေ၍မှ တစ်ခါပင် မကြည့်ရတော့ပေ။ ခင်က ကြည့်လို၍ ရုပ်ရှင်လိုက်ပြပါလား မောင်ရယ်ဟု ပူဆာသောအခါများ၌လည်း မောင်သည် မသိယောင် မကြားယောင် ပြုနေတတ်သည်။ ဤသို့ မသိယောင် မကြားယောင် ပြုနေတတ်သောကြောင့် ခင်က အတင်းနားပူနားဆာ လုပ်လေ့ရှိသည်။ ထိုအခါ၌ လင်မယားချင်း စိတ်သဘောထား မတိုက်ဆိုင်မှု ပေါ်လာတော့သည်။

"အလကားသက်သက် ပိုက်ဆံကုန်တဲ့အလုပ်တွေပါ ခင်ရယ်၊ ဘာလုပ်ဖို့ ကြည့်မှာလဲ"ဟု မောင်က အရေးမထားသကဲ့သို့ ပြောဆိုတတ်၏။

ထိုသို့ပြောဆိုခြင်းခံရသည့်အတွက် ခင်သည် မောင့်အပေါ်၌ စိတ်ပျက်လာသည်။

"တစ်ခါတစ်ရံတော့လည်း ကြည့်ချင်တာပေါ့ မောင်ရယ်"ဟု ခင်က ပြောဆိုလိုက်ပြန်သောအခါ "နောက်တစ်ပတ်မှပဲ ကြည့်တာပေါ့ကွယ်"ဟု မောင်က ပြီးစလွယ် ပြောတတ်၏။ သို့ရာတွင် နောက်တစ်ပတ်တွင်လည်း ခင့်ကို ရုပ်ရှင်ပြရအောင် မောင်သည် ခေါ်မသွားပေ။ ညဉ့်နက်မှ အိမ်သို့ ပြန်လာတတ်ပြီးလျှင် ညစာ စားပြီးလျှင်ပြီးချင်း အိပ်ချင်ပြီဟု ပြော၍ အိပ်ရာထဲသို့ ဝင်သွားတတ်သည်။

mgyoe.com

mgyoe.com


ရုပ်ရှင်ကြည့်ရမည်လားဟု အားခဲမျှော်လင့်နေသော ခင်သည် စိတ်အပျက်ကြီး ပျက်သွားသည်။ မောင့်အပေါ်၌ တစ်စထက်တစ်စ မကျေမနပ် ဖြစ်လာမိသည်။ မောင်သည် မိမိအပေါ်၌ ယခင် သမီးရည်းစားဘဝ တုံးကကဲ့သို့ မဟုတ်တော့ဘဲ အချစ်ပြယ်လာသည်ဟု ခင်က ထင်မြင်လာသည်။ သို့ရာတွင် မောင့်အပေါ်၌ စိတ်ပျက်လောက်အောင်တော့ ဖြစ်မလာသေး။

ခင်သည် ငယ်ရွယ်သူဖြစ်၍ အသစ်အဆန်းကလေးများပေါ်လာ၍ သူတစ်ပါးဝတ်တာစားတာမြင်လျှင် သူများနည်းတူ ဝတ်ချင်စားချင်သည်။ ထို့ကြောင့် မောင့်အား ဝယ်ခြမ်းပေးဖို့ ပူဆာမိသည်။ ယခင် သမီးရည်းစားဘဝနှင့်တုံးက တစ်ရာ၊ နှစ်ရာခန့်ပေးရသော ဘရိုကိတ်လုံချည်ကိုပင် မိမိက မမှာရသေးဘဲနှင့် ဝယ်ယူပေးခဲ့ဖူးသော မောင်သည် ခင့်အတွက် အသစ်အဆန်းကလေးများတော့ ဝယ်ခြမ်းပေးလိမ့်မည်အထင်နှင့် ပူဆာလိုက်ခြင်း ဖြစ်သည်။

"ဒီအသစ်အဆန်းတွေ ဘာလုပ်ဖို့လဲ ခင်၊ ပြီးတော့ ခင့်မှာလည်း ဝတ်စရာမရှိတာမှ မဟုတ်ဘဲကွယ်" မောင်က ထိုသို့ ပြန်ပြောမိသောအခါ ခင်သည် အတော်ကလေး ဝမ်းနည်းမိသည်။

"သူများတွေ ဝတ်နေကြတာမြင်တော့ ခင်လည်း ဝတ်ချင်တာပေါ့မောင်ရယ်"ဟု မောင့်အား ပြန်ပြောမိသည်။

"အပိုအလုပ်တွေ မလုပ်ချင်ပါနဲ့ကွယ်၊ ကိုယ်တို့အတွက် ရှေ့ရေးကိုလည်း စဉ်းစားထားဦးမှပေါ့" ဒါပဲ တိုတိုတောင်းတောင်းပြောဆိုကာ မောင်သည် ခင့်အနီးမှ ရုတ်တရက် ထွက်သွားလေသည်။

ဤကဲ့သို့ တစ်ခါတစ်ရံ ရုပ်ရှင်လိုက်အပြခိုင်းသောအခါများ၌ ဖြစ်စေ၊ အဝတ်အစားအသစ်အဆန်းကလေးများ ဝယ်ခြမ်းပေးရန် ပြောဆိုသောအခါများ၌ဖြစ်စေ မောင်သည် ခင့်အပေါ်၌ ယခင် သမီးရည်းစားဘဝတုန်းကကဲ့သို့ အရေးမထားတော့ပေ။ ခင့်အလိုကို ဆန့်ကျင်ဘက်ပြုခဲ့သည်ချည်းသာ ဖြစ်သည်။ ဤကဲ့သို့ ခံရဖန်များလာသောအခါ ခင်သည် မောင့်အပေါ်၌ စိတ်ပျက်လာသည်။ ၎င်း၏အပေါ်၌ အချစ်ပြယ်လေပြီဟုလည်း

mgyoe.com

mgyoe.com


ထင်မြင်လာ၏။

ခင်နှင့် မောင်တို့၏ အိမ်ထောင်ရေးသက်တမ်း အခါလည်သာသာ ခန့်တွင် မကြာခဏ စိတ်ဝမ်းကွဲကာ တကျက်ကျက် စကားများစ ပြုလာကြလေသည်။ ခင်သည် ယခင်ကကဲ့သို့ ငြိမ်သက်၍ ခံမနေတော့ဘဲ မိမိဝမ်းထဲ၌ရှိလာသော အစိုင်အခဲများကို မောင်၏ဦးခေါင်းပေါ်သို့ ပစ်ချလေသည်။

"ဒီအတိုင်းသာ ရှေ့ဆက်သွားနေရင်တော့ ခင်နဲ့ မောင်နဲ့ ကြာရှည်ဖြစ်မယ်မထင်ပါဘူးလေ" ခင်က တဲ့တိုးပင် ပြောချလိုက်၏။

မပြောစဖူး ခင်က ထိုသို့ တဲ့တိုး ပြောချလိုက်သဖြင့် မောင်သည် တုန်လှုပ်ချောက်ချားသွားဟန် ရှိသည်။ မျက်လုံးပြူး မျက်ဆံပြူးလည်း ဖြစ်နေသည်။

"ဘယ်လို ပြောလိုက်တာလဲ ခင်" သူက ဒါပဲ ပြန်၍မေးသည်။

"သားမယားအပေါ် ဒါလောက် အကြင်နာနဲ့ အညှာတာကင်းတဲ့ လင်သားမျိုးကို ခင့်အနေနဲ့ ဘယ်လိုဆက်ပြီး စခန်းသွားရဦးမှာလဲ မောင်ရယ်"

"မောင်က ဘာများ ရက်စက်ခဲ့လို့လဲ ဟင် ခင်"

"တစ်ဝတ်စာမှ အစိတ်၊ နှစ်ဆယ်လောက်ပေးရတဲ့ နိုင်လွန်တစ်ဝတ်စာကို မယားအတွက် ဝယ်မဆင်ပေးချင်တာ တစ်ခုကလေးပဲ စဉ်းစားစမ်းပါဦးလေ"

"ရှေ့ဝတ်ဖို့ အချိန်တွေ အများကြီး ရှိပါသေးတယ်ကွယ်"

"မောင့်ကို နားလည်အောင် ခင် မပြောတတ်တော့ဘူး။ တော်ပါတော့ကွယ်"

"ခင်ကလည်း ခုထက်ထိ ပြောလို့ဆိုလို့ နားမလည်နိုင်သေးဘဲကိုးကွယ်"

"ခင်က ဘာကို နားမလည်တာလဲ ပြောပါဦး"

"ပြောရတာလည်း မောလှပါပြီ ခင်ရယ်"

"ပြောပဲ ပြောစမ်းပါဦးလေ"

mgyoe.com

mgyoe.com


"ကိုယ်တို့ရှေ့ရေးအတွက် ခုကတည်းက ခြိုးခြံဖို့လိုတယ် ခင်"

"ဒါဖြင့် ခင် မသိတာ တစ်ခုမေးရပါစေ"

"မေးလေ မေးပါ"

"ခင်နဲ့ မောင်တို့ဟာ ပစ္စုပ္ပန်မှာ နေကြသလား၊ ဒါမှမဟုတ် အနာဂတ်မှာ နေကြသလားဆိုတာ ခင် ကောင်းကောင်း နားမလည်လို့ ပြောပြစမ်းပါဦး"

"ခင်ကလည်း ကလေးလည်း မဟုတ်ဘဲနဲ့ တယ်အပြောရကျပ်ပါကလားကွယ်"

"ခင့်ကို ဘာပဲဝယ်ခိုင်းလိုက်၊ ဝယ်ခိုင်းလိုက် ရှေ့ရေး...ရှေ့ရေးကြီးပဲ ပြောပြောနေလို့ ပြောရတာပါ။ ရှေ့ရေးဆိုတာ အခုအရေးနဲ့ ဘာမှမဆိုင်တော့လို့လား"

"ခက်တော့တာပါပဲကွယ်"

"ခက်စရာမဟုတ်ဘူး မောင်၊ မောင်ဟာ ခင့်အပေါ်၌ သမီးရည်းစားဘဝတုံးကနဲ့ လုံးလုံးမတူတော့ဘူး"

"ခင် နားလည်ဖို့ ကောင်းပါပြီကွယ်"

"တော်စမ်းပါ မောင်ရယ်"

"ရှေ့ရေးဆိုတာ နောင် ပေါက်ပွားလာမယ့် ကိုယ်တို့ သားသမီးကလေးတွေအတွက်နဲ့ ခင့်အတွက် ပြောတာပါကွယ်။ ဒါလောက်တော့ခင် နားလည်တန်ကောင်းပါတယ်"

"ဩော်...ဩော်...ပြောပြောနေတဲ့ ရှေ့ရေးဆိုတာ ဒါတင်ပဲလား"

"ဒါကြောင့် ခြိုးခြိုးခြံခြံသုံးစွဲပြီး မောင် ဒါလောက် စုနေ ဆောင်းနေတာပေါ့ ခင်ရယ်"

"ဒါဖြင့် ခုတင်က ခင်ကမေးတဲ့ မေးခွန်းကို မောင် အဖြေပေးစမ်းပါဦး"

"ဘယ်သင်းလဲ"

"ခင်နဲ့ မောင်တို့ လင်မယားဟာ ပစ္စုပ္ပန်မှာ နေကြသလား၊ ဒါမှမဟုတ် အနာဂတ်မှာပဲ နေကြသလားဆိုတာလေ"

mgyoe.com

mgyoe.com

"ဒါကတော့ ခင်က တမင်သက်သက် ခွမေးနေတာပဲ မဟုတ်လား"

ခင်က အသံကလေးများထွက်သွားအောင် ရယ်မောပစ်လိုက်သည်။ သို့ရာတွင် ခင်၏ရယ်မောခြင်းသည် ရိုးရိုးသားသားမဟုတ်ဘဲ မိမိအား လှောင်ပြောင်ရယ်မောခြင်း ဖြစ်သည်ကိုကား မောင်ကိုယ်တိုင်သိ၏။ သို့ရာတွင် ဘယ်လိုမျှ ရှင်းမပြတတ်သဖြင့် ခင်သည် တုံဏှိဘာဝေ နေလိုက်မိသည်။

ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်၍ စကားများခဲ့ရသော အဖြစ်များသည်လည်း မရေမတွက်နိုင်တော့ပေ။ ခင်ရုတ်တရက် မကျန်းမမာ ဖြစ်ခါနီးအချိန်အထိ ခင်နှင့် မောင်တို့ လင်မယားသည် တစ်လလျှင် နှစ်ကြိမ်၊ သုံးကြိမ်ခန့် ယခုကဲ့သို့ အငြင်းပွားကာ စကားများခဲ့ကြ၏။ စကားများကြသော အခါတိုင်းလည်း "မောင့်ကို လက်ထပ်ခဲ့မိတာ ခင်တော့ မှားပြီ"ဟု ခင်က အတိတ်ကို ပြစ်တင်ညည်းတွားလေ့ရှိ၏။

မောင်သည် ဝရန်တာလှေကားရန်းကို မှီ၍ရပ်ရင်း နှစ်နှစ်ကျော်ကျော်မျှသာရှိသေးသော မိမိတို့၏ အိမ်ထောင်ရေးသက်တမ်းအတွင်း၌ ဖြစ်ပွားလာခဲ့ရသော မိမိတို့လင်မယားနှစ်ဦး၏ ဆက်ဆံရေးကို ပြန်ပြောင်း တွေးတောရင်း စိတ်မကောင်းဖြစ်ကာ သက်ပြင်းကို ချလိုက်မိသည်။ ခင့်အား ခွဲစိတ်ကုသပြီးနောက် ကျန်းမာလာသောအခါတွင် ခင့်အား ယခင် သမီးရည်းစားဘဝတုံးကလိုပင် အစွမ်းကုန်အလိုလိုက်တော့မည်ဟုလည်း သန္နိဋ္ဌာန် ချလိုက်သည်။ သူသည် ရှေ့ရေးကို အရေးပေး စဉ်းစားလွန်းအားကြီးသဖြင့် ခင့်အပေါ်၌ အညှာတာကင်းမဲ့စွာ ပြုမူ ဆက်ဆံခဲ့မိသော သူ၏အမှားကို နောင်တရလျက် ရှိပေသည်။

သို့ရာတွင် ခင်သည် ယခုတက်နေရသော တောင်ကိုပင် ကျော်မှ ကျော်နိုင်ပါမည်လော။

[ ၄ ]

"ဘုရား...သိကြားမလို့ ခင်တစ်ယောက် အသက်မသေပါစေနဲ့ဦး"

မောင်သည် ရွှေတိဂုံစေတီတော်ကြီးကို လှမ်းမျှော်၍ကြည့်ရင်း ဆုတောင်း

mgyoe.com

mgyoe.com

မိသည်။

ထိုအချိန်ဝယ် လူနာကို ခွဲစိတ်ကုသပြီးစီးသွားပြီးဖြစ်၍ ခွဲစိတ်ကုသသော အခန်းတံခါးပွင့်လာပြီးလျှင် ဆရာဝန်ကြီးလုပ်သူသည် ရှေးဦးစွာ ထွက်လာသည်။ ဘုရားဉ္ဩသာ အာရုံစူးစိုက်နေသော မောင်သည် သူ ကျောခိုင်းထားသည့် နောက်ပိုင်းတွင် ဘာတွေဖြစ်နေသည်ကို မသိလိုက်ပေ။ ဆရာဝန်ကြီးက ပြုံးရွှင်သောမျက်နှာဖြင့် သူ့အခန်းသို့ ရောက်လာခဲ့ပြီးနောက် သူ့ပခုံးကို ဖြည်းညင်းစွာ ပုတ်လိုက်တော့မှ သူသည် သတိပြန်ရလာသည်။

ပြုံးယောင်ယောင်ရှိသော ဆရာဝန်ကြီး၏မျက်နှာကို မြင်လိုက်ရသဖြင့် သူသည် အားတက်လာမိသော်လည်း ခင့်အတွက် ချောချောမောမောမှ ရှိရဲ့လားဆိုသော သတင်းစကားကို မထွက်ဝံ့ပေ။ သူသည် ဆန့်ကျင်ဘက်အဖြေကို ကြားလိုက်ရလေမလားဟု များစွာ ထိတ်လန့်နေသည်။

"ခင်ဗျား အများကြီး ကံကောင်းတဲ့လူပဲ"ဟု ဆရာဝန်ကြီးက တိုတိုတုတ်တုတ် ပြောဆိုပြီးလျှင် သူ့အနီးမှ ထွက်ခွာသွားသည်။

ထိုအခိုက် ခွဲစိတ်ကုသသော အခန်းတွင်းမှ အခြားဆရာဝန်၊ ဆရာဝန်မများနှင့် သူနာပြု ဆရာမများ ထွက်လာကြသည်။ ထို့နောက် ဆေးရုံအလုပ်သမား နှစ်ဦးတို့သည် လူနာတင် လှည်းကလေးထက်တွင် သတိမရသေးသော ခင့်ကိုတင်၍ ခပ်ဖြည်းဖြည်း တွန်းလာကြသည်။

သူ့အနီးမှဖြတ်၍ လျှောက်သွားကြသော ဆရာဝန်နှင့် ဆရာဝန်မများအားလုံးကပင် သူ့ကို ပြုံး၍ ကြည့်သွားကြ၏။ သို့ရာတွင် ဘာမျှတော့ မပြောသွားကြပေ။ ထိုအခိုက်မှာပင် ခပ်စောစောက သူနာပြုဆရာမက ဦးဆောင်လျက် လူနာတင်လှည်းထက်တွင်ပါသွားသော ခင့်ကို မူလအခန်းတွင်းသို့ ယူဆောင်သွားကြသည်။

မောင်သည် အတန်ကြာမျှ ငေးမော၍ ကြည့်နေရာမှ ခင့်အနောက်သို့ အပြေးကလေး လိုက်ပါသွားသည်။ အခန်းအတွင်းသို့ ရောက်သောအခါ ခင့်အား သူနာပြုဆရာမကလေးက ကြိုးကြပ်လျက် ခုတင်ပေါ်သို့ ပြောင်းရွှေ့တင်ပေးနေသည်ကို တွေ့ရ၏။

မောင်သည် ဘာလုပ်ရမည်ကို မသိသဖြင့် ခုတင်ခေါင်းရင်းဘက်
mgyoe.com

တွင် ကျောက်ရုပ်လို ရပ်နေသည်။ သို့ရာတွင် သူ၏မျက်လုံးများသည် အသက်ခပ်လေးလေး ရှုနေသော ခင့်မျက်နှာပေါ်သို့ စူးစိုက်ကျရောက်နေ၏။

သူနာအတွက် လုပ်ကိုင်စရာရှိသည်တို့ကို လုပ်ကိုင်ပြီးစီးသွားသောအခါ အလုပ်သမားနှစ်ဦးသည် လက်တွန်းလှည်းကလေးကို ပြန်တွန်း၍ ထွက်သွားကြသည်။ သို့ရာတွင် သူနာပြု ဆရာမကလေးသည် ပြန်မထွက်သေးဘဲ မောင့်အား အကဲခတ်သလို အတန်ကြာကြည့်ရှုနေပြီး ချောင်းတစ်ချက် ဟန့်လိုက်၏။

မောင်၏အာရုံသည် ခင့်ထံမှ သူနာပြုဆရာမကလေးဆီသို့ ရောက်လာသည်။

"လူနာ အားနည်းနေသေးလို့ ညနေပိုင်းလောက်မှ လာတွေ့ရင်ကောင်းလိမ့်မယ် ထင်တယ်" ဆရာမ၏အသံ၌ အမိန့်ပါဟန်တူ၏။

"ကောင်းပါပြီ ဆရာမ၊ ဒါထက် ကျွန်တော့်မိန်းမအတွက် စိတ်ချရပါပြီနော်"ဟု သူက အားရဝမ်းသာ မေးလိုက်မိသည်။

သူနာပြုဆရာမကလေးက ပြုံး၍ ခေါင်းကိုသာ ညိတ်ပြလေသည်။ ထို့ကြောင့် သူသည် ခင့်မျက်နှာကလေးအား တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ပြီးနောက် ဆေးရုံပေါ်မှ ဆင်းလာခဲ့သည်။

မောင်သည် ဆေးရုံကြီးမှ ထွက်လာခဲ့ပြီးနောက် မိုးမမြင် လေမမြင်ဖြစ်နေသည်။ ဝမ်းဗိုက်သည် အလိုလိုပြည့်နေသဖြင့် နံနက်စာစားသောက်ဖို့ကိုပင် သတိမရမိပေ။

ဆေးရုံမှ ထွက်လာခဲ့ပြီးနောက် သူသည် တက္ကစီတစ်စီးကို ငှားရမ်းကာ သူ၏ ငွေကြေးများကို စာရင်းနှင့် အပ်နှံလေ့ရှိသော ဘဏ်တိုက်သို့ ပြေးလွှားလာခဲ့သည်။ ဘဏ်သို့ ရောက်လျှင်ရောက်ချင်း သူ၏မိတ်ဆွေ မန်နေဂျာနှင့် တွေ့ဆုံပြီးလျှင် သူ အပေါင်အပ်နှံထားသော ငွေများထဲမှ ငွေငါးထောင်တိတိ ထုတ်ယူလိုက်လေသည်။ ငွေအအပ်သာရှိပြီး ဘယ်တုန်းကမှ ထုတ်ယူခဲ့ခြင်း မရှိခဲ့သော ၎င်း၏မိတ်ဆွေအား ယခုကဲ့သို့ ငွေငါးထောင်တိတိ ထုတ်ယူလိုက်ခြင်းအတွက် ဘဏ်မန်နေဂျာသည် အံ့ဩ

mgyoe.com

mgyoe.com

နေ၏။

"ငွေငါးထောင်တောင်မှ များလှချည်လားဗျ၊ ဘာများ အသုံးရှိလို့တုံး"ဟု မန်နေဂျာက မယုံကြည်နိုင်သကဲ့သို့ မေးလိုက်၏။

"ခင့်အတွက် ဝယ်စရာ ခြမ်းစရာကလေး နည်းနည်းပါးပါးရှိလို့ပါ"ဟုသာ ဝတ်ကျေဝတ်ကုန် ပြန်ပြောပြီးနောက် ဘဏ်တိုက်မှ ကတိုက်ကရိုက် ထွက်လာခဲ့၏။

ထိုနေ့တစ်နေ့လုံး မောင်သည် တက္ကစီတစ်စီးနှင့် အလုပ်များလျက်ရှိသည်။ မဂိုလမ်းသို့ လမ်းလျှောက်ခဲ့၏။ ယခင်က မကြာခဏ ပူဆာခဲ့သော ကျောက်နီကြိုးတစ်ကုံးနှင့် ကြယ်သီးတစ်စုံကို ဝယ်၏။ မဂိုလမ်းမှ ဗိုလ်ချုပ်ဈေးဘက်သို့ ကူးလာခဲ့ပြီးနောက် ခင် ဝတ်ချင်လှသည်ဆိုသော ဘရိုကိတ်လုံချည်တစ်ထည်ကို နှစ်ရာ့ငါးဆယ်ပေးဝယ်၏။ နိုင်လွန်အကောင်းစား သုံးဝတ်စာဝယ်ရာ တစ်ရာ့ငါးဆယ်ကျ၏။ သည့်အပြင် ခင်လိုချင်ကောင်း လိုချင်မည်ဟုထင်ရသော မိန်းမသုံးပစ္စည်းများကိုလည်း တပွေ့တပိုက်ကြီး ဝယ်ခြမ်းလိုက်သေး၏။ ခင့်အတွက် ငွေငါးထောင်ပိုက်၍ စိတ်ရှိတိုင်း ဝယ်ခြမ်းပြီးသောအခါ နေပင်အတော် စောင်းသွားလေပြီ။ သည်တော့မှ ဝမ်းထဲကပူလာသဖြင့် နံနက်စာ မစားရသေးသောအဖြစ်ကို သတိရသည်။ သို့ရာတွင် အချိန်က များများမရှိသဖြင့် သူသည် ဆိတ်သားမုန့်တစ်ခုနှင့် ကော်ဖီတစ်ပန်းကန်ကိုသာ လေနေရုံမျှ ကတိုက်ကရိုက် စားသောက်ပြီးလျှင် ဆေးရုံကြီးဘက်သို့ အပြေးအလွှားလာခဲ့သည်။

အထူးခန်းမကြီး တံခါးဝ၌ ရပ်လိုက်သောအခါ ခုတင်ပေါ်၌ ထိုင်နေပြီဖြစ်သော ခင့်ကို တွေ့မြင်လိုက်ရသဖြင့် မောင်သည် အားရဝမ်းသာ ပြေးဝင်သွားမိ၏။

"ခင် နေကောင်းပြီနော်၊ ဟုတ်လား" ခုတင်ဘေးတွင် တင်ပလ္လဲ ဝင်၍ထိုင်ရင်း မောင်က အားရဝမ်းသာ မေးလိုက်သည်။

ခင်က မောင့်အား ပြုံး၍ကြည့်ကာ ဦးခေါင်းကိုညိတ်ပြလိုက်ပြီးနောက် မောင် တပွေ့တပိုက်ကြီးသယ်ယူလာသောပစ္စည်းများကို မည်သို့မျှ ဆက်စပ်၍ နားမလည်နိုင်သလို တအံ့တသြကြည့်ရှုနေရာမှ "ဒါတွေက

mgyoe.com

mgyoe.com

ဘာတွေလဲ ဟင် မောင်”ဟု မေးလိုက်မိသည်။

မောင်သည် ၎င်းဝယ်ခြမ်းလာသော ပစ္စည်းများကို ခင့်ဘေးတွင် ချထားလိုက်ပြီးနောက် “ဒါက ခင် သိပ်လိုချင်တယ်ဆိုတဲ့ ကျောက်ကြိုးလေ၊ နှစ်ရာ့ငါးဆယ်ပေးခဲ့ရတယ်။ ဒါကတော့ ခင့်အတွက် ကြယ်သီးတစ်စုံလေ”

ခင်သည် ဘာမှ ပြန်မပြောသေးဘဲ မျက်လုံးအပြူးသားနှင့် မောင်ပြသနေသော ပစ္စည်းများကို ငေးမောကြည့်ရှုနေသည်။

“ဒါက ဘရိုကိတ်လေ ခင်၊ နှစ်ရာ့ငါးဆယ် ပေးခဲ့ရတယ်။ ပြီးတော့ အမေရိကန်နိုင်လွန် သုံးဝတ်စာလည်း ပါလာသေးတယ်” ဟု မောင်က အားရဝမ်းသာ ပြောဆိုလျက်ရှိ၏။

“ဒါတွေ ဘာပြုလို့ ဒါလောက် ပိုက်ဆံအကုန်ခံပြီး ဝယ်လာ ခြမ်းလာရတာလဲ မောင်ရယ်”ဟု ခင်က ညည်းတွားပြောဆိုလိုက်၏။

“ခင် နေကောင်းလာရင် ဝတ်ဖို့ပေါ့ကွယ်၊ ဒီလောကကြီးမှာ မောင့်အတွက် ခင့်ထက် အရေးကြီးတာ ဘာများရှိသေးလို့လဲ”

“ခင့်အတွက် ဘာပြုလို့ ဒါလောက်အကုန်ကျခံပြီး ဝယ်ခြမ်းလာရတာလဲ မောင်ရယ်၊ ပိုက်ဆံက ရှားပါဘိသနဲ့”

မမျှော်လင့်သော စကားကို ခင့်ထံမှ ကြားလိုက်ရသောအခါ မောင်သည် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ သူသည် ဘာပြန်ပြောရမည်ကိုလည်း အစရှာမရအောင် ဖြစ်သွားသည်။

“ရှေ့လျှောက် လူလုပ်ဖို့ အများကြီး ရှိသေးတယ်ဆိုတာကို ခင်အခု ကောင်းကောင်းကြီး နားလည်လာပါပြီ မောင်ရယ်၊ နောက်ကို ခင့်အတွက် ဒါလောက် ပိုက်ဆံအကုန်အကျခံရတဲ့ ဒုက္ခတွေကို မရှာပါနဲ့တော့”

မောင်သည် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေ၏။ ရုတ်တရက် ဘဝပြောင်းသွားသော သူ့မယားကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေ၏။ ထို့အတူ ရုတ်တရက် ဘဝပြောင်းသွားသော လင်လုပ်သူကိုလည်း ခင်သည် မယုံကြည်နိုင်သော မျက်လုံးများဖြင့် ငေးစိုက်ကြည့်ရင်း “ခင့်ရောဂါအတွက် မောင် ပိုက်ဆံတွေ သိပ်ကုန်နေရတဲ့အထဲ

mgyoe.com

mgyoe.com

ဒါတွေလည်း ထပ်ဝယ်ခြမ်းလာတာကို ခင်ဖြင့် ဘယ်လိုမှ နားမလည်ဘူး။ မောင် ဝယ်လာတဲ့ ပစ္စည်းတွေ ပြန်ရောင်းလိုက်ကြတာပေါ့နော် မောင်၊ ခင်တို့အတွက် ရှေ့ရေးကလည်း ရှိသေးတယ် မဟုတ်လားကွယ်" ဟု လင်ယောကျ်ား နားဝင်အောင် ဖျောင်းဖျပြောဆိုလိုက်လေသတည်း။

●

mgyoe.com

mgyoe.com

# လှတန်ဆောင်နှင့် ကဗျာဆရာ

[ ၁ ]

မျက်ထားတော်က မှုန်နေသည်။

ချိန်း၍ထားသော ချစ်သူ ကဗျာဆရာကလေး မောင်တင်မြင့်နှင့် ကပွဲသဘင်သို့ အတူတကွရောက် ဆင်နွှဲရန်ဖြစ်၏။ သို့အတွက် မှန်တင်ခုံရှေ့၌ မလှလှအောင် ပြင်ဆင်ခြယ်သနေရသော်ငြားလည်း "ခင်"၏ အမူအရာသည် အခါတိုင်းကဲ့သို့ လန်းဆန်းရွှင်ပျခြင်းက မရှိလှ။ လေးလံ၍ ထိုင်းမှိုင်းနေ၏။ အရေးပေါ် ပြဿနာတစ်ရပ်အတွက် ရုတ်တရက် ပူပန်သောက ဖြစ်နေရသည့်ပမာ မျက်ထားတော်ကလေးသည်လည်း သုန်သုန်မှုန်မှုန် ဖြစ်နေရှာ၏။ ၎င်းအပြင်လည်း ရွှေရင်အုံ၌ ရတက်မအေးနိုင်ရှာသကဲ့သို့ တအုံ့နွေးနွေးနှင့် ခပ်လေးလေး ဖြစ်နေရှာသည်။

ရေမိုးချိုး၍ အဝတ်အစားလဲကာ မှန်တင်ခုံရှေ့၌ထိုင်၍ အလှပြင်ခါစက "ခင်"သည် ကြည်ကြည်လင်လင် ဖြစ်ပေသည်။ ချစ်သူနှင့် ကပွဲ၌ ကခုန်ရမည့်အရေးကို ပျော်ရွှင်ကာ "အိပ်မက်ထဲက ကိုလူပျို" သီချင်းကလေးကိုပင် ခပ်အေးအေး ညည်းနေခဲ့သေး၏။ သို့ရာတွင် မှန်တင်ခုံရှေ့၌ အလှပြင်နေရင်း အရေးပေါ်ပြဿနာသည် ပေါ်ပေါက်လာခဲ့လေပြီ။

ချစ်သူနှင့်အတူ ကပွဲသဘင်သို့ တက်ရောက်၍ ပွတ်လား၊ ဖက်လားနှင့် ကမြင်းကြောဆွဲရသော "ယဉ်ကျေးမှုအသစ်"အကွယ်၌ ခင်သည်

mgyoe.com

mgyoe.com

အခါခပ်သိမ်း တက်တက်ကြွကြွရှိခဲ့သော်လည်း ယခုတစ်ခေါက်တွင် ခါတိုင်းနှင့်မတူ တစ်မူကွဲပြားလျက် သုန်သုန်မှုန်မှုန်ဖြစ်နေသည်။ ရွှေရင်အုံ၌လည်း ရတက်မအေးနိုင်ရှာဘဲ တအုံ့နွေးနွေး ဖြစ်နေ၏။ နွေဦးပေါက် လေရူးကဲ့သို့ သွက်လက်လန်းဆန်းသော ခင်၏အမူအရာသည် ယခုအခါဝယ် လေးလံထိုင်းမှိုင်းလေပြီ။

အဘယ်ရန်သူတော်သည် လှနတ်မယ်အား အဘယ်ရန်ငြိုးနှင့် နှောင့်ယှက်ဖမ်းစားလေပြီနည်း။

စိတ်မပါ့တပါနှင့် မျက်ခုံးမွေး ဆွဲနေရရင်းက "ခက်လိုက်တာနော်၊ ငါ့နှယ်...ဘယ်မှာများ ထားလိုက်မိပါလိမ့်"ဟု အသံကလေးများပင် ထွက်လာအောင် တစ်ယောက်တည်း ညည်းညူရင်း လှနတ်မယ်သည် သက်ပြင်းကလေး ချလိုက်သည်။ ၎င်းနောက် မျက်ခုံးမွေးဆွဲရသောအလုပ်ကို အပြီးသတ် အချောကိုင်ရန် မေ့လျော့လျက် မှန်တင်ခုံပေါ်၌ ပွနေသော ဘူးများ၊ အစ်များကို အခဲမကျေနိုင်သေးသကဲ့သို့ တစ်ခုပြီးတစ်ခု လှန်လှောရှာဖွေပြန်လေ၏။ မနေ့ညက အိပ်ရာဝင်ခါနီးကျမှ သတိရ၍ လျှို့ဝှက်သိမ်းဆည်းအပ်သော ထိုပစ္စည်းကို မှန်တင်ခုံပေါ်ရှိ အံကလေးတစ်ခုထဲ၌ ကတိုက်ကရိုက် သိမ်းဆည်းထားခဲ့သည်ကိုတော့ ခင်သည် ခပ်ရေးရေး မှတ်မိသလိုရှိ၏။ သို့ရာတွင် ယခုညနေ အလုပြင်ခါမှ သတိရ၍ ရှိရှိသမျှ ဘူးများ၊ အစ်များကို လှန်လှောရှာဖွေသောအခါ၌ ထိုပစ္စည်းများကို မတွေ့ရတော့။ အဘယ်ရန်သူတော်သည် လှနတ်မယ်၏ လျှို့ဝှက်သိမ်းဆည်းထားအပ်သောပစ္စည်းကို အဘယ်အရပ်ဒေသသို့ ဆောင်ယူသွားလေပြီနည်း။

"ဒီကဗျာကိုသာ ကိုကိုများ တွေ့သွားရင်တော့ အို... လူ့လောကကြီးဟာ ကောင်းကို မကောင်းတော့ပါဘူး"ဟု ငိုသံကလေးနှင့် ညည်းညူရင်း မိမိ၏ အရုပ်ဆိုးနေသော မျက်နှာတော်ကို မှန်ထဲ၌ မကြည့်ဝံ့၊ မကြည့်ချင်လာတော့သကဲ့သို့ မှန်ကြီးကို ကျောပေး၍ တစ်ဖက်သို့ လှည့်ထိုင်လိုက်၏။ သို့ရာတွင် မိမိအမူနှင့် မိမိဘာသာ တစ်ယောက်တည်း ယခုကဲ့သို့ စိတ်ကောက်ဟန် လုပ်နေရုံမျှနှင့် ခင်၏ကိစ္စကြီးက အေးချမ်းချောမောသွားလိမ့်မည်ကား မဟုတ်ပေ။ လူ့လောကကြီးကို မကောင်းပါဘူးဟု သိမ်းကျုံး

mgyoe.com

mgyoe.com

အပြစ်တင်နေခြင်းဖြင့်လည်း ကိစ္စက ပြီးသွားနိုင်သည်တော့မဟုတ်။

အလုပြင်မှန်ကြီးကို ကျောပေးထိုင်ရာက ခင်သည် ၎င်း၏ချစ်သူ ကဗျာဆရာ မောင်တင်မြင့်ကိုပင် အပြစ်တင်ချင်သလို ဖြစ်လာ၏။ အကယ်၍သာ ကဗျာဆရာသည် မိမိအား ထိုကဗျာတစ်ပုဒ်ကို အားအားလျားလျား ရေးစပ်သီကုံးမပေးခဲ့လျှင် ၎င်းသည် ဤမျှ စိတ်သောကဖြစ်ရသောအမှုနှင့် တွေ့ကြုံစရာ အကြောင်းမရှိဟု ခင်သည် လွယ်လင့်တကူ တွေးနေ၏။

မနေ့ ညနေစောင်းက မောင်တင်မြင့်သည် ခင့်ဆီသို့ အလည်သွား၏။ ယနေ့ ကပွဲသွားရန် ချိန်းရင်း မိမိအတွက် သူရေးစပ်သီကုံးသွားသော မယ်ဘွဲ့ကဗျာတစ်ပုဒ်ကို သူကိုယ်တိုင် ဖတ်ပြပြီးနောက် ခင့်အားပေးခဲ့၏။ ပန်းနုရောင် စက္ကူကလေးပေါ်၌ သေသပ်ဝိုင်းစက်သော မောင်တင်မြင့်၏ လက်ရေးဖြင့် ထိုမယ်ဘွဲ့ကဗျာကို ခင်ကိုယ်တိုင် ကြည်ကြည်နူးနူးလက်ခံ၍ အမြတ်တနိုးနှင့် အတွင်းခံအင်္ကျီအိတ်ထဲ၌ သိမ်းဆည်းထားခဲ့မိ၏။ သို့ရာတွင် ညအိပ်ရာဝင်ကာနီးမှ ခင်သည် အဝတ်အစားလဲရင်း ချစ်သူ၏ကဗျာကို ပြန်သတိရလေ၏။ ထို့ကြောင့် အိပ်ရာထက်၌ ရောက်နေပြီဖြစ်သော မိမိ လင်ယောကျ်ားမသိအောင် အလှပြင် မှန်တင်ခုံပေါ်ရှိ အစ်ကလေးတစ်ခုထဲ၌ အမှတ်တမဲ့ သိမ်းဆည်းဝှက်ထားခဲ့၏။ နောက်တစ်နေ့ မိုးလင်းသောအခါ ခင်သည် ညဉ့်က သိမ်းဆည်းဝှက်ထားခဲ့သော ကဗျာကို မေ့နေ၏။ တစ်နေ့လုံးလည်း ထိုကဗျာကို သတိမရပါ။ ချစ်သူနှင့် အတူတူ ကပွဲသွားရန်အတွက် ရေမိုးချိုး၍ အဝတ်အစားလဲပြီးနောက် မှန်တင်ခုံပေါ်၌ ရှိရှိသမျှဘူးများ၊ အစ်များကို လှန်လှောမွှေနှောက်၍ ရှာဖွေပြီးစီးသွားခဲ့လေပြီ။ သို့ရာတွင် ပန်းနုရောင်စက္ကူနှင့် ကဗျာကိုကား မတွေ့။ အဘယ်ရန်သူတော်သည် အဘယ်အာဃာတဖြင့် အဘယ်သို့ ယူဆောင်သွားလေသနည်း။ မည်သို့ပင်ဖြစ်စေ ကဗျာဆရာသည် ထိုဂြိုဟ်မွှေသော ကဗျာကိုသာ အားအားယားယားနှင့် ရေးစပ်သီကုံးခြင်း မပြုခဲ့လျှင်လည်းကောင်း၊ သို့မဟုတ် သူ့ဘာသာသူ စိတ်ကူးယဉ်၍ကောင်းတိုင်း ရေးစပ်သီကုံးခဲ့သည့်တိုင်အောင် မိမိအား မပေးခဲ့လျှင် ဤဂြိုဟ်ကျလှသော ပြဿနာသည် အဘယ်နည်းနှင့်မျှ ပေါ်ပေါက်လာနိုင်ရန် အကြောင်းမရှိဟု

mgyoe.com

mgyoe.com


"ခင်"သည် ချစ်သူ ကဗျာဆရာကလေး တစ်ယောက်တည်းကိုသာ တစ်ဖက်သတ် အပြစ်ဖို့ စဉ်းစားနေ လေ၏။ သို့ရာတွင် မိမိ၏ပေါ့လျော့မှုနှင့် အထားအသို မလိမ္မာမှုကြောင့် ယခုကဲ့သို့ ပျောက်ဆုံးသွားခဲ့ရခြင်းကိုကား အနည်းငယ်မျှ ထည့်သွင်း စဉ်းစားခြင်းတော့ မပြု၊ မေ့ထား၏။

ခင်သည် မိမိ၏ချို့ယွင်းချက်ကို လျစ်လျူရှုကာ ကဗျာဆရာကလေး မောင်တင်မြင့်ကိုသာ ကြိတ်၍ အပြစ်တင်နေ၏။ သို့ရာတွင် ဘာလုပ်၍ ဘာကိုင်ရမည့် အရေးကို မစဉ်းစားမိ၊ ကပွဲသဘင်သို့ တက်ရောက်ပျော်မြူးရမည့်အရေးကိုလည်း စိတ်မရှိတော့။ သို့အတွက် အလှပြင်ရသောလုပ်ငန်းကိုလည်း မေ့လျော့ကာ တစ်ယောက်တည်း စိတ်လုပ်၍ အလှပြင်မှန်တင်ခုံကို ကျောပေးလျက် ထိုင်နေလေ၏။

ခင်သည် ချမ်းသာကြွယ်ဝသော သူဌေး ဦးဘတင်၏ ချစ်မငြီးသော တစ်ဦးတည်း ဇနီးချောဖြစ်လေသည်။ မိမိထက် အသက် ၂၀ ခန့်ကြီး၍ မုဆိုးဖိုကိုလည်း ယူထားရသည်ဖြစ်သောကြောင့် လင်ဖြစ်သူ၏ အလိုလိုက်အရေးပေးခြင်းကိုခံရသော မိန်းမတစ်ယောက်လည်းဖြစ်သည်။ ခင်သည် ဦးဘတင်ကို လက်ထပ်ယူခဲ့ခြင်းသည် ရင်ထဲနှလုံးထဲက နှစ်နှစ်ကာကာချစ်၍ ခင်၍ကား မဟုတ်နိုင်ပေ။ ဘဏ်၌ တစ်သိန်းခွဲခန့်ရှိသော ဦးဘတင်၏ ငွေစာရင်း၊ တိုက်တာ အိမ်ခြေနှင့် လုပ်ငန်းများကိုမက်၍ သေခါနီးမယားသေတစ်ယောက်အား အောင့်ကာ နမ်းခဲ့ခြင်းဖြစ်သည်ကို ပတ်ဝန်းကျင်ကလည်း သိပြီးဖြစ်သည်။ သို့ရာတွင် မည်သူကမျှ ဤကိစ္စကို အဆန်းလုပ်၍ ပြောဆိုခြင်းမရှိ။ ကဲ့ရဲ့သင်္ကြိုဟ်ခြင်းလည်းမပြု၊ ဖြစ်ရိုးဖြစ်စဉ်ကဲ့သို့သာ သဘောထားလိုက်ကြသည်။

ခင်နှင့် ဦးဘတင်တို့ မြို့တော်ခန်းမ၌ မင်္ဂလာဆောင်ကြစဉ်က ခင်သည် အသက်နှစ်ဆယ်ပြည့်ရုံမျှ ရှိသေး၏။ ဝတ်ချင်စားချင်၍ လှချင်ပချင်မျှသာ ဖြစ်၏။ ဝတ်ကောင်းတုန်း၊ စားကောင်းတုန်းအရွယ်လည်းဖြစ်သည်။ သို့ရာတွင် ခင်သည် မုဆိုးမ မင်းကတော်တစ်ယောက်၏သမီးမျှသာ ဖြစ်လေ၏။ ထို့ကြောင့် ချို့ငဲ့သည်၊ ထို့ကြောင့်လည်း သေခါနီးမယားသေ ဦးဘတင်ကို အောင့်၍နမ်းခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


ဦးဘတင်နှင့် လက်ထပ်ပြီးနောက် တစ်လအစိတ်ပေးရသော အိမ်ခန်းကလေးမှ အင်းလျားလမ်းရှိ ခြံနှင့် ဝင်းနှင့်ရံထားသော တိုက်ကြီးထဲသို့ ခင်သည် ဘုံပြောင်းလာ၏။ ၎င်း၏စိတ်ထဲ၌ ရှိသလောက် ဝတ်နိုင်စားနိုင်၍ ကြွားနိုင်ဝါနိုင်လာခဲ့လေပြီ။ ပျော်ရွှင်နိုင်ခဲ့လေပြီ။ ဦးဘတင်နှင့် အကြောင်းပါလာခဲ့သည်မှာ ဆယ်နှစ်ကျော်လာခဲ့ပြီဖြစ်သည့် အိမ်ထောင်ရေး သက်တမ်းအတွင်း၌ ခင်သည် ငွေရေးကြေးရေးနှင့်ပတ်သက်၍ ဘာမျှ ကြောင့်ကြပူပင်ခြင်း မရှိခဲ့ရပေ။ ကောင်းတာကိုမှ စား၍ ညွန့်ပေဆိုတာကိုမှ ခါးပေါ်သို့ တင်၏။ ရာဇဝင်၌ ရေးသားဖော်ပြသော မဏိစည်သူ၏ ဖောင်တော်ထက်၌ စီးနင်းလိုက်ပါနေရသည်နှင့် မခြားတော့။ လက်ညှိုးညွှန်ရာ ဖြစ်ချင်ရာ ဖြစ်နိုင်၏။ သွားလိုရာသွား၍ လာလိုရာလာနိုင်၏။ ခင်က "ကိုကို"ဟု ခေါ်ရသော ဦးဘတင်ကလည်း မယားအလှကလေးအား အစစအရာရာ အလိုလိုက်ပေသည်။ အရေးလည်း ပေးရှာပေသည်။

မိန်းမကျမ်း ကျေသူများက ခင့်ကို မိန်းမလှတစ်ယောက်ဟု ဆိုကြလိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ကိုယ်လုံးကိုယ်ပေါက်ကတော့ ကြည့်ပျော်ရှုပျော်ထဲက ဖြစ်ပေသည်။ အသက်ငယ်ခြင်းနှင့် ဒါတစ်ခုကိုပဲ ဦးဘတင်က မက်၍ လက်ထပ်ခဲ့ဟန်တူပေသည်။

မိန်းမလှတစ်ယောက် မဟုတ်သော်လည်း ခင်သည် လှချင်ပချင်သော မိန်းမသားတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်ကို မလှလှအောင် တစ်လ၊ တစ်လလျှင် မှန်တင်ခုံစားပွဲပေါ်၌ တစ်ရာ၊ တစ်ရာ့လေးငါးဆယ်ဖိုးခန့်မျှ သုံးစွဲခြင်းပြု၏။ အဝတ်အစားထည့်သော ဗီရိုကြီးထဲသို့လည်း တစ်လ၊ တစ်လလျှင် အသစ်အဆန်းနှင့် အညွန့်အဖူးများအတွက် လေးငါးခြောက်ရာဖိုးမျှ သွင်း၏။ တစ်ခါတစ်ရံ ရန်ကုန်မြို့တော်၌ ဝယ်မရသော အလှကုန်ပစ္စည်းများကို နိုင်ငံခြားမှပင် ခရီးသွား လူကြုံမိတ်ဆွေများနှင့် မှာယူ၍ သုံးစွဲ၏။ ခင် သုံးသမျှကိုလည်း ဦးဘတင်သည် များစွာသဘောကျ နှစ်ခြိုက်ဟန်ရှိ၏၊ အားလည်း ပေး၏၊ ဂုဏ်ယူဟန်လည်းရှိ၏။ တစ်ကြိမ်သောအခါက ၎င်း၏အလုပ်တိုက်၌ မင်းစေအဖြစ် ခိုင်းစေသော အလုပ်သမားတစ်ယောက်၏ကလေး အသည်းအသန်မမာသဖြင့် ဆရာဝန်

mgyoe.com

mgyoe.com


ခေါ်ရန်အတွက် မထုတ်ရသေးသော ၎င်း၏ လခကလေးအထဲမှ စရန်ငွေ ငါးဆယ်မျှလောက်ကိုပင် ပေးကမ်းရန် တင်းတင်းမာမာ ငြင်းဆန်ခဲ့သော သူဌေးမင်းသည် ထိုအလုပ်သမား၏သားငယ် သေဆုံးရသောနံနက်က သူ့ မယား "လှချင်ရက် စက်စက်ယို"လိုချင်သော အလှကုန်ပစ္စည်းများကို စကော့ ဈေး၌ သူကိုယ်တိုင် လိုက်၍ နှစ်ရာဖိုးလောက် ဝယ်ခြမ်းပေးခဲ့ဖူးလေသည်။

ခင်သည် သူဌေး ဦးဘတင်နှင့် အကြောင်းပါခဲ့ပြီးသည့်နောက် ပိုင်း၌ ရန်ကုန်မြို့တော်၏ လူကုံတန်လောကထဲသို့ ဝင်ရောက်လာရလေ သည်။ အခြား အခြားသော သူဌေးကတော် သူဌေးသမီးများနှင့် ပေါင်းသင်း လာရ၏။ မင်းကတော်၊ စိုးကတော်၊ ဝန်ကတော်များနှင့်လည်း ဝင်ထွက် ရောနှောလာရ၏။ ထိုသို့ ရန်ကုန်မြို့တော်၏ "ဆင်နှင့် ဗီးကွက်" ရပ်ကွက် များ၌ ဝင်ထွက်သွားလာကာ ပေါင်းသင်းဆက်ဆံခြင်း ပြုလာရသဖြင့် လူကုံထံလောက၏ ယဉ်ကျေးမှု အခမ်းအနားများ ဖြစ်သော ပိကာဒေါင်း ခြင်း၊ မြင်းပွဲသွားခြင်းများနှင့် နောက်ဆုံး ကပွဲ ဖက်ခြင်း စသော "အဌာရသ" ပညာရပ်များ တတ်မြောက်စုံလင်လာလေသည်။ လူကုံတန်တစ်ဦးဖြစ်သော သူဌေးမင်း ဦးဘတင်ကလည်း သူ့မယား "အဌာရသ" ပညာရပ်များ တတ် မြောက်သည့်အတွက် ကြွားဝါဂုဏ်ယူသည့်ပမာ ပြုံးပြုံးကြီး ဖြစ်နေတတ်၏။

များမကြာမီက ကပွဲသဘင်တက်ရင်း ခင်သည် ၎င်းထက် အသက် အားဖြင့် ဆယ်နှစ်ခန့်မျှငယ်ရွယ်သော ကဗျာဆရာကလေး မောင်တင်မြင့်နှင့် အသားချင်းပွတ်ရသဖြင့် သွေးပူကာ ကမြင်းကြောများထောင်၍ သမီးရည်း စား ဖြစ်လာခဲ့လေသည်။ သို့ရာတွင် လင်ကြီး မယားကြီး ငုတ်တုတ်ရှိလျက် တိတ်တိတ်ပုန်း သမီးရည်းစားထားကြသော လူကုံထံလောက၏ ယဉ်ကျေးမှု သစ်ကို သူတို့လောက၌ မည်သူကမျှ ကဲ့ရဲ့သင့်ဖြစ်စရာ၊ ညစ်ညမ်းသော အမှုဟူ၍ကား သဘောမထားကြပေ။ လည်သလိုစားနေကြသည်သာ ဖြစ် သည်။ ထိုရောဂါသည် သူဌေးဦးဘတင်၏မယားအလှ ခင့်ဆီသို့ ကူးစက် လာခြင်းသည် အဆန်းမဟုတ်တော့ပေ။ ၎င်းအပြင် စိတ်သွားတိုင်း ကိုယ်မပါ နိုင်ရှာတော့သော ဇရာအို လင်ကြီးကိုလည်း သွေးဆူ၍ အသားဖြိုးသော မယားဖြစ်သူက ဓာတ်တော်၌သာလာနိုင်သော သမ္ဗုလလို စောင့်စည်းသမှု

mgyoe.com

mgyoe.com


မပြုနိုင်ပေ။

ကပွဲတက်ရင်း အမြတ်ထွက်လာခဲ့သော ခင်၏ ရည်းစားဖြစ်သူ မောင်တင်မြင့်သည် အသက်နှစ်ဆယ်မျှပင်မပြည့်တတ်သေးသော တက္ကသိုလ်ကျောင်းမှ ဉပစာအထက်တန်း ကျောင်းသားကလေးတစ်ယောက် ဖြစ်လေသည်။ ရုပ်ရည်ချောမော၍ အပြောအဆိုဌ် ချိုသာနွဲ့နှောင်းသော ကဗျာဆရာကလေးတစ်ယောက်ပင် ဖြစ်သည်။ တက္ကသိုလ်၊ အိုးဝေနှင့် အခြားမဂ္ဂဇင်းများ၌ "မိုးတိမ်"ဟူသော ကလောင်နာမည်ဖြင့် စိတ်ကူးယဉ်ကဗျာကလေးများကို အရေးတယူ ပုံနှိပ်ဖော်ပြခြင်းခံရသူလည်း ဖြစ်ပေသည်။

ခင်သည် ဦးဘတင်နှင့် တစ်ခုတင်တည်းတွင် အတူအိပ်စက် ပေါင်းဖော်နေရသော်လည်း ကဗျာဆရာလေး မောင်တင်မြင့်နှင့် အိပ်မက်ထဲ၌ ပေါင်းဖော်ခြင်း ပြုတတ်လေသည်။ ကဗျာဆရာကလေး၏ ကဗျာဆန်သော အတွေ့အထိကို နှစ်သက်မိ၏။ သူ၏ လှပ၍ နှစ်လိုဖွယ်သော ကာရန်ကလေးများကို စုံမက်မိ၏။ "ဆူးမရှိသော နှင်းဆီတော၌"ဟူသော ကဗျာတစ်ပုဒ်ကိုကား ခင်သည် အတပ်မက်ဆုံး ဖြစ်လေသည်။ သို့ရာတွင် ဆူးမရှိသော နှင်းဆီတောသည် ထာဝရဘုရားက ဖန်ဆင်း၍သော်လည်းကောင်း၊ သို့မဟုတ် နောက်ဆုံးပေါ် အနုပဋိလောမ ရုပ်ဝါဒအဘိဓမ္မာအရသော်လည်းကောင်း ဤကမ္ဘာမြေပြင်၌ မရှိသေးသည်ကိုကား ထည့်သွင်း၍ မစဉ်းစား။ ကိုယ်ဖြစ်ချင်ရာသာ စိတ်ကူးထဲ၌ ခံစားနေချေ၏။ ခင်သည် ကဗျာဆရာ၏ ဆူးမရှိသော နှင်းဆီတော၌ အဆိပ်မရှိသော ပျား၏ ပျားရည်ကို စားသုံး၍ လရောင်ကို ရေချိုးနေရခြင်းဖြင့် ရုပ်တန့်မနေလိုက်သေး။ "မိုးတိမ်" ငွေလှေလခြမ်းပေါ်၌ တက်စီးကာ နို့ရည်ဆမ်းထားသော လမ်းမကြီးဆီသို့ လိုက်ပါသွား၏။

ငယ်ရွယ်သော ကဗျာဆရာကလေး မိုးတိမ်က "မမခင်"ဟု ခေါ်၏။ လှနတ်မယ်က သူ့ကဗျာ ဆရာကလေးအား "မောင်မြင့်"ဟု ချစ်စနိုးခေါ်၏။ မောင်မြင့်၏မမခင်နှင့် မမခင်၏မောင်မြင့်တို့ ဖြစ်ကြ လေသည်။

အိပ်မက်ထဲ၌ ခင်သည် ကဗျာဆရာကလေး မိုးတိမ်နှင့် မေတ္တာသက်ဝင်၍ ချစ်ခင်ပေါင်းဖော်ရ၏။ သို့ရာတွင် မြေကြီးပေါ်၌ကား သူဌေး

mgyoe.com

mgyoe.com


ဦးဘတင်နှင့် ခုတင်ပေါ်၌ ဖက်အိပ်ရလေသည်။ ထို့ကြောင့် လှနတ်မယ်သည် ဘဝတစ်ဘဝထဲတွင် နှစ်ဘဝ နေထိုင်လျက်ရှိ၏။ ထိုသို့ နှစ်ဘဝခွဲ၍ နေထိုင်ရသည့်အတွက်လည်း ပျော်ရွှင်ချမ်းမြေ့ပုံ ရလေသည်။

သို့ရာတွင် မိုးတိမ်၏ ကဗျာတစ်ပုဒ် ပျောက်ဆုံးခဲ့မှန်း သိရသော အချိန်နာရီမှစ၍ ခင်သည် ယခင်ကကဲ့သို့ ပျော်ရွှင်ချမ်းမြေ့ခြင်း မရှိတော့။ အိပ်မက်ထဲမှ ကဗျာအား မြေကြီးပေါ်က သူဌေးမင်း ရရှိသွားပါက ကံကြမ္မာသည် အဘယ်သို့ ဖန်တီးလာမည်နည်း။

ကဗျာဆရာလေးနှင့် အိပ်မက်သော ကမ္ဘာ၌ ပေါင်းဖော်မြူးတူးရသည့်အရေးကို ယခုအခါ၌ ခင်သည် ပျော်ရွှင်ခြင်း မရှိနိုင်တော့။ မိုးတိမ်၏ ကဗျာသည် မြေကြီးပေါ်၌ ပျောက်ဆုံးနေလေပြီ။ ထိုကဗျာ၌ မိုးတိမ်က "မမခင်"ဟူ၍ ခေါင်းစဉ်တပ်ကာ ခင်၏ ချောပုံ၊ လှပုံများကို စိတ်ကူးရှိသလောက် စကားလုံးအမျိုးမျိုးဖြင့် ရာကြဲတစပ်ကာ ဖွဲ့နွဲ့ထားသည်။ အောက်၌လည်း "မိုးတိမ်"ဟူ၍ လက်မှတ်ထိုးထားသည်။ ယခုအခါ၌ ထိုကဗျာသည် မိမိ အထားအသို မပိရိသောကြောင့် ပျောက်ဆုံးနေခဲ့လေပြီ။

အဘယ်ရန်သူတော်သည် အဘယ်ရန်ငြိုးနှင့် လှနတ်မယ်အားနှောင့်ယှက် ဖမ်းစားထားလေပြီနည်း။

မိမိအပြစ်နှင့် မိမိ စိတ်ညစ်ညူးရသောကြောင့် အရုပ်ဆိုးနေသော မိမိ၏ မျက်နှာထားတော်ကို မှန်ထဲ၌ပင် မကြည့်ချင်၊ မမြင်ချင်တော့သကဲ့သို့ ကျောခိုင်း၍ထိုင်နေသော လှနတ်မယ်သည် ခေါင်းများပင် ကိုက်လာရာ၏။ ဘာမျှလည်း မကြံတတ်၊ မလုပ်တတ်တော့သည့်အဆုံး ချစ်သော ကဗျာဆရာကလေးသို့သာ တစ်ဖက်သတ် အပြစ်ဖို့နေမိ၏။

ထိုအခိုက် မိမိ၌ တောက်တိုမည်ရ ခိုင်းစေထားသော သူငယ်မကလေးသည် အိပ်ခန်းတံခါးဝ၌ လာရပ်၍နေလေသည်။

"မမ"

ခင်သည် များစွာ ထိတ်လန့်သွားကာ လှည့်ကြည့်၏။

"ဘာလဲဟေ့...မိအေး၊ နင့်နှယ် အလန့်တကြားဟယ်"

"ဧည့်ခန်းထဲမှာ ဧည့်သည်ရောက်နေတယ် မမ"

mgyoe.com

mgyoe.com


"ဘယ်က ညည့်သည်လဲ၊ အရေးထဲ ရှုပ်လာရပြန်ပြီ"

"ခါတိုင်း မမဆီ လာနေကျ ညည့်သည်ပါ မမရဲ့"

"ဘယ်သူလဲ၊ ညည်း မသိဘူးလား"

"ကိုတင်မြင့်ပါ မမရဲ့"

"ဟင်... မောင်မြင့်တစ်ယောက် ရောက်နေပါလား"ဟု ပျာပျာသလဲ ပြောဆိုပြီးနောက် လှနတ်မယ်သည် စောစောက စိတ်ညစ်၍ ကျောခိုင်းထားခဲ့သောမှန်ကို ပြန်၍ ကြည့်လေ၏။ မျက်ခုံးမွေးတစ်ဖက်သာ ဆွဲပြီးသေးသဖြင့် သတိရကာ နောက်တစ်ဖက်ကို ကပျာကသီဆွဲပြီးနောက် ညည့်ခန်းရှိရာ တိုက်အောက်ထပ်သို့ ခပ်သွက်သွက်ကလေး ပြေးဆင်း လာခဲ့လေသည်။

[ ၃ ]

ညည့်ခန်းလယ်၌ ထားရှိသော ပီယာနိုခုံ၌ တင်ပါးလွှဲထိုင်ကာ အနက်မထင်သော တေးဂီတကို ခပ်ပိပိကလေး တို့ထိ၍ ဆော့ကစားနေရာမှ "ဟော...မောင့် ဘုရားသခင်မလေး ကြွမြန်းလာပြီ"ဟု ကဗျာဆရာက ဆီးကြိုနှုတ်ဆက်လေသည်။

"မောင့် ဘုရားသခင်မကလေးကို အသာထားစမ်းပါဦး မောင်မြင့်ရယ်၊ မမခင်တော့ ခက်နေရပြန်ပြီ"ဟု ခင်သည် မောင်မြင့်ဆီးတွင် ခပ်နွဲ့နွဲ့ လာ၍ရပ်ရင်း သူ၏ပခုံးပေါ်သို့ လက်တင်ကာ ညည်းညူ ပြောဆိုလိုက်သည်။

"မမခင်တစ်ယောက်များ တွေ့ရင် ခက်နေတာက စတွေ့ရတာပါပဲဗျာ"ဟု ကဗျာဆရာက ခပ်အုပ်အုပ်ပြောရင်း သူ၏ ပခုံထက်တွင် တင်လာသော လှနတ်မယ်၏ လက်ကလေးကို ဆွဲကိုင်ရင်း ယုယုယယ ဖွွေးဖွွေးပေး နေသည်။

"တကယ် ပြောနေတာပါ မောင်မြင့်ရဲ့၊ မင်း မနေ့ညက ပေးထားခဲ့တဲ့ ကဗျာကလေး ပျောက်သွားလို့"

"မမခင် တစ်ယောက်ကလည်းဗျာ...ဒါကလေးနဲ့များ ခက်နေရ

mgyoe.com

mgyoe.com


သတဲ့လား။ အဲဒီကဗျာပျောက်သွားရင် ဒီထက်ပိုကောင်းတဲ့ ကဗျာတစ်ပုဒ်ကို နောက်ထပ် ကျွန်တော် ရေးပေးမှာပေါ့ဗျာ"

"မမခင်ပြောတဲ့ စကားကို နားမလည်ဘူးလား မောင်မြင့်ရယ်"

"ဘာနားမလည်စရာ ရှိတာလိုက်လို့ မမခင်ကလဲ၊ ကဗျာတစ်ပုဒ်ပျောက်ရင် နောက်ထပ်နှစ်ပုဒ် ရေးပေးမှာပေါ့ဗျာ"

"မဟုတ်သေးဘူးလေ မောင်မြင့် ရေးပေးထားတဲ့ ကဗျာကို မနေ့ညက အိပ်ရာအဝင်မှာ မှန်တင်ခုံပေါ် သိမ်းထားရာက ပျောက်နေလို့ မောင်မြင့်ရဲ့၊ အဲဒါ ဘယ်လိုလုပ်ကြမတုံး"

"ပြောနေပါပကော မမခင်ကလဲ၊ အဲဒီ တစ်ပုဒ်အစား၊ နောက်ထပ်ဒီထက်ကောင်းတဲ့ ကဗျာတစ်ပုဒ် ရေးပေးပါ့မယ်လို့။ မမခင်တစ်ယောက်ကလည်း ပူစရာမဟုတ်တာ။ ရေကြီးခွင်ကျယ်လုပ်ပြီး ပူနေလိုက်ရတာဗျာ။ ပြီးတော့ ကျွန်တော် ပထမ ရေးပေးထားတဲ့ ကဗျာက မမခင်နဲ့ တန်လောက်အောင် ကောင်းလှတယ်လည်း မဟုတ်ပါဘူး။ ပြီးတော့ ဂိုဏ်းတောင်ကောင်းကောင်း မလွတ်ဘူးထင်တယ်"

"သြော်...မမခင် ပြောနေတဲ့စကားကို ခုထိ နားဝေးတုန်းပဲလား မောင်မြင့်ရယ်"

"ခက်လိုက်ပါဘိတော့ မမခင်ရာ၊ နောက်ထပ် ဒီထက်ကောင်းတဲ့ ကဗျာတစ်ပုဒ် ရေးပေးပါ့မယ်လို့ ဆိုနေမှပဲ"

"နောက်တစ်ပုဒ်လည်း မရေးပါနဲ့၊ တစ်သက်လုံးလည်း ဘယ်တော့မှ မရေးပါနဲ့တော့လို့ တောင်းပန်ပါရစေ မောင်မြင့်ရယ်။ ဒီကဗျာတစ်ပုဒ်အတွက်နဲ့ပဲ မမခင် စိတ်ညစ်လွန်းလို့ပါ"

"ဟောဗျ...ကိုယ့်ချစ်သူရဲ့ အလှဘွဲ့ကိုတောင်မှ မရေးပါနဲ့တော့တဲ့လား။ ဒါဆိုတော့ ရက်စက်လှပါကလား မမခင်ရယ်"

"ဒါလောက် ပြောပြနေရအောင် တယ်လည်း နားဝေးလှသကိုးကွယ်"

"ဘယ်လို နားဝေးနေလို့လဲ မမခင်ရဲ့၊ ဝေ့လည်လည် မပြောစမ်းပါနဲ့ဗျာ"

mgyoe.com

mgyoe.com


"မင်း ရေးပေးတဲ့ကဗျာကို တစ်ယောက်ယောက်ကများ တွေ့သွားရင် ဘယ်လို ထင်မလဲ"

"အို...လူ့ပြည်မှာ အချောဆုံး၊ အလှဆုံး မိန်းမတစ်ယောက်ကို အင်မတန် ချစ်နေရှာတဲ့ လူတစ်ယောက်က ဖွဲ့နွဲ့ချီးကျူးထားတဲ့ ကဗျာတစ်ပုဒ်လို့ ထင်မှာပေါ့ မမခင်ရဲ့။ ဒါပေမဲ့ ကဗျာဆရာရဲ့ မေတ္တာဟာ ဘယ်လောက်ကြီးမားနေရှာတယ်ဆိုတာကိုတော့ လူတိုင်း နားလည်မှာ မဟုတ်ပါဘူးဗျာ"

"နေ့ခင်းက မမခင်ရဲ့ ယောက်မ အိမ်လာလည်ရင်း ပြန်ခါနီး မှန်တင်ခုံမှာ အလှပြင်တုန်း တွေ့သွားသလား မပြောတတ်ဘူး။ မမခင်ရဲ့ ယောက်မက မမခင်နဲ့ သူ့အစ်ကိုကို သဘောတူတာ မဟုတ်ဘူး။ မမခင်ကိုလည်း မနာလိုနေတာ"

"ဟင်...မမခင်မှာ ယောက်မ ရှိသလား"

"မောင်မြင့် တစ်ယောက်ကလည်းနော်၊ မမခင်ကို မိုးပေါ်က ကျလာတဲ့ နတ်သမီးကလေးများ အောက်မေ့နေသလား မသိပါဘူးကွယ်"

"ကျွန်တော်ကတော့ ဒီအတိုင်း အောက်မေ့နေတာပဲလေ၊ နောက်ရေးမယ့် ကဗျာကျရင် "လှနတ်မယ်"ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးဖို့တောင် စိတ်ကူးရလာပြီ"

ခင်သည် ၎င်း၏ တိတ်တိတ်ပုန်းချစ်သူ ကဗျာဆရာလေးအား အလွန်တရာ စိတ်ပျက်သွားသကဲ့သို့ သူ ဆုပ်ကိုင်ထားသော မိမိ၏လက်ကို ရုန်း၍ ခပ်ဆောင့်ဆောင့်ကလေးဆွဲယူလိုက်ပြီးနောက် သက်ပြင်းကို ချလိုက်မိလေသည်။

"မမခင် ပြောလိုက်ကာမှ သတိရလာတယ်၊ "လှနတ်မယ်"ဆိုတဲ့ ခေါင်းစဉ်နဲ့ ကနေ့ည ကပွဲကအပြန် စာမကျက်တော့ဘဲ ကဗျာစပ်ရဦးမယ်"

"တော်စမ်းပါတော့ မောင်မြင့်ရယ်၊ ဒီရေးပြီးသား ကဗျာတစ်ပုဒ်အတွက်နဲ့ပဲ မမခင် ဘယ်လောက်တောင် စိတ်ဒုက္ခရောက်နေရပြီလဲ"

"ဘာများ ဖြစ်သွားမှာမို့ ဒုက္ခရောက်နေရတာတဲ့လဲ မမခင်ရယ်"

"မောင်မြင့် ရေးပေးထားတဲ့ ကဗျာကိုသာ မမခင်ယောက်မ နေ့

mgyoe.com

mgyoe.com


ခင်းက အိမ်အလည်လာရင်း တွေ့မျှားသွားလို့ ကိုကို့မျှား ပြလိုက်ရင် ဘာဖြစ်သွားနိုင်တယ်ဆိုတာကို မတွေးမိဘူးလား ဟင်၊ မမခင်တော့ သေတောင်သေလိုက်ချင်တယ်"

"လက်စသတ်တော့ မမခင်က ဒါကလေးအတွက်နဲ့ ပူနေရတာကိုး၊ ဒါလောက်ဟာကိုတော့ ပူစရာလိုက်လို့ဗျာ"

"ဘယ်လိုမျှား ပေါ့ပေါ့ဆဆ ပြောလိုက်တာလဲ မောင်မြင့်ရယ်၊ မမခင်နဲ့ မောင်မြင့်တို့ ခုလိုဖြစ်နေကြတဲ့ကိစ္စကို ကိုကိုသာ သိသွားရင်"

"သိသွားလည်း ပြီးတာပေါ့ဗျာ၊ သာတောင် ကောင်းသေးတယ်"

"ဘုရား...ဘုရား...ဘယ်လိုမျှား ပြောလိုက်ပါလိမ့် မောင်မြင့်ရယ်"

"မမခင်ယောကျ်ားသိသွားရင် လူသိရှင်ကြား ကွာရှင်းကြပြီး မမခင်နဲ့ ကျွန်တော်တို့ ရုံးသွားပြီး လက်ထပ်ရုံပေါ့ဗျာ။ ရုံးသွားလက်ထပ်တာလည်း လွယ်လွယ်ကလေးပါ။ ဘာမှခက်တာ မဟုတ်ပါဘူး"

"အပြောတော့ လွယ်ပါရဲ့၊ လက်ထပ်ပြီးတဲ့အခါ ဘယ်မှာသွားနေလို့၊ ဘယ်လို စားကြမှာတဲ့လဲ"

"ဒါတွေဟာ ပူစရာမဟုတ်တဲ့ ဟာတွေပါ မမခင်ရယ်၊ လူထွင်းတဲ့ ငရုတ်ဆုံတောင် မှန်မှန်ထောင်းနေရသေးတာ"

"အငိုလွယ်လို့ အရိုက်ခက်နေပါဦးမယ် မောင်မြင့်ရယ်"

"မဆိုင်တာတွေ တွေးပူနေရင် လူ့လောကမှာ အိပ်စရာနေရာတောင် မရှိတော့ဘူး မမခင်ရဲ့။ ဒါတွေကို စိတ်အပင်ပန်းခံပြီး မတွေးဘဲထားလိုက်စမ်းပါ။ ဘယ်မှာပဲ နေရနေရ ကိုယ်ချစ်တဲ့သူနဲ့ လွတ်လွတ်လပ်လပ် ချစ်ချင်တိုင်း ချစ်နေရရင် ပြီးတာပဲ မဟုတ်လား"

"မင်းပြောနေတဲ့ စကားတွေဟာ အိပ်မက်ထဲမှာသာ ဖြစ်နိုင်တဲ့ဟာတွေပါကွယ်။ တော်ပါတော့"

"စိတ်ညစ်စရာတွေ ပြောမနေပါနဲ့တော့ဗျာ၊ ကပွဲ နောက်ကျနေပါဦး"

"ကပွဲသွားပြီး ဘယ်ကို သွားဦးမှာမို့လဲ"

"ကျွန်တော်နဲ့ တစ်ခါတည်း လိုက်ခဲ့တာပေါ့ မမခင်"

mgyoe.com

mgyoe.com


"ဘယ်ကို လိုက်ခဲ့ရမှာတဲ့လဲ"

"ဘယ်သူမှ မနှောင့်ယှက်နိုင်ဘဲ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် ချစ်ချစ်တိုင်း ချစ်နိုင်ကြတဲ့ ချစ်ဗိမာန်ကိုပေါ့ဗျာ"

"မောင်မြင့်ကလည်း မင်းရေးတတ်တဲ့ ကဗျာထဲက အိပ်မက်တိုင်းပြည်ကို စိတ်ကူးယဉ်ယဉ်နဲ့ ပြောနေတာများလားကွယ်။ လင်ရယ်မယားရယ်လို့ ဖြစ်လာကြရင် ကိုယ့်အိုးကိုယ့်အိမ်နဲ့ နေလို့ဖြစ်ပြီး သူများထက်မသာတောင် အနည်းဆုံး သူများနည်းတူ၊ တန်းတူနေနိုင်မှဖြစ်တယ်ဆိုတာများကော မင်း စဉ်းစားမိရဲ့လား ဟင်"

"ဒါတွေကို ရှည်ရှည်ဝေးဝေးတွေးပြီး စစ်မရောက်ခင် မြားကုန်ဆိုသလို အပင်ပန်းခံ ပူမနေစမ်းပါနဲ့ မမခင်ရယ်။ အချိန်တန်တော့ နွားပိန်ကန်ပါလိမ့်မယ်ဗျာ။ ကဲလေ...မမခင်သာ ကျွန်တော်နဲ့ တစ်ခါတည်းပဲ လိုက်ခဲ့ပါတော့။ ဩော်...ဒါထက် ကျွန်တော်နဲ့ လိုက်လာခဲ့ရင်တော့ မမခင် ဝတ်ထားတဲ့ ပစ္စည်းတွေကို ချွတ်ထားခဲ့မှ ဖြစ်လိမ့်မယ်ထင်တယ်။ တော်တော်ကြာ ဆန်ခိုးမှုနဲ့ ထောင်မကျဘဲ ဖွဲခိုးမှုနဲ့ ထောင်ကျနေပါဦးမယ်"

"မင်းက မမခင်ကိုများ စိန်ရွှေမက်တဲ့ မိန်းမစားထဲက မှတ်နေသလား မောင်မြင့်၊ ဒါတွေကို မမခင်က နည်းနည်းကလေးမှ ဂရုစိုက်တဲ့ မိန်းမစားထဲက မဟုတ်ပါဘူး။ ကိုကိုက မဝတ်မနေရဆိုပြီး အတင်းအဓမ္မဝတ်ခိုင်းထားလို့ အလေးခံပြီး ဝတ်ထားဆွဲထားရတာပါကွယ်"

"ဒါကို ကျွန်တော် နားလည်ပြီးသားပဲ မမခင်ရဲ့၊ တော်တော်ကြာ ကပွဲနောက်ကျနေပါ့မယ်ဗျာ"

"ဒါလောက် ပြောပြနေတာတောင် မောင်မြင့်တစ်ယောက်ကလည်း မသိတတ်သေးဘူးလားကွယ်"

"ကျွန်တော်သိတာ တစ်ခုတည်းရှိတယ် မမခင်၊ အဲဒါဟာ ဘာလဲဆိုရင် မမခင်ကို ဘုရားသခင်မကလေးလို ဖန်ပေါင်းချောင်နဲ့ ကိုးကွယ်ဝတ်ပြုဖို့ပဲဗျ"

"ပြောနေလို့လည်း အလကားပါပဲ မောင်မြင့်ရယ်၊ မင်းနဲ့ မမခင်ဟာ အိပ်မက်ထဲမှာသာချစ်ပြီး ညားလို့ ဖြစ်နိုင်တာ၊ တကယ်လက်တွေ့

mgyoe.com

mgyoe.com


နဲ့ကျတော့ ဘယ်လိုနည်းနဲ့မှ ဖြစ်နိုင်စရာ လမ်းမရှိပါဘူးကွယ်"

"ဘယ်လို ပြောလိုက်တာတုံး မမခင်" ကဗျာဆရာသည် ချောက်ချားသွားသဖြင့် အသံသည်လည်း လှုပ်ရှားသွားလေ၏။

"မင်းဟာ ခုလောက် ပြောပြနေတာတောင် အမေ့နို့အပ်စော် မစင်သေးတဲ့ သူငယ်တစ်ယောက်လို ပြောနေတုန်းပဲလား ဟင်"

အရိုက်တွင် အထိုးခံလိုက်ရသော လက်ဝှေ့သမားလို ကဗျာဆရာသည် အောင့်၍သွားလေသည်။ ၎င်းအား အမိနို့အပ်စော် မစင်သေးဟု ပြောဆိုလိုက်ခြင်းကိုလည်း များစွာ အခံရခက်မိ၏။ ကဗျာဆရာသည် သူ့ကိုယ်သူ လူ့လောက၏ အတွေ့အကြုံများစွာ ကြွယ်ဝပြည့်စုံသူ တစ်ဦးတစ်ယောက်အဖြစ်နှင့် ဇရာမလူကြီးတစ်ယောက်ဟု အထင်ရောက်နေခဲ့သူ ဖြစ်လေသည်။ သို့ရာတွင် ယခုကဲ့သို့ သူငယ်နှပ်စားပမာ ပြောဆိုသတ်မှတ်ခြင်း ခံလိုက်ရသောအခါ များစွာ ခံပြင်းနေပေသည်။ သူသည် လူကြီးလူကောင်းတစ်ယောက်ဖြစ်ကြောင်း၊ ခင်၏ကိုကို ဦးဘတင်နှင့်ပင် ခင်၏မျက်စိအောက်၌ လက်ဝှေ့ထိုးသတ်၍ ပြချင်သော စိတ်ရိုင်းများပင် ပေါ်လာသည်။

"ဒါတွေ လေကုန်ခံပြီး ပြောမနေပါနဲ့တော့၊ ခုတစ်ခါတည်းသာ ကျွန်တော်နဲ့ လိုက်ခဲ့ပါဗျာ။ မမခင်ယောကျ်ား အလုပ်တိုက်သွားပြီး မျက်နှာစုံညီ ရှင်းပစ်လိုက်ကြရအောင်လေ"

"ဘုရားရေ...ကိုကို့ကို ဘာများ သွားရှင်းလင်းရမှာတဲ့လဲ"

"မမခင်နဲ့ ကျွန်တော်တို့ ခုလို တိတ်တိတ်ပုန်း ဖြစ်နေကြတာကို ဟုတ်တဲ့ မှန်တဲ့အတိုင်း ဖြောင့်ဖြောင့်ပြောပြပြီး သူက ကွာရှင်းပေးဖို့ပါ တစ်ခါတည်း ပြောကြတာပေါ့။ ဒီ့အပြင် ဘာလိုသေးသလဲ"

"မင်း...ခုလို သွားပြောတဲ့အခါ ကိုကိုက ဝေဿန္တရာမင်းကြီးလို သူ့မယားအလှကို လှူလိုက်မယ်များ ထင်သလား"

"အေးအေးချမ်းချမ်း ကြည်ကြည်သာသာနဲ့ ကိစ္စမပြီးနိုင်လည်း ရာမဇာတ်တော်ထဲက ဒသဂီရိလုပ်နည်း လုပ်ရုံပေါ့ဗျာ"

"ဒီလိုလုပ်လို့ကော ကိုကိုက ခံနေမယ်ထင်သလား မောင်မြင့်"

"သူက မခံချင်ရင်လည်း ခက်တာလိုက်လို့ဗျာ၊ မသကာ တစ်

mgyoe.com

mgyoe.com


ယောက်နဲ့တစ်ယောက် လူရေးပြရုံရှိတော့မှာပေါ့"

"လူရေးပြတယ်ဆိုတာက ဘာကို ပြောတာလဲ ဟင်"

"နပန်းသတ်တာကို ပြောတာ မဖုရားကလေးရဲ့"

"ဘုရားရေ...သူ့မယားလည်း ကြာခိုသေး၊ သူ့လင်ကိုလည်း မင်းက သူ့မယား မျက်စိအောက်မှာ ထိုးသတ်ပြဦးမလို့တဲ့လားကွယ်။ ဟုတ်လား မောင်မြင့်"

"သူ့မယား လိုချင်နေခါမှ သူ့လင်ကို ဘာမသတ်ရဲစရာ ရှိသေးသလဲ။ မမခင်ကို ရဖို့အတွက်သာဆိုရင် ကျွန်တော် ဘာပဲဖြစ်ဖြစ် လုပ်ရဲတယ် လုပ်ဝံ့တယ်"

"မြတ်စွာဘုရားသခင်...ကယ်တော်မူပါ"

"လာဗျာ...မမခင် ပြောနေတာ ကြာတယ်၊ မလာခင်ပဲ ဒီအေးကို ပြေးတွေ့တာက ကောင်းပါတယ်ဗျာ"ဟု ပြောပြောဆိုဆို ကဗျာဆရာသည် သူ၏လှနတ်မယ်လက်ကို ဒေါကလေး မာန်ကလေးဖြင့် ဖမ်းဆွဲကာ ခေါ်လေ၏။ သို့ရာတွင် လှနတ်မယ်သည် စိတ်ကူးယဉ် ကဗျာဆရာ၏ လက်ဆွဲခြင်းကို မခံနိုင်တော့သကဲ့သို့ ပြန်လှန်၍ ရုန်းကန်ဆောင့်ဆွဲလိုက်ပြီးနောက် "ငါ့လက်ကို မင်း ခုလို ပိုင်စိုးပိုင်နင်း မဆွဲပါနဲ့။ မင်းဟာ တော်တော်ရမ်းချင်တဲ့ သူငယ်တစ်ယောက်ပဲ"ဟု မျက်စိပျက် မျက်နှာပျက် ပြောလိုက်သည်။

ကဗျာဆရာသည် တစ်ကြိမ်တစ်ခါမှ လှနတ်မယ်က မသုံးစွဲစဖူး သုံးစွဲပြောဆိုလိုက်သော "ငါ"၊ "မောင်တင်မြင့်"နှင့် "တော်တော်ရမ်းချင်တဲ့ သူငယ်"ဟူသော ဝေါဟာရသစ်များကို ခံယူလိုက်ရသောကြောင့် ရုတ်တရက် တုန်လှုပ်ချောက်ချားသွား၏။ သို့အတွက် သူသည် လှနတ်မယ်အား နောက်ထပ် ဘာမျှပြန်မပြောနိုင်ဘဲ အကြောင်းသား ငေးကြည့်နေမိသည်။

"မင်းဟာ ခေတ်ပညာတတ်၊ မိကောင်းဖခင် သားသမီးတစ်ယောက် ပီပီ လိမ္မာရေးခြားရှိဖို့၊ သိတတ်ဖို့ကောင်းတယ် မောင်တင်မြင့်"

"ကျုပ်ကို မောင်တင်မြင့်တဲ့လား ဒေါ်ဒေါ်ခင်ရဲ့"

"အေးကွယ်...မင်းက ဒေါ်ဒေါ်ခင်လို့ ခေါ်လိုက်တဲ့အတွက် ငါ့ဘဝကို ငါ ခုမှ ပြန်သတိရလို့ မင့်ကိုပဲ ကျေးဇူးတင်ပါတယ်ကွယ်"

mgyoe.com

mgyoe.com


"ဩော်…ကျုပ်ကိုများ ကျေးဇူးတင်သတဲ့လား ဒေါ်ဒေါ်ခင်ရဲ့"

"မင်းက ဒေါ်ဒေါ်ခင်လို့ ဖော်ပြီး သတိပေးလိုက်တဲ့အတွက် ငါ့ကိုယ်ငါ ဦးဘတင်ဆိုတဲ့ သူတော်ကောင်းကြီးရဲ့ ကာမပိုင်မယားပါကလား ဆိုတာကို ခုမှ ပြန်သတိတရားရလို့ ကျေးဇူးတင်တဲ့အကြောင်း ပြောရတာပါ မောင်တင်မြင့်ရယ်။ စိတ်တော့မရှိလိုက်ပါနဲ့…"

"ဩော်…ဒီလိုတန်းလား၊ ဒါဖြင့် ကျုပ်ကလည်း အားကျမခံ ဒေါ်ဒေါ်ခင် သတိပေးလိုက်တဲ့ ခေတ်ပညာတတ် မိကောင်းဖခင် သားသမီး တစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ် အောက်မေ့လိုက်ရုံပေါ့ဗျာ။ ဘာမှစိတ်ရှိနေစရာ မဟုတ်ပါဘူး"

"ဒီအတိုင်းဆိုရင်တော့ ဒေါ်ဒေါ်ခင်က အတိုင်းထက်အလွန် ကျေးဇူးတင်ရမှာပေါ့ကွယ်။ ဟုတ်လား မောင်တင်မြင့်၊ ပြီးတော့ ခုအချိန်မတိုင်မီ အတိတ်က တစ်ယောက်နဲ့တစ်ယောက် မှားယွင်းဖြစ်ပျက်ခဲ့ကြတာတွေကိုလည်း တစ်ခါတည်း ဒီနေရာမှာ မေ့ပစ်လိုက်ကြစို့ ဟုတ်လား"

"ကျုပ်က ယောကျ်ားပဲဗျာ အရှုံးပဲ မရှိပါဘူး ဒေါ်ဒေါ်ခင်ရဲ့"

"ငါလည်း မိန်းမဖြစ်ပေမဲ့ မရှုံးပါဘူးကွယ်၊ ငါ့ကိုယ်ငါ ပျော်သလို ဖြေဖျော်ခဲ့ရတာပဲ မဟုတ်လား"

"ဒါဖြင့် ကျုပ်က ခင်ဗျားကို သက်သက်မဲ့ ဖြေဖျော်ပေးခဲ့ရတဲ့ သတ္တဝါတစ်ကောင်ပေါ့ဗျာ။ ဟုတ်လား ဒေါ်ဒေါ်ခင်"

"ယောကျ်ားဆိုတာ အရှုံးမရှိပါဘူးလို့ မင်းပဲ ပြောတယ်မဟုတ်လား။ တကယ်ဆိုတော့လည်း မင်းမှာ အရှုံးမရှိပါဘူးကွယ်"

ကဗျာဆရာသည် အိပ်ရာမှ လန့်နိုးစပြုလေပြီ။ မြေကြီးပေါ်က သူ၏ အပျော်တမ်း တိတ်တိတ်ပုန်း လင်ငယ်ဘဝကိုလည်း သတိရစပြုလေပြီ။

"အဲဒီတော့ ဒေါ်ဒေါ်ခင် နောက်ဆုံးတောင်းတဲ့ ကိစ္စတစ်ခုအနေနဲ့ မောင်တင်မြင့်ဆီက အကူအညီတောင်းချင်တာ တစ်ခုရှိတယ်။ အဲဒါကိုလည်း ခေတ်ပညာတတ် မိကောင်းဖခင်သားသမီး တစ်ယောက်ပီပီ ဒေါ်ဒေါ်ခင်ရဲ့ အခက်အခဲကိုလည်း ကူညီပေးလိမ့်မယ်လို့ မျှော်လင့်မိတယ်"

mgyoe.com

mgyoe.com


အိပ်မက်မှ နိုးစဖြစ်သော ကဗျာဆရာသည် ရုတ်တရက် ကြောင်နေသေးသဖြင့် ဘာမျှ ပြန်မပြောတတ်သေးပေ။

"ဘာများ စဉ်းစားမိလို့လဲ ဟင်...မောင်တင်မြင့်၊ မင်းဟာ ခေတ်ပညာတတ် တစ်ယောက်မှန်ရင် အားနွဲ့တဲ့ မိန်းမသားတစ်ယောက်ရဲ့ အခက်အခဲကို ကူညီသင့်ပါတယ်။ ပြီးတော့ ဒီကိစ္စဟာ ဒေါ်ဒေါ်ခင့်တစ်ယောက်တည်းရဲ့ အခက်အခဲလည်း မဟုတ်ပါဘူး"

"အချိုးနိဒါန်းတွေ ထားပါတော့ဗျာ၊ ကျုပ်ပါ တာဝန်မကင်းဘူးလို့ ဆိုချင်တဲ့ အခက်အခဲကိုသာ တိုတိုတုတ်တုတ် ပြောပါ"

"ဒေါ်ဒေါ်ခင့်ကို စိတ်ဆိုးသလား မောင်တင်မြင့်ရဲ့"

"ပြောမှာသာ ပြောပါဗျာ၊ စိတ်ဆိုးသလား၊ စိတ်ရှိသလားဆိုတာတွေ မေးနေဖို့အချိန် မဟုတ်တော့ပါဘူး"

"မင်းကသာ မကူညီဘူးဆိုရင်တော့ မမခင်တော့ ဒုက္ခရောက်လိမ့်မယ် မောင်မြင့်ရဲ့"

"ခင်ဗျားဟာက ခုထက်ထိ ဒီ မမခင်နဲ့ မောင်မြင့်တို့ကို အဆုံးမသတ်သေးဘူးလားဗျ"

"အေးပါကွယ်...ဒေါ်ဒေါ်ခင်နဲ့ မောင်တင်မြင့်ပါတဲ့ကွယ်"

"ကျုပ်က မကူညီရင် ခင်ဗျား တွေ့ရမယ့်ဒုက္ခက ဘယ်လို ဒုက္ခလဲ"

"မင်း ရေးပေးထားခဲ့တဲ့ ကဗျာတစ်ပုဒ်အတွက်ပေါ့ကွယ်"

"အဲဒီတော့ ကျုပ်က ဘာလုပ်ပေးရမှာတဲ့လဲ"

"တကယ်လို့များ မင်း ရေးပေးထားတဲ့ ကဗျာကို ကိုကိုတွေ့သွားလို့ မင့်ကိုများ မေးလားမြန်းလား လုပ်လာရင် ကြည့်ပြီး ပြောပေးဖို့ပါပဲကွယ်။ ကိုကိုသာ မတွေ့မိလို့ မမေးရင်တော့ မင်းကူညီဖို့ မလိုတော့ပါဘူး"

"ဒေါ်ဒေါ်ခင့်အတွက် ရေးပေးထားတဲ့ ကဗျာကို ဦးဘတင်က မေးလာရင် မဟုတ်ပါဘူးလို့ ကျုပ်က လိမ်ပေးစေချင်သပေါ့ ဟုတ်လားဗျ"

ခင်သည် တစ်ကြိမ်က မိမိဘာသာ ကမြင်းကြော ထခဲ့မိသည့်အတွက် ယခုမှ ပြန်ဖုံးဖိနေရခြင်းကို အနည်းငယ် ရှက်သွားသော မဒို့တရို့အမူအရာကလေးဖြင့် ခေါင်းကိုသာ ညိတ်ပြလိုက်လေသည်။ ၎င်း၏

mgyoe.com

mgyoe.com

မုန်လာဥကိုပင် ခပ်ရဲရဲ မကြည့်ဝံ့တော့ ခေါင်းငုံ့နေ၏။

"သူ့မယားကိုကြာခိုပြီး သူ့လင်ကို မဟုတ်ရပါဘူးဗျာလို့ လိမ်ပြီး အရူးလုပ်ရတာဟာ ဒေါ်ဒေါ်ခင်ပြောတဲ့ ခေတ်ပညာတတ် မိကောင်းဖခင် သားသမီးတစ်ယောက်ရဲ့ အလုပ်လားဗျာ"

"လူကြီးလူကောင်းတွေရဲ့ လူကုံတန် လောကမှာတော့ ဒီလိုပဲ လုပ်နေကြရတာပဲလေ။ တစ်လောက အတွင်းဝန်တစ်ယောက် သူ့မိန်းမရဲ့ တူမကလေးနဲ့ ဖိုက်ကြီးတုန်း သူ့မိန်းမကလည်း အိမ်က ဒရိုင်ဘာနဲ့ ဖိုက်ကြီး လို့၊ ဒရိုင်ဘာနဲ့ အတွင်းဝန် ငါ့ဖိုက်သူခံ၊ သူ့ဖိုက်ငါခံဆိုပြီး လုပ်ခဲ့ရတာ ကိုလည်း မင်းကို ပြောပြဖူးသားပဲ"

"ထားပါတော့ဗျာ...ကျုပ်က လင်ငယ်အနေနဲ့ ခင်ဗျားလင်ကြီးကို ခေတ်ပညာတတ် တစ်ယောက်ပီပီ လိမ်ရတော့ပေါ့လေ"

"ဒေါ်ဒေါ်ခင်ကို မင့်စိတ်ထဲမှာ မကျေမချမ်း ဖြစ်နေတုန်းပဲလား မောင်တင်မြင့်ရဲ့"

"မကျေမချမ်းတော့ မဖြစ်ပါဘူး၊ အောင့်ရုံအောင့်တာကလေးပါပဲ"

"ဟင်...ဘာဖြစ်လို့ အောင့်နေရသေးတာလဲ မောင်တင်မြင့်၊ မေ့လိုက်ပါကွယ်...မေ့လိုက်ပါ"

"အမေ့နို့အပ်စော် မစင်သေးတဲ့ သူငယ်ဘဝက တစ်ညနေခင်း အတွင်း ရောမ ခေတ်ပညာတတ်ကြီးတစ်ယောက်ရဲ့ ဘဝကို ကူးခဲ့ရလို့ ပေါ့"

"အတိတ်ကဟာတွေကို အားလုံးမေ့ပြီး သင်ပုန်းချေလိုက်ကြစို့ ဟုတ်လား မောင်တင်မြင့်"

"စိန်ပါတယ်ဗျာ"

"ကိုကိုကသာ မောင်တင်မြင့်နဲ့ တွေ့လို့များ အဲဒီကဗျာအကြောင်း မေးလာရင် အဲဒီကဗျာထဲက "မမခင်"ဆိုတာ တက္ကသိုလ်က ကျောင်းသူ တစ်ယောက်အတွက် ရေးပေးတာလို့ ဆက်ဆက် ပြောပေးပါနော်"

"အို...ဒီအတွက် စိတ်သာချပါ၊ ပိုက်ဆံရဖို့ တစ်ခုတည်းသာ နားလည်ပြီး သူ့မယားတစ်ယောက်လုံး နောက်မီးလင်းနေတာကိုမှ မသိတဲ့

mgyoe.com

mgyoe.com

ခင်ဗျားရဲ့ လင်တော်မောင် "ကိုကို့"ကို ကျုပ် လိုမ့်ပြလိုက်ပါ့မယ်ဗျာ"

ဤကဲ့သို့ နောက်မီးလင်းနေခဲ့သော သူဌေးဦးဘတင်၏ ဇနီးချော "ခင်"နှင့် "မျောက်"ဖြစ်သော ကဗျာဆရာတို့သည် ဧည့်ခန်းဆောင်၌ အတိုင်အဖောက်ညီနေကြစဉ် ခြံအပြင်ဘက်မှ ဟွန်းသံကို ကြားလိုက်ရပြီးနောက် ကားတစ်စီးသည် ခြံထဲသို့ ဝင်လာလေ၏။

[ ၄ ]

ခင်သည် မျက်လုံးပြူးသွား၏။ ကဗျာဆရာကိုလည်း အားကိုးအားထားပြုသော မျက်လုံးများဖြင့် လှည့်ကြည့်၏။

"ဟော...ကိုကို အလုပ်တိုက်က ပြန်လာပြီ"

လှနတ်မယ်အသံသည် ချောက်ချားနေရှာသည်။

"လာပါ့စေ...သူဌေးမင်းကို ခေတ်ပညာတတ်တစ်ယောက်က နွားလုပ်ပြလိုက်ရသေးတာပေါ့ဗျာ"

ကဗျာဆရာက မခိုးမခန့် ပြောလိုက်သည်။

"မမခင်ကို သနားရင် မမခင် တောင်းပန်တဲ့အတိုင်း ကြည့်ပြောပေးပါနော် မောင်မြင့်"

"ဘယ်က မမခင်နဲ့ မောင်မြင့်လဲဗျ၊ သေကုန်ကြပြီ မဟုတ်လား"

"ငါ့နှယ်နော်...သေသာ သေချင်တော့တာပါပဲကွယ်"

"ဒေါ်ဒေါ်ခင်နဲ့ မောင်တင်မြင့် လုပ်ပါ၊ သင်ပုန်းချေထား မင့်ဟာ့"

ထိုအခိုက် ဦးဘတင်သည် အိမ်ပေါ်တက်လာပြီးနောက် ၎င်း၏ ချစ်ဇနီးနှင့် တက္ကသိုလ်ကျောင်းသား မောင်တင်မြင့်တို့ စကားပြောရှိနေကြသော ဧည့်ခန်းဘက်သို့ ခပ်မှန်မှန် လျှောက်လာ၏။

"ဟင်...ခင် ရုပ်ရှင်သွားမယ်ဆိုပြီး ခုထက်ထိ မသွားသေးဘူးလား၊ ဒီအချိန်သွားတော့ကော မီပါဦးမလား"

"ခေါင်းကိုက်နေတာနဲ့ မသွားဖြစ်တော့လို့ပါ ကိုကို" ဟု ခင်သည် အနည်းငယ် ဟန်လုပ်ရှုံ့မဲ့၍ လင်ဖြစ်သူအား လိမ်လိုက်ရရှာသည်။ သို့ရာတွင် ရုပ်ရှင်သွားမည်ဆိုပြီး ကပွဲသို့သွားကာ လိမ်ခဲ့ရဖူးသော အကြိမ်ပေါင်း

mgyoe.com

mgyoe.com

လည်း များလှပြီဖြစ်သည်။

"သိပ်ကိုက်သလား ခင်၊ ကိုကို ဆရာဝန် ခေါ်လိုက်မယ်လေ" ဦးဘတင်က ပျာပျာသလဲ ပြောရှာ၏။

"ခုတော့ တော်တော်ကလေး နေသာသွားပါပြီ ကိုကိုရယ်၊ ဆရာဝန်ခေါ်ဖို့ မလိုတော့ပါဘူး"

"ဒီလိုဆိုလည်း အိပ်ရာထဲမှာဖြစ်ဖြစ် လှဲနေပါလားကွယ်"

"ဟုတ်ကဲ့"ဟုသာ ပြန်ပြောလိုက်ရသော်လည်း ခင်သည် ၎င်း၏ လင်ကြီးနှင့် လင်ငယ်ကို ကောင်းစွာ စိတ်မချသကဲ့သို့ ဧည့်ခန်းထဲမှ ထွက်မသွားနိုင်သေးဘဲ ခပ်ဆိုင်းဆိုင်း လုပ်နေသည်။

"သြော်...မောင်တင်မြင့်နဲ့ ကျုပ် အေးအေးဆေးဆေး စကားတစ်ခွန်းလောက် ပြောချင်လို့" ဟု ဦးဘတင်သည် ၎င်း၏ဇနီးဖြစ်သူကို အလျင်းဂရုမစိုက်တော့ဘဲ မောင်တင်မြင့်ကိုသာ အကဲခတ်သလိုကြည့်ရင်း ပြောလေသည်။

"ဟုတ်ကဲ့...အမိန့်သာရှိပါ ခင်ဗျာ" ကဗျာဆရာကလည်း ဣန္ဒြေရရပင် ပြန်၍ ပြောဆိုလေ၏။

"ကဲ...ပြောကြဦးလေ၊ ခင် အဝတ်အစားသွားလဲပြီး လှဲနေလိုက်ဦးမယ်နော်"ဟု အလိုက်သိစွာဖြင့် ပြောဆိုကာ ခင်သည် ဧည့်ခန်းထဲမှ ထွက်လာပြီးနောက် အပေါ်ထပ်သို့ တက်သွားလေသည်။

ဧည့်ခန်းသည် တိတ်ဆိတ်၍ ငြိမ်သက်ကာ ကျန်ရစ်ခဲ့လေ၏။

ပိုက်ဆံအရှာအဖွေကောင်းသော သူဌေးဦးဘတင်နှင့် စိတ်ကူးယဉ်ကဗျာဆရာ မိုးတိမ်တို့သည် တစ်ယောက်နှင့်တစ်ယောက် အတန်ကြာ စကားမပြောဘဲ နေကြပြီးမှ အတွေးကိုယ်စီနှင့် တစ်ယောက်၏မျက်နှာ တစ်ယောက်က ကြည့်ရာတွင် အကြည့်ချင်း ဆုံသွားကြလေသည်။

"မောင်တင်မြင့် ကဗျာရေးတာကို တော်တော် ဝါသနာပါတယ်မှတ်တယ်"ဟု ဦးဘတင်က စ၍မေးလာ၏။

"ဟုတ်ကဲ့" ကဗျာဆရာက တိုတိုတုတ်တုတ် ပြန်၍ဖြေလိုက်သည်။

"ကဗျာတစ်ပုဒ်ရဲ့ အကျိုးအပြစ်ကိုကော တော်တော်ဝေဖန် ပိုင်း

mgyoe.com

mgyoe.com


ခြားနိုင်ရဲ့နော်"

"ဟုတ်ကဲ့... ကဗျာတစ်ပုဒ်ဟာ ဒေါသ သင့်မသင့်၊ ဂုဏ်မြောက် မမြောက်ဆိုတာလောက်တော့ နားလည်ပါတယ်"

"ကျုပ် ပြကြည့်ချင်တဲ့ ကဗျာတစ်ပုဒ်ကိုကော အကဲဖြတ် ဝေဖန် ပေးနိုင်လိမ့်မယ် ထင်တယ်"

"ကြည့်သေးတာပေါ့"

ဦးဘတင်သည် ၎င်း၏ မီးခိုးရောင် သက္ကလတ်အပေါ်အင်္ကျီ အိတ်ကပ်ထဲမှ ပန်းရောင်စက္ကူကလေး တစ်ရွက်ကို ထုတ်ယူလိုက်ပြီးနောက် ကဗျာဆရာ မောင်တင်မြင့်အား လှမ်း၍ပေးရင်း "ကဗျာကတော့ ဒါပါပဲ၊ အဲဒါကိုသာ တဆိတ်လောက်ကြည့်ပြီး မောင်တင်မြင့်ရဲ့ ထင်မြင်ချက်နဲ့ သဘောထားကိုသာ ဝန်မလေးရင် ကျုပ်ကို ရှင်းပြပေးစေချင်တယ်" ဟု ပြောလေသည်။ ဦးဘတင် ပေးလာသော ကဗျာစာရွက်ကိုလှမ်း၍ ယူလိုက်ပြီးနောက် မောင်တင်မြင့်သည် မျက်လုံးပြူးသွား၏။ အဘယ်ကြောင့်ဆိုသော် ထိုကဗျာသည် သူက ခင့်အား ပေးထားခဲ့ရာမှ ခင်၏ လက်ထဲကတစ်ဆင့် ပျောက်ဆုံးသွားသော ကဗျာပင်ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် သူသည် ထိတ်လန့်စွာ ထိုကဗျာကို ဖတ်ကြည့်နေမိ၏။

ဦးဘတင်သည် ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိကာ ကဗျာဆရာထံမှ ၎င်း၏ဝေဖန်ချက်ကို စောင့်စားနေဟန်ရှိ၏။ သို့ရာတွင် ကဗျာဆရာထံမှ တော်တော်နှင့် အသံထွက်မလာနိုင်သောအခါ သူသည် ငြိမ်သက်စွာ စောင့်စားနေရသော အမှုအား သည်းညည်းမခံချင်သကဲ့သို့ ချောင်းတစ်ချက် ဟန့်လိုက်လေ၏။

ကဗျာဆရာသည် ဗြောင် မုန်လာဥလုပ်ရတော့မည့် အရေးအတွက် အတန်ကြာမျှ အားယူနေခဲ့ရပြီးနောက် "ဒီကဗျာကို ဒေါ်ဒေါ်ခင်က ဦးဘတင်ကို ပြတဲ့ကဗျာ မဟုတ်လား"ဟု တန်ပြန် ထိုးစစ်ဆင်လိုက်လေသည်။

"ဆိုစမ်းပါဦး"

"ပြောရမှာတောင် ရှက်စရာပဲ၊ အင်းလျားက ကျွန်တော့်ရည်းစား အတွက် ရေးထားတဲ့ ကဗျာကို ကျွန်တော့်ရည်းစားမပေးခင် ကောင်းပါ့

mgyoe.com

mgyoe.com

မလားဆိုပြီး အကဲခတ်ရအောင် ဒေါ်ဒေါ်ခင့်ကို အကဲဖြတ်ဖို့ ခဏပေးခဲ့ထားတဲ့ ဒီကဗျာကို ဒေါ်ဒေါ်ခင်က ဦးဘတင်ကို ဘာပြုလို့ ပြောရပါလိမ့်မလဲဗျာ"

"မောင်တင်မြင့် ဝတ္ထုက တယ်လည်း အချိတ်အဆက် ကောင်းလှပါကလားကွ"

"ဘယ်က ကျွန်တော့်ဝတ္ထုလဲဗျာ ဦးဘတင်"

"မောင်တင်မြင့်ဟာ ကျုပ်သားထက် ငယ်ပါသေးတယ်ကွယ်၊ ကျုပ်ကို ဒီဝတ္ထုမျိုးနဲ့ မလိမ့်စမ်းပါနဲ့"

"ဦးဘတင်က ကျွန်တော်ပြောတာကို မယုံလို့လားဗျ"

"မောင်တင်မြင့်က ယုံအောင်မှ မပြောနိုင်ဘဲကိုးကွ၊ ဘယ်လိုလုပ်ယုံရမှာတဲ့လဲ"

"ကျွန်တော်က မှန်တာပြောတာပဲလေ၊ ဦးဘတင်က မယုံကြည်ရင်လည်း ဘာတတ်နိုင်ပါ့မလဲ"

"ကျုပ်ကို မှန်တဲ့အတိုင်းသာ ပြောပါ မောင်တင်မြင့်ရဲ့၊ ကျုပ်က စိတ်မဆိုးတတ်ပါဘူးကွယ်"

"ကျွန်တော်ကတော့ မှန်တာပြောတာပဲလေ၊ ယုံတာ မယုံတာကတော့ ဦးဘတင် အလုပ်ပဲ"

"ဒီအထိ မောင်တင်မြင့်က ကျုပ်ကို လိမ့်နေချင်သေးတယ်ဆိုရင်တော့ ကျုပ် ဖွင့်ပြောစရာ တစ်ခုရှိတယ်။ အဲဒါဟာ ဘာလဲဆိုတော့ မောင်တင်မြင့်ရဲ့ ကဗျာကို ခင်က ကျုပ်ကို ပြတာမဟုတ်ဘူး။ ကျုပ်နှမက ကျုပ်မိန်းမရဲ့ မှန်တင်ခုံပေါ်က ရလာလို့ ကျုပ်ကို လာပေးသွားတာကွယ့်"

"ကျွန်တော့်ရည်းစားကို အပင်ပန်းခံပြီး စပ်ထားတဲ့ ကဗျာဆိုတာကိုတော့ ထပ်မပြောပါရစေနဲ့တော့ ခင်ဗျာ။ အဲဒါကို ဒေါ်ဒေါ်ခင့်ကို ပြောထားတုန်း ဦးဘတင်ရဲ့နှမက တွေ့သွားလို့ ဦးဘတင်ကို လာပေးရင်တော့ ကျွန်တော်လည်း မတတ်နိုင်ဘူးပေါ့ဗျာ"

"မောင်တင်မြင့်ရေးတဲ့ ကဗျာကို ခင်က ဘယ်လို အကဲခတ်ရမိတယ်ဆိုတာတော့ မေးမကြည့်ရသေးလို့ ကျုပ် သေသေချာချာ မသိရသေး
mgyoe.com

mgyoe.com


ပေမဲ့ ကျုပ်အနေနဲ့ကတော့ မောင်တင်မြင့်ရဲ့ ကဗျာကို သိပ်သဘောကျနေပြီဆိုတဲ့အကြောင်း ရဲရဲကြီး ပြောဝံ့တယ်။ အဲဒီတော့ မောင်တင်မြင့်က ကျုပ်ကို ဆက်ပြီး လိုမ့်နေဖို့ မကောင်းတော့ပါဘူးကွယ်"

"ဦးဘတင်ပြောနေတဲ့ စကားအရဆိုရင် မိန်းမကောင်း၊ မိန်းမမြတ်တစ်ဦးဖြစ်တဲ့ ဒေါ်ဒေါ်ခင့်အပေါ် အထင်သေးစရာရောက်ပါတယ် ခင်ဗျာ"

"ကျုပ်မိန်းမအကြောင်း ကျုပ်က မောင်တင်မြင့်ထက် ပိုသိပြီးသားပါကွယ်၊ မောင်တင်မြင့်က ရှေ့နေလိုက်နေဖို့ မလိုပါဘူး။ ဒီကဗျာမှာ ကျုပ်မိန်းမကို မောင်တင်မြင့်က နောက်ပိုးပြီး ရေးပါတယ်လို့ ဝန်ခံလိုက်ရင် ကျုပ် အများကြီးတောင် ကျေးဇူးတင်လိမ့်ဦးမယ်"

"ဒေါ်ဒေါ်ခင်တင် မကတော့ဘဲ ကျွန်တော့်ကိုပါ အထင်သေး၊ အမြင်သေးစကား ပြောလာတာဟာ လွန်ပြီထင်တယ်ဗျာ"

"ကျုပ်က ကောင်းကောင်းမွန်မွန်နဲ့ အသာတကြည် ပြောနေတာတောင် မောင်တင်မြင့်က ကျုပ်ကို ဘာပြုလို့ လိုမ့်ချင်ရသလဲကွယ်။ ကျုပ်မိန်းမအတွက် ရေးပေးတယ်လို့ မှန်တဲ့အတိုင်း ဝန်ခံလိုက်ရင် ကျုပ်ကလည်း ကျေနပ်ပြီးသားပါလို့ ပြောထား မင့်ဟာ..."

"ဦးဘတင်မိန်းမကို ရေးပေးရအောင်က စိတ်ကူးထဲတောင် ထည့်ကူးလို့ မရသေးလို့ ပြောနေတာပေါ့ဗျာ"

"ဘယ်လို စိတ်ကူးထည့်လို့ မရတာလဲကွယ့်"

"ဒေါ်ဒေါ်ခင်လို မိန်းမတစ်ယောက်ကို ကျွန်တော်က စိတ်ကူးထဲမှာတောင် ထည့်ကူးလို့ မရသေးဘူး ပြောတာပေါ့"

"ဟော့...မောင်တင်မြင့်၊ မင်းဟာ ငါ့မိန်းမကို ဒါလောက်စော်ကားမနေနဲ့ကွာ။ မင်းလို ချာတိတ်မပြောနဲ့ တကယ့်လူကြီးလူကောင်းတွေထဲကတောင် ခင့်ကို ဘယ်လောက် ပိုးနေကြတယ်မှတ်သလဲ"

"ကျွန်တော့်ကို ချာတိတ်လို့ ဆိုလိုက်တာဟာ ကျွန်တော့်ကို သက်သက် စော်ကားတာပဲ ဦးဘတင်၊ ခင်ဗျားစကားကို ပြန်ရုတ်သိမ်းပါ"

"အောင်မယ်လေးဟ...လာပဲ လာသေးတော့သကွာ၊ ငါ့မိန်းမကို မင်း စော်ကားထားတာကို မင်း ထည့်မစဉ်းစားမိဘူးလား မောင်တင်မြင့်"

mgyoe.com

mgyoe.com


"ကျွန်တော် ဘာစော်ကားထားသလဲ"

"ငါ့မိန်းမလို လှတကာက ငေးကြည့်ပြီး သွားရေကျခဲ့ရတဲ့ မိန်းမလှတစ်ယောက်ကို ချာတိတ်က စိတ်ကူးထဲ ထည့်မကူးဆိုတာဟာ စော်ကားတာမဟုတ်လို့ ဘာလဲကွာ"

"လူတကာ သွားရေကျပေမဲ့ ကျွန်တော်ကမှ မကျတာကို၊ ဒါနဲ့ပဲ စော်ကားရရောလားဗျာ"

"ပြောနေရင်း မောင်တင်မြင့်ဟာ ကျုပ်အပေါ်ကိုပါ လူပါးဝလာပြီထင်တယ်"

"ဦးဘတင်ဘာသာ မယားငယ်ငယ်လေး ယူထားပြီး သဝန်ကြောင်နေတာကိုလည်း ထည့်စဉ်းစားမိရဲ့လား"

"ကျုပ်မိန်းမကို လင်ကြီးရှိမှန်း သိလျက်သားနဲ့ ပိုးနေတဲ့လူတွေ ဘယ်လောက်များ ရှိတယ်ဆိုတာ မောင်တင်မြင့် သိရဲ့လားကွယ့်"

"ဒါမျိုးတွေ ကျွန်တော် စိတ်မဝင်စားလို့ ဂရုမစိုက်ဘူး"

"ပြောနေတဲ့ကြားထဲက မင်းဟာက တော်တော် လူပါးဝလာပါလားဟေ့ မောင်တင်မြင့်၊ တခြားဟာကို ကျုပ် သည်းညည်းခံနိုင်ပေမဲ့ ကျုပ်မိန်းမအပေါ် အထင်သေး အမြင်သေးနဲ့ စော်ကားတာတော့ သည်းညည်းမခံနိုင်ဘူးဟေ့"

"သည်းညည်းမခံနိုင်ရင်တော့ မတတ်နိုင်ဘူးလေ၊ ဦးဘတင် မိန်းမလို ခုနစ်အို၊ ရှစ်အိုကြီးကို ကျွန်တော်လို နုနုထွတ်ထွတ် လူပျိုတစ်ယောက်က စိတ်ကူးထဲ ထည့်ရမယ်ဆိုတာကတော့ ရယ်စရာကောင်းလှတယ် ခင်ဗျာ"

"ဟေ့...မောင်တင်မြင့်၊ မင်းကလား ငါ့မိန်းမကို ခုနစ်အို၊ ရှစ်အိုကြီးလို့ ဆိုလိုက်တာ ငါ့မိန်းမလို ကောင်းခြင်းငါးဖြာနဲ့ပြည့်စုံတဲ့ မိန်းမမျိုး ဒီရန်ကုန်မြို့ကြီးမှာ ငါ့မိန်းမတစ်ယောက်သာ ရှိတယ်ဆိုတာကို မင်းနားလည်ရဲ့လားဟေ့။ တလောကတင် ငါ့မိတ်ဆွေ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ဦးက ငါ့မိန်းမသာ ရုပ်ရှင်မင်းသမီးလုပ်မယ်ဆိုရင် ဇာတ်ထုပ်တစ်ထုပ်ကို အနည်းဆုံး ငါးထောင်ပေးပါ့မယ်လို့တောင် ပြောဖူးတာ မင်း

mgyoe.com